တောင်တွင်းကြီးမြို့

နေရှင်နယ် ကျောင်းအုပ်ဆရာတော်

သျှင်ဇေဝန - ရေး

# ပရမတ် - အမြုတေ



တောင်တွင်းကြီးမြို့

နေရှင်နယ်ကျောင်းအုပ်

သျှင်ဇဝန

ရေး

# ပရဟိတ-အမြုတေ

ပဉ္စမ-ပုံနှိပ်ခြင်း
အုပ်ရေ-၃,၀၀၀
(၁၃၂၄-ခု၊ဝါဆိုလပြည့်)

ပုံနှိပ် ထုတ်ဝေသူ- မောင်စိုးဝင်း

ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ်-၁၂၊(ခ)
မြန်မာ့ဗျူဟာ-စာပုံနှိပ်တိုက်တွင် ပုံနှိပ်သည်။

ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ်-၁၂၊
ရွှေပြည်တန်စာအုပ်တိုက်က
မြည်လုံးကျွတ် ဖြန့်ဝေ ရောင်းချသည်။

# မာတိကာ




| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အပန်းလွှာ | ၁ |
| ၂။ | ပ-ရ-ဟ-တ | ၅ |
| ၃။ | အဓိပ္ပါယ် ဖေါ်ပြချက် | ၁၃ |
| ၄။ | သုမေဓါ၏ ပရဟိတ | ၂၀ |
| ၅။ | ဝေဿန္တရာ၏-ပရနယ်ချဲ့ပုံ | ၂၅ |
| ၆။ | သိဝိမင်းကြီး၏-ပရနယ်ချဲ့ပုံ | ၃၂ |
| ၇။ | အလောင်းတော်ရသေ့၏-ပရနယ်ချဲ့ပုံ | ၃၆ |
| ၈။ | ဗုဒ္ဓအရှင်၏ ပရဟိတလမ်းစဉ် | ၃၈ |
| ၉။ | မိဂဒါဝုံတောရဂုံသို့ | ၃၉ |
| ၁၀။ | ဗုဒ္ဓ၏ ပရဟိတ စာချွန်တော် | ၄၁ |
| ၁၁။ | ဗုဒ္ဓ၏ ပရဟိတခရီးစဉ် | ၅၁ |
| ၁၂။ | ဝေသာလီ | ၆၃ |
| ၁၃။ | ကပိလဝတ္ထု | ၆၆ |
| ၁၄။ | သာဝတ္ထိ | ၆၈ |
| ၁၅။ | ကောသမ္ဗီ | ၇၀ |
| ၁၆။ | မြို့သိမ် ရွာငယ်များ | ၇၂ |
| ၁၇။ | ဝဇ္ဇီတိုင်းအပါအဝင် ကျေးရွာများ | ၇၅ |
| ၁၈။ | သမတနိုင်ငံ ငယ်များ | ၇၆ |
| ၁၉။ | ဗုဒ္ဓ၏ နေ့စဉ်လုပ်ငန်း | ၈၄ |
| ၂၀။ | ဗုဒ္ဓ၏ ကယ်တင်ပုံ | ၈၉ |
| ၂၁။ | ပြည့်တန်ဆာ ကယ်တင်ရေး | ၉၈ |
| ၂၂။ | မာတင်္ဂါ အမျိုးသမီးလေး မြင့်တက်ပုံ | ၁၀၂ |
| ၂၃။ | အင်္ဂုလိမာလ၏ ပရဟိတလုပ်ငန်း | ၁၀၅ |
| ၂၄။ | အသောကမင်းကြီးနှင့် ပရဟိတလုပ်ငန်း | ၁၁၁ |

(ခ) မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၅။ | ပရဟိတ စေတနာရှင် ဒေါ်ခင်မူ | ၁၁၅ |
| ၂၆။ | ဗုဒ္ဓကိုယ်တိုင် မိဖမဲ့ကလေးများကို ကယ်ဆယ်ခြင်း | ၁၂၅ |
| ၂၇။ | ဘုရင့်သမားတော်ကြီး ဇီဝက | ၁၂၀ |
| ၂၈။ | အနာထပိဏ္ဍိက (ဝါ) အနာထပိဏ် | ၁၃၁ |
| ၂၉။ | ဗုဒ္ဓ၏ ပရဟိတတရား | ၁၃၇ |
| ၃၀။ | ဇေတဝန် ကျောင်းဆောက်ခြင်း | ၁၄၀ |
| ၃၁။ | ပရဟိတ ဘုရင်မကြီးဝိသာခါ | ၁၄၄ |
| ၃၂။ | ဝိသာခါ၏ ပရဟိတ ဆုရှစ်ပါး | ၁၄၅ |
| ၃၃။ | ပရဟိတ ပုဂ္ဂိုလ်များအတွက် သတိပေးချက် | ၁၅၄ |
| ၃၄။ | နိဂုံး | ၁၅၅ |

# မိတ်ဆက်လွှာ

အမှန်ကတော့ ဤပရဟိတအမြဲတေစာအုပ်ကို အမှာစာ ရေးပေးဘို့ရာ ပုံနှိပ်ပြီး စာဖေါင် အစုံကို ကျွန်တော်ဆီ ပို့ ထားသည်မှာ အတော်ကြာပါပြီ၊သို့သော်သတင်းစာတာဝန် နှင့်တကွ သတင်းထောက် ရက်တိုသင်တန်း ကိစ္စ၊ စာပေ ညီလာခံကိစ္စ စသော လုပ်ငန်းကြီးများ အကြားတွင် အချိန် အတော်ကြာ နစ်မွန်းနေခဲ့သဖြင့် ကျွန်တော်အား တာဝန် ပေးအပ် မေတ္တာရပ်ခံထားသော အမှာစာရေးပေး နိုင်ရန်ကို အချိန်မသုံးခဲ့နိုင်ပါ။

ယခု သက်ဆိုင်ရာ ကျမ်းပြု ဆရာတော် နှင့် ပုံနှိပ်ထုတ်ဝေ သူတို့၏ အကြိမ်ကြိမ် တိုက်တွန်း နှိုးဆော်မှုကြောင့် အချိန်ကို မရအရရှာဖွေပြီး ဤအမှာစာကို ရေးလိုက်ရပါသည်။

အမှာစာ ရေးသည်ဟု ဆိုသည်နှင့် တပြိုင်နက် ကျွန်တော် တွင် ပဌမ ကျမ်းပြု ဆရာတော်နှင့် ကျမ်းကိုလေ့လာဘတ်ရှုသူ များအား မိတ်ဆက်ပေးရန် တာဝန်ရှိပါသည်။

ဤပရဟိတအမြဲတေအမည်ရှိ ကျမ်းကိုပြုစုသူ ဆရာတော် ဦးဇဝနမှာ တောင်တွင်းကြီးမြို့ ဗုဒ္ဓဘာသာပြု ကျောင်းအုပ် ဆရာတော် အသျှင်ဇဝန ဖြစ်ပါသည်။

အသျှင်ဇဝနမှာ ဘာသန္တရ၊ ဒေသန္တရ ဗဟုသုတ ပြည့် ကြွယ်ဝသူ ပုဂ္ဂိုလ်မြတ်တပါးဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း

၃၀ခန့်မှစ၍ တောင်တွင်းအကျော် ပေလေးပင်နတ်မိ ဆရာ
တော် အသျှင်ဥက္ကဋ္ဌနှင့် တွဲဘက်လျက် ပရဟိတလုပ်ငန်းရပ်
များ ဇောက်ချလုပ်ကိုင် ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ် ဖြစ်ပါ
သည်။

လွန်ခဲ့သည့် အင်္ဂလိပ်များ အုပ်စိုးချိန်ကာလ မြန်မာနိုင်ငံ
ကျွန်ဘဝတွင်ရှိစဉ် ၁၉၃၂-၃၃ခုနှစ်က အင်္ဂလိပ်စာ ကို
ထွန်းတုံးပေါ် ရောက်စေရမည်-ဟူသော ကြွေးကြော်ချက်ဖြင့်
ဆရာတော် အသျှင် ဥက္ကဋ္ဌသည် တောင်တွင်းကြီးမြို့ တွင်
ဗုဒ္ဓသာသနာပြု ကျောင်းမှ တဘက်တွင် သာသနာပြု ပုဂ္ဂိုလ်
များမွေးထုတ်ရင်း အခြားတဘက်တွင် ဆင်းရဲသူဆင်းရဲသား
များ ပညာသင်ချင်လျက်နှင့် သင်ခွင့်မရသူများအား အခမဲ့
ပညာသင်ကြား ပေးနိုင်ရန် (နေ့ရှင်နယ်)ခေါ် အမျိုးသား
ကျောင်းတခုကို တောင်တွင်းကြီးမြို့တွင် တည်ထောင်ဖွင့်လှစ်
ခဲ့ပါသည်။

ထိုကျောင်းတွင် ဗုဒ္ဓဘာသာစာပေများကို နှစ်စဉ် သံဃာ
တော် စာသင်သား ၂၀၀-ကျော် ၃၀၀မျှအား သင်ကြား
ပို့ချပြီး သာသနာပြု တာဝန်များ ချထား ပေးအပ်လျက်
ရှိသကဲ့သို့ ဆင်းရဲသားမိဘမဲ့ ကျောင်းသူကျောင်းသားများ
အားအခမဲ့အင်္ဂလိပ် မြန်မာစာပေ ၂-ဘာသာ ခေတ်စာပေ
များကို သင်ကြားပို့ချ ခဲ့ပါသည်။

နှစ်စဉ်နှင့်အမျှ ကျောင်းသား ၁၀၀၀-သည်မှ ၁၅၀၀-
အထိ ဗမာနိုင်ငံ အရပ်ရပ် အနယ်နယ်မှ ပညာ လိုလားသူ
ဆင်းရဲချမ်းသာမရွေး လာရောက် သင်ယူနိုင်လျက်ရှိသည့် အ
နက်မှ ၁၅၀-၂၀၀မျှသော ကျောင်းသူ ကျောင်းသားများ

ကို စာအုပ်ဘိုး၊ အဝတ်အစား၊ စားသောက် နေထိုင်စရိတ်မှ အစ လုံးဝဥဿုံ တာဝန်ယူ ဆောင်ရွက် ခဲ့ပါသည်။

ထိုမျှ မွန်မြတ်သော ပရဟိတ လုပ်ငန်းကြီး တွင် ဆရာတော် အသျှင်ဥက္ကဋ္ဌနှင့် လက်ရေတပြင်စီး တွဲဖက်တာဝန်ယူ ဆောင်ရွက် ခဲ့ကြသော ရဟန်းပုဂ္ဂိုလ်ကျော်၊ လူပုဂ္ဂိုလ်ကျော် များအနက် ယခုကျမ်းပြုသည့် အသျှင်ဇဝနမှာ တဦးအပါ အဝင်ဖြစ်ပါသည်။

ဆရာတော် အသျှင် ဥက္ကဋ္ဌ ချမှတ် ပြဋ္ဌာန်း ထားသော လုပ်ငန်းမှုများ၊ ရည်မှန်းချက် များကို အသျှင် ဇဝန သည် အစဉ်ဦးစီး ဦးကိုင်ပြုလျက် ထမြောက် အောင်မြင် တိုးတက် အောင် လုပ်ဆောင် ခဲ့သည်မှာ ရာဇဝင်နှင့် အထင် အရှား ဗမာနိုင်ငံ တလွှား ပျံ့နှံ့ ထွန်း ကား လျက် ရှိသော တပည့် အများကို အထောက်အထား ပြုခြင်းဖြင့် ပေါ်လွင်ထင်ရှား ပါသည်။

နောက်ပိုင်း တွင်လည်း ဆ ရာ တော် အသျှင် ဥက္ကဋ္ဌ တောခ့ဆောက်တည်ချိန်တွင် လွန်ခဲ့သည့် ၁၅နှစ်ကျော်မှစ၍ ရှေးစဉ်လာမူမပျက် လုပ်ငန်း တာဝန်များ မလစ်ဟင်းရစေ ရန် အသျှင် ဇဝနသည် ယနေ့ တိုင်အောင် ထိုမည်သော ပရဟိတ လုပ်ငန်းကြီးကို ကိုယ်ဖိရင်ဖိ ကိုင်တွယ် ဦးစီးလျက် အပြင်းအထန်ကြိုးပမ်းလျက်ရှိသည်။

ယနေ့ ခေတ်အခြေအနေအရ ရှေးမြိတ်သျှများ အုပ်စိုးစဉ် ကာလ ဆရာတော်အသျှင်ဥက္ကဋ္ဌ လက်ထက်ကကဲ့သို့ ကြီးမား ကျယ်ပြန့်သော လုပ်ငန်းကြီးအဖြစ် တည်ရှိ၍ မနေစေကာမူ မိဘမဲ့ ဆင်းရဲသား ကျောင်းသူ ကျောင်းသား ၆ဝကျော်

၁၀၀မျှကို နှစ်စဉ်နှစ်တိုင်း စားသောက် နေထိုင်မှုမှ အစ ပညာသင်ကြားရေး၊ အသက်မွေး ဝမ်းကျောင်း ပညာရပ်များပါ ယနေ့တိုင် တာဝန်ယူ ပြုစုပျိုးထောင် ပေးလျက် ရှိနေပါသည်။

ထိုမည့်သော အသျှင် ဇဝနသည် ဤမည်သော ပရဟိတ အမည်ရှိသော ကျမ်းကို မိမိ၏ လက်တွေ့ လုပ်ရပ် ဖြစ်သော နှစ်ပေါင်း ၃၀-ကျော် မျှသော အတွေ့အကြုံ အစီအစဉ် အလေ့ အလာများကို အခြေခံ၍ ပြုစုထုတ်ဝေ လိုက်ခြင်း ဖြစ်ရာ ပရဟိတ လုပ်ငန်းစဉ်များ အထူးသဖြင့် လိုအပ်နေသော ပစ္စုပ္ပန် မြန်မာ နိုင်ငံတွင် အရေးပါ အရာရောက်လှပေတော့သည်။

အသျှင် ဇဝနသည် ဤစာအုပ်ကို ပြုစုထုတ်ဝေ လိုက်ခြင်းဖြင့် မွန်မြတ်သော စေတနာ အရင်းခံ ထူးကဲစွာ ထားရှိကြောင်း မှတ်တမ်း ပြုနိုင်ပေသည်၊ အဘယ်ကြောင့် ဆိုသော် မိမိကိုယ်တိုင် ထိုမျှ၍မျှ မြန်မာ ဆင်းရဲသား မိဘမဲ့ အများအပြားတို့အား ကိုယ်ဖိရင်ဖိ စောင့်ရှောက် ပြုစု ကြီးပမ်းမြှင့်တင်ရသည်နှင့် အားမရတင်းမတိမ် မရောင့်ရဲ နိုင်သေးဘဲ အခြား အခြား ပုဂ္ဂိုလ် အသီးသီး တို့အား လည်း မိမိတို့ တတ်စွမ်းသမျှ အများ ပြည်သူတို့၏ အကျိုးကို သည်ပိုးရွက်ဆောင်ကြစေလိုသော စိတ်စေတနာ မျှော်မှန်းချက်ရင့်သန်စွာဖြင့် ပေါ်ထွက်ကြ စေလိုသော ကြောင့်ပင်တည်း၊ ဗမာနိုင်ငံ အတွင်း အသျှင် ဇဝနကဲ့သို့ ပရဟိတ စေတနာရှင် ပုဂ္ဂိုလ် အများအပြား ပေါ်ထွန်းနိုင်ပါစေ-

ကိုကိုလေး။

# အပန်းလွှာ

ပရဟိတ (ဝါ) သူကျိုးပြုဟူသော မြန်မာ ဝေါဟာရ ကား-အမြင့်ဆုံး အဆင့်သို့ ရောက်ပြီးသော လူသားတို့၏ အမွန်မြတ်ဆုံးသော လုပ်ငန်းတရပ်ဖြစ်ရာ အမြုတေ ဆိုတဲ့ အတောက်အပြောင်ဆုံး(ဝါ) ကြက်သရေ မင်္ဂလာအပြည့်ဝဆုံး သရဖူကို ဆောင်ယူတပ်ဆင်နိုင်သော ပုဒ်ဘွဲ့ချုဖြစ်သည်။

သဝိညာဏက သက်ရှိသတ္တဝါ အားလုံးကို သိမ်းကြုံး ခေါ်ဆိုရာဖြစ်တဲ့သတ္တလောကကြီးကို အတ္တဟိတသတ္တဝါနှင့် ပရဟိတသတ္တဝါဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်၊ ၎င်းတို့ တွင် တိရစ္ဆာန်လောကသား အားလုံးကို အတ္တဟိတ(ဝါ) ကိုယ်ကျိုးရှာ သတ္တဝါ စာရင်းတွင် ထည့်သွင်း ရေတွက်ရ ပေမည်။

မှန်လှ၏။ တိရစ္ဆာန်လောကသားတို့သည် မိမိတို့၏ သား သမီး-မြေး-မြစ် ဆိုတဲ့ အနီးကပ်ဆုံး ပရပုဂ္ဂိုလ်များအပေါ် ၌ပင် လပေါင်း-နှစ်ပေါင်း အတော် ကြာညောင်းအောင် ပြည့်ဝသော ပရ-သဘောတရား (ဝါ)သူကျိုးပြု စိတ်ထား ကို မပွါးများနိုင်ကြချေ၊ ဒေသဝေးကွာ နေသောသီးခြား အရပ် တပါးတို့၌ မွေးဖွါးကြသော အများ သတ္တဝါတို့၏အပေါ်တွင် အဘယ်မှာလျှင် ပရသဘောထားနိုင် ပွားနိုင်ချိမ့်မည်နည်း၊ ယင်းတို့ဖြစ်ရာ ပရဟိတဆိုတဲ့ သူကျိုးပြုသဘောတရားသည် လူသားလောကနှင့် တိရစ္ဆာန် လောကတို့၏ အကြား ထင်

လျှားသော မျဉ်းကြောင်း သားရာ၌ ပဓာန လက်သယ်ဖြစ်ကြောင်း ပြင်းချက် မထုတ်နိုင်အောင် ထင်လျှားသည်။

မှန်လှချေ၏။လူသားသည် အစုအဒှုပ်နှင့် နေထိုင်လုပ်ကိုင်စားသောက်ရမှ ကျေနပ်ဖောင့်ရဲသောသတ္တဝါဖြစ်၏၊ထိုသည့် အစုအအုပ်သည်လည်း တဦးတည်း (ဝါ) တယောက်ထည်းနှင့်တည်ဆောက်နိုင်တဲ့ အရာမဟုတ်ချေ၊မိမိမှတပါး အခြားသူတွေ(ဝါ)ပရပုဂ္ဂိုလ်တွေအများကြီးကိုသိမ်းသွင်းစုပေါင်းထားရာ အစည်းအရုံးသာလျှင် ဖြစ်ချေသည်၊ ထိုအစည်းအရုံးတွင် ပါဝင်နေသော ပရပုဂ္ဂိုလ်တို့၏ လောကီကျိုးလောကုတ္တရာကျိုး တိုးပွားစည်ပင်မှုကို ပြန်ဂဏန်း မထားဘဲ ဆောင်ရွက် လုပ်ကိုင်ခြင်း အားပေးကူညီခြင်း စသောကာယကံမှု ဝစီကံမှုတို့သည် ပရဟိတ လုပ်ငန်းများ ဖြစ်ချေသည်။

ထို့ကြောင့် ပရဟိတ လုပ်ငန်းများ တိုးတက်ကြီးထွားသလောက် ဤကမ္ဘာလောကရှိ လူသား၏ အခြေအနေနှင့် အဆင့်အတန်းလဲ တိုးတက်မြဲ ပွါးစီးမြဲ ဖြစ်ချေသည်၊လိုရင်းမှာကိုယ်ကျိုးရှာတရား ခေါင်းပါးလေလေ လူသား၏ အခြေအနေ မြင့်တက်၍ လာလေလေ ယင်းသို့ မြင့်တက်၍ လာသဖြင့်တောတွင်းနေ လူသား၏ မိတ်ဆွေရင်းများနှင့် လူသားဝေးကွာ၍ သွားလေလေ ဖြစ်ရိမ့်မည်။

အမြုတေ ဆိုတဲ့ ဝေါဟာရ စကားလုံးမူကား အမဓေဲ ဟူသော မြန်မာ အသုံးအနှုန်း၏ ပရိယာယ် တခုဖြစ်ရာ အမရစ်တ (ဝါ) အမတ–ဟူသော သက္ကတနှင့် ပါဠိဘာသာ

ဘို့မှတဆင့် ကူးယူပုံသွင်းထားတဲ့ စကားလုံးဖြစ်ချေသည်၊ မသေနိုင် မကြေနိုင် ဟူသော အနက်အဓိပ္ပါယ်ကို ဆောင်တဲ့ ပုဒ်ဖြစ်သည်။

ပရဟိတ- ဟူသောပုဒ်တွင် ဤအမြုတေ ဆိုတဲ့ ပိုဒ်ကို တွဲစပ်၍ ထည့်လိုက်လျှင် မသေနိုင် မပျက်နိုင် အလွန်ကြံ့ခိုင်တဲ့ လုပ်ငန်းတရပ်ဖြစ်ကြောင်း ထင်လျှားလာသည်။

ဤလုပ်ငန်းကား လောကီနယ်ပယ်၌ ပရဟိတဟူသော အမည်နာမံကို ခံယူပြီးလျှင် လောကုတ္တရာ နယ်ပယ်အတွင်းသို့ ရောက်လာတဲ့ အချိန်တွင် အနတ္တဆိုတဲ့ မြွေသရဖူဖြင့် ဝင့်ထယ်လျက်ရှိပေလိမ့်မည်။

အမှန်ကိုတိကျစွာ ဆိုရလျှင် ဗုဒ္ဓရှင်တော်ဘုရား၏ အနတ္တသဘောတရားကို ပိုင်ပိုင်နိုင်နိုင် သဘော သက်ဝင်နိုင်သူတို့သည်သာလျှင်-လောကီနယ်ပယ် အကျယ်ကြီး အတွင်းဝယ် တွင်တွင်ကျယ်ကျယ် ပရဟိတဆိုတဲ့ သူ့ကျိုးပြု လုပ်ငန်းကို ကြီးပမ်း ဆောင်ရွက်နိုင်သကဲ့သို့ ထို့အတူပင် လောကီနယ် အတွင်း၌ ပရဟိတ လုပ်ငန်းတွင် လုပ်သား ကျင့်သားရ၍ အချိုးကျ လက်သေနေသူတို့သည်သာလျှင် လောကုတ္တရာဆိုတဲ့ ဗုဒ္ဓ၏ နယ်ပယ်အတွင်းသို့ ဝင်ရောက်မိတဲ့အခါမှာ အနတ္တသဘောကို လျှောကနဲပေါက်၍ သွားနိုင်လေသည်။

လောကီနှင့် လောကုတ်တို့သည် အချင်းချင်း မှီတွယ်ယှဉ်ကပ်၍ ငါးသန်းရွက်လို အမြဲဘမ်း ပူးစပ်လျက်နေသည် မဟုတ်တုံလော၊အနတ္တသဘောတရားသည် လူသားကို ပုထုဇဉ်နှင့် အရိယာဟူ၍ ခွဲခြားရာ၌ ဦးဆောင် ရှေ့သွားဖြစ်သ

လို ပရဟိတ သဘော တရားသည် သက်ရှိဇီဝလောကကို လူသားနှင့် တိရစ္ဆာန်ဟူ၍ ခွဲခြားရာတွင် ပဓါန အရင်းခံ လက်သယ်ဖြစ်ချေသည်။

ထို့ကြောင့် လောကလူသားအားလုံးတို့သည် ပရဟိတ ဆိုတဲ့ သူကျိုးပြု လုပ်ငန်းကို အပန်းတကုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ကိုယ်ကို မိမိတို့ ကယ်တင်ရန် များစွာလိုလား အပ်ချေသည်။

သူကျိုးပြု လုပ်ငန်း၌ ရင့်ကျက်လေလေ အနတ္တဖက်သို့ တိုးတက်လေလေ၊ ယင်းသို့တိုးတက်ခြင်းဖြင့် လောကီနယ်မှ အလျှင်အမြန် လောကုတ်နယ်သို့ ကူးပြောင်းနိုင်လေလေ ဖြစ်ကြစေရန် အလို့ငှါ ပရဟိတ အမြေပြဟော (၀၁) သူကျိုးပြု အဓိဘော-မည်သောစာဆောင်ငယ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ရပါသတည်း။

သျှင်ဇောဝန
(၁-၇-၆၂)

# ပ-ရ-ဟ-တ

**စမလေးလုံး၊ ဗုဒ္ဓသုံး၊ ကပ်ဆုံးကျော်ခဲ့သည်။**

**နှောင်းလူအားလုံး၊ လိုက်နာသုံး၊ နိဂုံးမရှိတိုးလိမ့်မည်။**

**သဗ္ဗညု စမလေးလုံး** ဤစာ လေးလုံးကား ဗုဒ္ဓတန်ခိုး ပြည့်ဖြိုး လျှ၏၊ ၎င်းကိုတိကျစွာ အသုံးပြုသူ မှန်သမျှ ကပ္ပါ အထွဋ်အထိပ်သို့ ရောက်ခဲ့ပြီ။ ၎င်းသည် သဗ္ဗညု စမဖြစ်ခဲ့၏၊ ထိုကြောင့် ၎င်းသည် မသွေမဖိ တည်တံ့ ခိုင်မြဲစွာ ကျင့်သုံးလိုက်နာသူ ဟူသမျှတို့ကို ဘဝ၏ တဘက်ကမ်းသို့ တက်လှမ်းစေခဲ့ပြီ။

ကပ္ပါရာဇဝင်ကို သေချာစွာ လေ့လာစမ်းလော့။

ဘုရားဘွဲ့ခံ ပုဂ္ဂိုလ်တိုင်း၊(ဝါ) ကပ္ပါ ရှေ့သွားမှန်သမျှ၊ (ဝါ)လူမျိုးရေး၊ နိုင်ငံရေး၊ ကြီးပွါးရေး၊ စီးပွါးရေး တို့၌ ဦးဆောင်မှုပေးသူမှန်သမျှတို့သည် ဤစမ-လေးလုံးကို စနစ်တကျ ဘောင်ကိုက်အံကိုက် အသုံးပြုနိုင်သော အစွမ်းကြောင့်သာလျှင် နောက်ဆုံးပိတ် ကပ္ပါ့အထွဋ်အထိပ်သို့တိုင် ရောက်အောင် တက်လှမ်း နိုင်ခဲ့လေသည်၊ ၎င်းတို့ သည်သာလျှင် ကပ္ပါကယ်တင်ရှင်များ အားထား မှီခိုရာများ၊ ဦးဆောင် ပဲ့ထိန်းများ ဖြစ်ခဲ့ကြလေပြီ၊ ၎င်းစမ လေးလုံးကို ရာနှုန်းပြည့် အသုံးပြုနိုင်သူတို့သာလျှင် ကပ္ပါသုခသိုက်၏ သော့ကိုင်များ ဖြစ်ခဲ့ကြလေပြီ။

**ပရနှင့်အတ္တ နှိုင်းယှဉ်ချက်** ၎င်းစမ လေးလုံးတို့တွင် (ပ)ကား- မိမိ ဟူသောအတ္တကို အပါဒါန် ခံပြီးလျှင် မိမိမှတပါး အခြားသော သက်ရှိ သက်မဲ့ သတ္တဝါသင်္ခါရကို ဟောသည်။

(ရ)အက္ခရာကား-ရက္ခဏာအခြင်းအရာ စောင့်ရှောက်မှု၊ ထိမ်းမှု၊ သိမ်းမှု သဘောအလာကို ညွှန်ပြသည်။

(ဟ)ဆိုတဲ့စမကမူ- အတ္တကို ပယ်နုတ်၍ မိမိ၏ အကျိုးမပါ(ဝါ)ကိုယ်ကျိုးဗလာ များစွာသော သက်ရှိ သတ္တဝါတို့၏ ချမ်းသာစည်းစိမ် ဂုဏ်သိမ်အမျိုးမျိုး၊ ဒီရေအသွင်၊ အစဉ်တိုးတက်မှု သဘာဝကို ဆောင်သည်။

နောက်ဆုံးဖြစ်သော (တဝမ်းပူ) စမသည်ကား-အထက်၌ ဖေါ်ပြခဲ့ပြီးအတိုင်း မဆိုင်းမတွ အဘက်ဘက်မှ တိုးတက်ပွားများ ကြီးထွားလာသောအရာဟူသမျှကို ယုတ်ခြင်း၊လျော့ခြင်း၊ တိမ်းခြင်း၊ စောင်းခြင်း၊ မည်းကွက်ရောင်ညှိုး ပုပ်သိုးခြင်းတို့မှကင်းစင်၍ တည်တံ့ ခိုင်မြဲခြင်း ဟူသော အနက်ကို ဆောင်လေသည်။

သို့ဖြစ်ရာ အတ္တ- ပရ နှစ်ဝသော သဘောနှင့် ဤကပ္ပါကို ချိန်စက်၍ ကြည့်ခဲ့လျှင် အတ္တ(ဝါ)မိမိကား- တခုတည်းသာဖြစ်၍ ပရမှာ ၎င်းမိမိဟု ဆိုအပ်တဲ့ အတ္တမှတပါး အခြားသတ္တဝါ သင်္ခါရ အားလုံးကို သိမ်းကျုံး ရေတွက် နိုင်သောကြောင့် ချိန်ခွင်လျှာမယှဉ်သာအောင် အပုံကြီး အများကြီး တပုံတခေါင်းကြီးသာလျက် ရှိနေချေသည်။

ဤစမ လေးလုံး ဆိတ်သုဉ်းနေသော အခါ ကပ္ပါသည် မျက်ရည်တွေစို၊ တပေါက်ပေါက်ယို၍ အမြဲတမ်း ငိုပွဲဆင်ခဲ့သည်၊ သို့ရာတွင် ထိုသည့် စမလေးလုံးကို အသုံးပြုသူ ပေါ်ထွန်းထွက်ပြုလာသည်နှင့်တပြိုင်နက် နှစ်သက်ပီတိ ဆိထိငွမ်းလို တကမ္ဘာလုံး ပျော်မဆုံး ရွှင်မဆုံးဖြစ်ခဲ့ချေပြီ၊ ပန်းရုံတွေ ပျားပိတုန်းမော ပျော်ပြုံး၍လာတတ်လေသည်။

ဆိုလိုရင်းမှာ–ကျွန်ုပ်တို့၏ ကပ္ပါသည် အလိုမပြည့်မှု ဟူသော အကြောင်းကြောင့် အမြဲတစေ ပူပင်ကိုယ်နွမ်း၊ ပန်းလျက်နေခဲ့လေသည်၊ ထိုကြောင့်လည်း အေးမြသော တောတောင်စခန်းနှင့် ကြည်လင်သော စိမ့်စမ်းကို အမြဲတစေ မျှော်မှန်းလျက် နေခဲ့လေသည်။ ထိုကြောင့်လည်း ကပ္ပါ၏ သုခရိပ်သာကို ဥုံဖွမသုံး ဆေးကြိမ်လုံးမဆောင်ဘဲ ရတ်ချင်းတည် ဆောင် ဖန် ဆင်း နိုင် မည့် (ပ-ရ-ဟ-တ) စမ ပေါက်ဝိဇ္ဇာဓိုရ်ကို အာရုံတမ်းလျက်၊ မျှော်မှန်း နေခဲ့လေပြီ။

အကြင်အခါ အကြင်ကပ္ပါ၌ ထိုသည့် (ပ-ရ-ဟ-တ) စမ လေးလုံးပေါက်တဲ့ ဝိဇ္ဇာဓိုရ် များ ပေါ်ပေါက်လာခဲ့ငြားအံ့- ထိုအခါ ထိုသည့်ကပ္ပါ၌ ငိုပွဲ၊ ယိုပွဲ၊ ပူပန်ပွဲတွေ အကုန်လုံး ရပ်စဲသွားပေလိမ့်မည်။ ပျော်ပွဲ၊ ရီပွဲ၊ ပြုံးရွှင်ပွဲတွေ ခြိမ့်ခြိမ့်သဲ၍ နေပေလိမ့်မည်။ ထိုကပ္ပါကား နတ်ပြဟ္မာတို့၏ ပြုစုစရာ ဘုံရိပ်သာဖြစ်၍ လာပေလိမ့်မည်။

**ပရဟိတ**
**မဟာကရုဏာရှင်**

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ခန့် အချိန်မှစ၍ ယနေ့တိုင်သော ကပ္ပါ ရာဇဝင်ကို လေ့လာခဲ့လျှင် အချို့

သော ကပ္ပါ အစိတ်အပိုင်းတို့တွင် (ပ-ရ-ဟ-တ) ဟူသော စမလေးလုံးကို တိကျစွာ အသုံးပြုခဲ့ကြတဲ့ ကပ္ပါ ကယ်တင်ရှင်တို့ကို တွေ့မြင်ရလေသည်။ ၎င်းတို့အနက်မှ ဗုဒ္ဓအရှင်ကို ဥဒါဟရုဏ်အဖြစ် ထုတ်ဆောင်၍ ကြည့်ရှုရာ၏။ ဗုဒ္ဓသည် အဘယ်ကြောင့် ကပ္ပါအထွဋ်အထိပ်သို့ ရောက်အောင် တက်စွမ်းနိုင်ခဲ့သနည်း ?

အမှန်မှာ- ဤစမလေးလုံးကို တင်းပြည့်ကျပ်ပြည့်(ဝါ) အချိန်နှင့် ဝီရိယ ရာနှုန်းပြည့် အသုံးပြုခဲ့ခြင်းကြောင့်ဟူ၍ အဖြေပေးခဲ့လျှင် မှားယွင်းမည် မဟုတ်ချေ။

ဗုဒ္ဓသည် သုမေဓါ ရသေ့ဘဝ၌ ကိုယ်ကျိုးဟု ဆိုအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို လက်ဆုတ် လက်ကိုင် ကိုယ်ပိုင်ရရှိနိုင်ခဲ့သည် မဟုတ်တုံလော ?

ထိုသို့သော သုခလာဘ်ကြီးကို ရက်ရက်ရောရော နှမြောခြင်းမရှိ စွန့်ပစ်ခဲ့သည် မဟုတ်တုံလော ?

ဒါန၊ သီလ စသော ပါရမီတရား(ပ-ရ-ဟ-တ)များကို မနားမနေ အသေအကျေ နောက်မဆုတ်ဘဲ အားထုတ်ပြုလုပ်ခဲ့သည် မဟုတ်တုံလော ?

လေးသင်္ချေနှင့် ကပ္ပါတသိန်းမျှသော ကာလအတွင်း၌ (ပ-ရ-ဟ-တ)ဟူသော ဆေးကြိမ်လုံးကို ထာဝစဉ် အသုံးပြုခဲ့သည် မဟုတ်တုံလော ?

နောက်ဆုံးဖြစ်တဲ့ ပစ္ဆိမဘဝကို ကြည့်ရှုစမ်းပါဦး။

**အတ္တဟိတကို ပရဟိတနဲ့လဲခြင်း** အလောင်းတော်သည် ပြိုင်ပွဲ အမျိုးမျိုးတွင် အောင်ပွဲဆင်နိုင်ခြင်းကြောင့် အောင်ဆု၊ အောင်လာဘ်အဖြစ်ဖြင့် ရရှိအပ်သော ယသော်ဓမခင် ရွှေရင်အိကို အဘယ်ကြောင့် ရက်ရက်စက်စက် စွန့်ပစ်လေသနည်း။

ထိုမျှမက အရွဲ၊ အရွဲနှင့် လူလောကထဲသို့ ချင်းနင်း ဝင်ရောက်စဖြစ်သော နီနီတွေးတွေး သားငယ်ကလေးကို ချစ်သွေးမငင်၊ တစိမ်းပြင်ပြင်ကဲ့သို့ လျစ်လျူရှုကာ အဘယ်ကြောင့် ဥပေက္ခာ ပြုနိုင်ခဲ့လေသနည်း။

ထီးရော နန်းပါ၊ ဇိမ်ရော၊စည်းစိမ်ပါ၊ မယားရော သားပါ၊ မိရော ဖပါ၊ ဆွေရော မျိုးပါ၊ တိုတိုရှင်းရလျှင် အားသုံးသော လူသား၏ မက်စရာ စွဲစရာတွေကို အဘယ်ကြောင့် ခွဲခွါနိုင်ခဲ့လေသနည်း။

(ပ-ရ-ဟ-တ) လမ်းစဉ်ကို အကျယ်ပြန့်ဆုံး၊ အထိရောက်ဆုံး လိုက်နာကျင့်သုံးနိုင်ရန်အတွက် မိမိနှင့်နည်းများမဆို ဆက်စပ်လျက် ရှိသော အတ္တဟိတများကို ခွဲခွါစွန့်ပစ်ခဲ့သည် မဟုတ်တုံလော?

မှန်လှ၏။ အတ္တဟိတ သဘောတရားများသည် (ပ-ရ-ဟ-တ)လုပ်ငန်းစဉ်၌ ဖု-ထစ်များ ဖြစ်တတ်ကြကုန်၏။ ထိုကြောင့် ထိုမပြေမပြစ်သော ဖုနှင့်ထစ်များကို ခုတ်ထစ် နှုတ်ထွင်ရေးအတွက် ဇွဲသည် လေးသချေနှင့် ကပ္ပါတသိန်းမျှသော ကာလတောင်တာကို(ပရဟိတ)လုပ်ငန်းဆောင်ရွက်ရာ၌ အသုံးပြုခဲ့ရလေပြီ။

ယင်းသို့ အသုံးပြုပြီးနောက် ဗုဒ္ဓအဖြစ်သို့ ရောက်သော အခါ စရထကိဂျဝေ-ဟုအစရှိသော အမိန့်တော် ပြန်တမ်းဖြင့် ကပ္ပါလူသားထုတရပ်လုံး၏ တိုးတက် ကြီးပွားရေး၊ ကြည်လင်ရွှင်ပြရေးကိုဦးဆောင်ပေးရန် ပရဟိတဝန်ဆောင် ရဟန်းတော်များကို စေလွှတ်ခဲ့လေပြီ။

ထိုခြောက်ကျိပ်သော ရဟန်းတော်တို့ကား— ကပ္ပါ ရာဇဝင်၌ ပထမ ရွေးဦးစွာ စေလွှတ်ခြင်းခံရသော ပရဟိတ သာသနာပြုများ ဖြစ်ခဲ့လေပြီ။ ၎င်းတို့၏ ကိုယ်ကျိုးမငဲ့သော အားထုတ်ကြိုးပမ်းမှုကြောင့် ဗုဒ္ဓအရှင်၏ ပရဟိတ လုပ်ငန်းစဉ်ကြီး ခရီးတွင်ခဲ့လေပြီ။

ယခုအခါ ကပ္ပါခြိစည်းရိုးနှင့် အကာအရံတံတိုင်းမှန်သမျှကို ဖောက်ထွင်းချိုးဖျက်၍ သူ့ပိုင်နက်၊ ငါ့ပိုင်နက်မခွဲခြားဘဲ ပြည်နယ်အသီးသီးသို့ ဝင်ရောက်ခဲ့လေပြီ။

၎င်းပရဟိတလမ်းစဉ်ကြီးကို အထွန်းကားဆုံး ပြောင်မြောက်ဆုံးသို့ ရောက်အောင် ပို့ဆောင်အားထုတ်နိုင်သော တိုင်းပြည်နိုင်ငံသည် ကပ္ပါအလယ်၌ မျက်နှာငယ် ဇာတ်သိမ်းနိုင်လေပြီ။

ကပ္ပါအထွဋ်အထိပ်ဖြစ်သော အခြေအနေအထိ လှမ်းတက်နိုင်လေပြီ။

ထိုမျှမက မြင့်မားလှသော မိမိတို့ရောက်ရှိနေတဲ့အခြေအနေမှ အောက်သို့တဖန် ပြန်သည်၍ လျှောမကျစေရန်ကိုလည်း ထိုသည့်(ပ-ရ-ဟ-တ)လမ်းစဉ်ဖြင့်သာ ထိန်းသိမ်းနိုင်ခဲ့လေပြီ။

**ဗုဒ္ဓ၏ တိုက်တွန်းချက်**

ထိုကဲ့သို့သော ပ–ရ–ဟ–တ လမ်းစဉ်ကြီး ကို တည် ထွင် ပြီး လျှင် ဗုဒ္ဓ အ ရှင်သည် ပထမသုံးလအလွန်တွင် ပရဟိတဝန်ဆောင် ၆၀-တိတိရရှိခဲ့လေသည်၊ ထိုသည့် ပ-ရ-ဟ-တ ဝန်ဆောင်တို့ကို တနေရာတည်း စု၍ထားတော်မမူဘဲ ရဟန်းတို့သွားကြကုန်လော့။ နှစ်ပါးမတွဲဘဲ တပါးစီ တပါးစီခွဲ၍ သွားကြကုန်လော့။ အများလူထု၏ ချမ်းသာရှင်ပြရေးဆိုတဲ့ (ပ-ရ-ဟ–တ)လုပ်ငန်းစဉ်ကို တွင်တွင်ကြီး ဆောင်ရွက်ကြလော့။

စ၊လယ်၊အဆုံး သုံးပါးလုံး၌ နှလုံးချမ်းမျှ အပြင်အနာအဆာ မရှိသော(ပ-ရ-ဟ-တ)ဒေသနာကိုပြည်ရွာအသီးသီး၊ မြို့ကြီးအသွယ်သွယ်၊တိုင်းကြီးတိုင်းငယ်၊ ကျေးလက်နယ်ပယ်ဟူသမျှသို့ လှည့်လည်ဟောပြောကြကုန်လော့၊ ကမ္ဘာ၏အပူဘေးကို(ပ–ရ–ဟ-တ)အမြိုက်ဆေးဖြင့် အေးမြကြစေကုန်လော့။

**တိမ်ကောနေသော ဗုဒ္ဓလမ်းစဉ်**

ထိုသည့် ဗုဒ္ဓအခါန်တော်ကို နှာခံရသောခန္ဓမှအစပြု၍ ဗုဒ္ဓ၏(ပ-ရ-ဟ-တ)အဖွဲ့ဝင်ဘိက္ခုများတို့သည် ကမ္ဘာ၏သဘာဝ အတားအဆီးဟူသမျှကို မြှုံ့လောက်ပင်မှတ်မထင်ဘဲ ကမ္ဘာတခွင် ပြံပြစ်အောင် ကြွသွားကြကုန်၍ (ပ–ရ–ဟ–တ) မီးရှူးတန်ဆောင်ကို စိုက်ထောင်ခဲ့ကြလေသည်။

၁၃၂၄

ထိုသည့် နှောင်းခေတ် လွန်ပြီး တွင် ကား ဗုဒ္ဓအရှင်၏ အာဘော်ရင်းဖြစ်သော (ပ-ရ-ဟ-တ) သဘောတရားများ တစတစ တိမ်မြုပ် ကွယ်ပခြင်းသို့ ရောက်သွားကြလေသည်။

ထို့ကြောင့် ရဟန်းတို့ ချီတက်ကြလော၊ နှစ်ပါးမတွဲ၊ တပါးစီခွဲ၍ ဒေသစာရီ ကြွချီကြလော့။

လောကလူထုကြီးတရပ်လုံးအတွက် အကျိုးပြုလုပ်ငန်းကို ထမ်းရွက်ကြလော့။

အစ၊အလယ်၊ အဆုံး သုံးပါးလုံး၌ ဘဝ၏ဖြူစင်သော နမူနာကိုပြကြလော့ဟူသော ဗုဒ္ဓ၏အမိန့်စာချွန်တော်ထမ်း၍ ပင်ပန်းမောဟိုက် အန္တမ်းဆိုက်နေသော လူသားတရပ်လုံး ကို ကယ်တင်ရန်ပြဋ္ဌာန်းချက် ရှိသော(ပ-ရ-ဟ-တ) အဖွဲ့ဝင် အားလုံးပြုံးပြုံးရွှင်ရွှင် မိမိတို့၏(ပရဟိတ) လုပ်ငန်းခွင်၌ အစဉ်အမြဲအားခဲကြိုးကုတ် မဆုတ်မနစ်သော စိတ်ဓါတ်ဖြင့် အပြတ်အသတ် ဆောင်ရွက်စိမ့်သောငှါ ဤ **(ပ ရ ဟိ တ အမြုတေ)** စာ စောင် ဖြင့် မြေ တောင် မြှောက် အပ် ပါ သတည်း။

# ပရဟိတ–အမြုတေ

## အဓိပ္ပါယ်ဖေါ်ပြချက်

ဤပရဟိတဟူသော ဝေါဟာရကား–အမတေါ်ဖြင့် လွှမ်းပတ်စိမ့်ထုံ၍ ထားအပ်သောကြောင့် အမတေါ်နှစ်၊ မသေမျိုးအစစ်၊ အမြုတေအဖြစ်သို့ ဆိုက်ရောက်နေတဲ့ ပုဒ်ကလေးတခု ဖြစ်၍ နေလေပြီ။

ထို့ကြောင့် ထိုသို့အမြုတေစာရင်းဝင်ဖြစ်နေသော ပုဒ်ကလေးကို နှတ်နှတ်ပါအောင်စင်းပြီးလျှင် အကွင်းလိုက် အကွင်းလိုက် ၎င်း၏အနက်အဓိပ္ပါယ်ကို ဖေါ်ထုတ်ရန် လိုသေးသည်။

၎င်းကို ဤသို့ခွဲစိတ်လိုက်သောအခါပရ–တပုဒ်, ဟိတ–တပုဒ် ရရှိ၍ လာလေသည်။

ဟိတ–ဆိုတဲ့ဒုတိယပုဒ်ကလေးရဲ့အနက်အဓိပ္ပါယ်ကား မြားမြောင်လှစွာ၏။ ၎င်းတို့အနက်မှ လာဘဒါယက(၀၁) အကျိုးပြုခြင်းနှင့်မင်္ဂလာကာရက(၀၁)အသရေဆောင်ခြင်း ဟူသောအဓိပ္ပါယ်နှစ်ရပ်ကိုသာ ဤနေရာ၌ လိုအပ်လေသည်။

ပရ–ဟူသော ပထမပုဒ်ကား–မိမိမှတပါး အခြားသော သတ္တဝါသခ်ါရကိုဟောသည်။ ဤသို့အားဖြင့် ဤပုဒ်နှစ်ခုကို

ပေါင်းစပ်လိုက်သောအခါ မိမိမှတပါးအခြားသောသုခိတ (ဝါ)ဒုက္ခိတသတ္တဝါတို့ရဲ့အကျိုးဆောင်မှု (ဝါ)ဝန်ထမ်းမှု ဟူသော သဘောအနက် ပေါ်ပေါ်ကြီး ပေါ်ထွက်၍လာလေသည်။

**ပရနယ်မယ် ပမာလာ** တဖန် ဟိတ-ဆိုတဲ့ပုဒ်သည်အကျိုးဆောင်မှု (ဝါ)ဝန်ထမ်းမှုကိုဟောသဖြင့် လုပ်ငန်းကို (ဝါ)အလုပ်ကို လူသားသို့ ညွှန်ပြသည်၊ ထိုပြင်ပရ—ဟူသောပုဒ်ကမူ ထိုသည့်လုပ်ငန်းဆောင်ရွက်ရာ နယ်မြေကိုဖေါ်ထုတ်သည်။တိုက်ခိုက်နေသော စစ်ပွဲနှင့် ၎င်း၏ ဖြစ်ပွားရာ နယ်မြေများ ဆက်သွယ်လျက်ရှိနေကြသကဲ့သို့ပင် တည်း။

တိုက်ခိုက်နေသောစစ်ပွဲတခု၏အကြီးအငယ်ကိုဖြစ်ပွားရာ နယ်မြေ၏ အကျယ်အကျဉ်းတွင် အခြေခံအထောက်အထား ပြု၍ဆုံးဖြတ်ရသကဲ့သို့ပင် ဟိတ၏ ကြီးမားမှုနှင့် နည်းပါးမှု ကိုလည်း ပရ-သဘော ကျယ်ပြန့်မှုနှင့် ကျဉ်းမြောင်းမှု အားလျော်စွာ ခန့်မှန်းနိုင်လေသည်။

၎င်းအချက်ထင်ရှားစေရန် တိရစ္ဆာန်နှင့် လူသားကို ဥဒါ ဟရဏ်ဆောင်၍ကျည့်ရှုရာတိရစ္ဆာန်တို့မှာပရ-နယ်သား အလွန်ကျဉ်းမြောင်းလှချေ၏၊ အနီးကပ်ဆုံးဖြစ်တဲ့အမိအဖနှင့် သားသမီးဟူသော ပရသဘာဝပင် တိရစ္ဆာန်တို့၌ နှစ်ရှည်လ များခံသည်ကိုတွေ့နိုင်ရန် ခဲကော်လေသည်။မိဘက **သားသမီး** ဟူသော ပရ-သတ္တဝါတို့၏ အကျိုးကိုဆောင်ရွက်မှုကား—

အလွန်ကြီးရှားပါးလှစေကာ တိရစ္ဆာန်လောက၌ မတွေ့နိုင်သော သဘာဝကား မဟုတ်ပါပေ။

သို့ရာတွင် သားသမီးက မိဖ-ဟူသော ပရ၏ဝန်ကို ထမ်းဆောင်မှုမှာ တိရစ္ဆာန်လောက၌ တောင်ထိပ်ကြားပေါက်၊ အနောက် နေထွက်ပင် ဖြစ်၍နေချေသည်။

အမှန်မှာ-လူသားသည်ပင် အကြင်အခါ၌ ၎င်း၏ ပရ-နယ်ပယ် ကျဉ်းမြောင်းလှပေ၏။ ထိုအခါ၌ တိရစ္ဆာန်တို့နှင့် ဆိုးတူ ကောင်းဖက် တောနက်တပိုက်တွင် ကျင်လည် ကြက်စားခဲ့ရလေပြီ။ ၎င်း၏ ပရ-နယ်ပယ် ကျယ်ဝန်း ပျံ့ပြူး၍လာလေလေ ၎င်းသည် တောတွင်းနေ မိတ်ဆွေတိရစ္ဆာန်များနှင့် ပိုမိုကွာဝေး၍ လာလေလေ ဖြစ်ခဲ့ပြီ။

**ပရနယ် ကျယ်လာခြင်း** လူသားသည် မွေးဖွါး၍ လာပြီးနောက် နှစ်ပေါင်းများစွာ မကြာမြင့်မီ အမိနှင့် အဖ-ဟူသော ပရ-ပုဂ္ဂိုလ်များကိုသိမြင်လာလေသည်။ ပိုမို၍ရက်ရှည်လများဖြစ်လာလေလေ ၎င်းတို့အတွက် ဝန်ထမ်းစိတ်များ တိုးတက်ကြီးထွား၍ လာလေလေ ဖြစ်တော့သည်။

ထိုမိဖနှစ်ဦးမှတပါးအခြားသော မိကြီး၊ မိထွေး၊ ဘကြီး ဘထွေးစသော သွေးသားဆက်စပ်သည့် ပရပုဂ္ဂိုလ်များလည်း တစတစ ၎င်း၏ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ တိုးပွါး၍ တိုးပွါး၍ လာမြဲ ဖြစ်ချေသည်။

ထိုနောက် ထိုသည့် မိနှင့်ဖ-ဟူသော ပရ-ပုဂ္ဂိုလ်နှစ်ဦးမှ ယောကျ်ားကလေးဖြစ်စေ၊ မိန်းမကလေးဖြစ်စေ မွေးဖွါး

ပေါ်ပေါက်၍ လာပြန်လေသည်။ ၎င်းတို့သည် ညီငယ်၊ နှမငယ်ဟူသော နာမပညတ်တို့ကို ဆောင်လျက် ထိုလူသား တယောက်အတွက် ချစ်စရာ ခင်စရာကလေးများ (ဝါ) ဝန်ထမ်း၍ အကျိုးပြုစရာ ပရ-ပုဂ္ဂိုလ်ကလေးများဖြစ်၍ လာကြကုန်၏။

၎င်းတို့မှ အစပြု၍ ပုဂ္ဂိုလ်တယောက်၏ အိမ်နီးနားချင်းတို့သည်၎င်း၊ တရပ်ထည်း တရွာထည်း၊ တမြို့ထည်း၊ တနယ်ထည်း၊ တနိုင်ငံထည်း၌ နေထိုင်ကြကုန်သော လူသားတို့သည် ၎င်း ထိုသူ၏ ပရ-နယ်သားများဖြစ်၍ လာနိုင်ကြကုန်၏။ ထိုထက်ပို၍ တိုးတက်နိုင်လျှင် ပရ-နယ်ကို တိုက်ကြီးများနှင့် ချီ၍သော်၎င်း၊ ကမ္ဘာကြီး တခုလုံးနှင့် ချီ၍သော်၎င်း တိုးချဲ့နိုင်လေသည်။

**ဗုဒ္ဓကျင့်စဉ် သုံးမျိုး**

ဤသို့အားဖြင့် ပရ-နယ်ကို အဆုံးသတ် အပိုင်းအခြား ကာလနားမရှိအောင် ချဲ့နိုင်လေသည်။ အတ္တဟူသော ကိုယ်ရေးကိုယ်တာ ကိုယ့်အဖို့ ကိုယ့်အရာ နယ်ချဲ့မှုကား စက်ဆုပ်ရွံမုန်း အော့နှလုံးနာဖွယ်ကိစ္စဖြစ်စေကာ ပရ-နယ်ချဲ့မှုကား အကောင်းဆုံး အမွန်မြတ်ဆုံး ကမ္ဘာသုံး၊ သတ္တဝါသုံး၊ ကြက်သရေအရှိဆုံး မင်္ဂလာအရှိဆုံး လုပ်ငန်းတရပ် မုချဆတ်ဆတ် ဖြစ်ချေသည်။ အကြောင်းမူကား—ပရ-နယ်ပယ်ပို၍ ပို၍ ကျယ်ပြန့်လာလေလေ အမတဆိုတဲ့ အမြုတေဓါတ်လည်း တိုး၍ တိုး၍ စိမ့်ဝင်လာလေ ဖြစ်သောကြောင့်တည်း။

ဤနေရာ၌ တဆင့်ပြီးတဆင့် တက်၍ တက်၍ ဗုဒ္ဓအရှင်၏ ပရ-နယ်ချဲ့ပုံကို သာဓက အဖြစ်ဖြင့် ထုတ်ဆောင်ရပေမည်။

ပထမ ရှေးဦးစွာ ဗုဒ္ဓ၏စရိယာ သုံးပါးကို ကြည့်ရှုရာ၏။ ၎င်းတို့ကား—

**ဗုဒ္ဓတ္ထ စရိယ** ဘုရား ဖြစ် ရန် အတွက် (ဝါ) သဗ္ဗညုတ ဉာဏ် ရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှု ဖြစ်သည်။ ဤဗုဒ္ဓတ္ထ စရိယသည် ၎င်းဉာဏ်ကို ရရန် အားထုတ်ရာ၌ နည်းဥပါယ်သက်သက် ဖြစ်၏၊ ဗုဒ္ဓ၏ ရည်မှန်းချက်ကား မဟုတ်ပါပေ။

မှန်လှ၏။ ဗုဒ္ဓသည် ဤနည်းဥပါယ် (ဝါ) ၏ အခြေခံ လက်နက်နှင့် သာ မပြည့်စုံခဲ့လျှင် ဒုတိယနှင့် တတိယ ဖြစ်သော စရိယများကို ဘင်းပြည့်ကျပ်ပြည့် ဆောင်ရွက်ရန် စွမ်းနိုင်မည် မဟုတ်ခဲ့ချေ၊ ထိုကြောင့် ဤပထမ စရိယကို ဗုဒ္ဓ၏ လုပ်ငန်းစဉ်၌ ပြင်ဆင်ရေး အဆင့်ဟူ၍သည်း ခေါ် ဆိုနိုင်ပါသည်။

**ဉာတတ္ထ စရိယ** ဆွေမျိုး ဉာတိ မိတ်သဂ်ဟ များ အတွက် အကျိုး ပြုရန် အား ထုတ် မှု ကား— လောကအတွင်း၌ လူသား စစ်စစ်မှသာ ဘုရားအဖြစ်သို့ ရောက်နိုင်ပုံနှင့်တကွ ၎င်းလူသား၏ လူ့သဘာဝ ပေါ်လွင်စေရန် လုပ်ကိုင်ဆောင်ရွက်ပုံကို သာလွန်ထင်ရှား စေခြင်းငှါ လူ့သား၏ ဝေါဟာရအတိုင်း ခွဲခြား၍ သုံးနှုံးထားသော ကြိုးပမ်းမှု ဖြစ်သည်။

ထို့ကြောင့် မဇ္ဈိမ ပဋိပဒါ(ဝါ)အလယ်အလတ် မကျဉ်း မကျယ်လွန်းသော ပရ-နယ်ကို ညွှန်ပြသည်။ အမှန်စင်စစ် ဆိုရလျှင် ၎င်းကို တတိယမြောက် ဖြစ်သော စရိယ တွင် ထည့်သွင်း ရေတွက်နိုင်လေသည်။

**လောကတ္ထ စရိယ** လောကဓါတ် တခုလုံး၏ ထမ်းရွက်မှု၊ ၎င်းကား စည်းရိုးနယ် စပ် သတ် မှတ်ပိုင်းခြား ကလနားမရှိသောပရနယ်ကို ညွှန်ပြလေသည်။

တတိယမြောက်ဖြစ်သော ဤပရ-နယ်ကား ဗုဒ္ဓရှင်တော် ဘုရား၏ အဓိက ရည်မှန်းချက်ဖြစ်သည်၊ ကျယ်ဝန်းများပြား လှ၍ လောကသား လူသာမန်တို့၏ အားစွမ်းဉာဏ်စွမ်းကို ကျော်လွန်နေသည်ဟု ထင်မြင်ရသော ပါရမီတရားတို့ကို နွေ မအား,ညမလပ် ၁ လ စပ် အားထုတ် လုံးပမ်းမှုတို့ကား— လောကတ္ထ စရိယဟု ဆိုအပ်တဲ့ အကျယ်ပြန့်ဆုံးပရဟိတလုပ် ငန်းကြီးကို ပြောင်ပြောင် မြောက်မြောက် ပေါက်ပေါက် ရောက်ရောက် ဆောင်ရွ နိုင်ရေး အတွက်ဖြစ်သည်။

**ဒုက္ခနယ်ချဲ့နှင့် သုခနယ်ချဲ့** နံပါတ်-၁ ဖြစ်သော ဗုဒ္ဓတ္ထစရိယ၏ ကြီး ကျယ် မြင့်မြတ်ခြင်း၊ သေးနုတ် သိမ်ဖျင်း ခြင်း တို့ကား— ဤလောကတ္ထ စရိယဟူ သော ပရ-နယ်ပယ်၏ အကျယ်အကျဉ်းကိုတင်းတင်းရင်းရင်း ကြီး အမှီသဟဲပြု၍ နေလေသည်။

မှန်လှ၏။ ပရ-နယ်တွင်းသို့ မဆင်းမသက်ဘဲ အတ္တ ဟူ သော ကိုယ်ကျိုး ကိုယ်စီးပွား များမြောင် တိုးတက်ရေးကို အာရုံမှန်းလျက် ဆောင်ရွက်သော လုပ်ငန်း ဟူသမျှတို့ကား—

မည်သည့် ကပ္ပါလောက အစိတ်အပိုင်းတွင်မှ မဂ်လာရှိသော အားထုတ်မှုအဆင့်အတန်းဟွင် မရပ်တည် နိုင်ကြတော့ချေ။

အမှန်ကိုဆိုရလျှင် အတ္တဟိတဆိုတဲ့ ကိုယ်ကျိုးရှာသဘော သည် ဒုက္ခနယ်ချဲ့အစစ်ဖြစ်၍ ပရဟိတဆိုတဲ့ သူကျိုးရှာ သဘောကား သုခနယ်ချဲ့အမှန်ဖြစ်သည်။

ဆိုအပ်လှ၏။ ကပ္ပါလောက အတွင်း၌ ဖြစ်ပေါ်လျှော့ ရှိသော အသေးငယ်ဆုံး နပန်းလုံးမှု(ဝါ)တောင်ကျော်ကိုင် မှုမှစ၍ ကပ္ပါစစ်ကြီးအထိ ဖြစ်သော ပဋိပက္ခမှု တို့သည် အတ္တဟိတဆိုတဲ့ ထိုသည့် ကိုယ်ကျိုးရှာ သဘောတရား၌သာ အခြေခံစိုက်ကြ၏။

**ပရဟိတ လူ့သဘာဝ** ကပ္ပါတိုးမှု တက်မှု, ရှိမှုပြုံးမှု, ငြိမ်းမှု အေးမှု, ပျော်မှုပါးမှု, ငြိမ်းချမ်းသာယာမှု, ကြည်လင်ရွှင်လန်းမှု စသည် တို့ကား— ပရဟိတ ဟူသောရေစမ်းမှ ဖြာပန်း၍ထွက်လာသော ရေပန်းကလေး များသာ ဖြစ်ကြကုန်၏။ ထို့ကြောင့် အတ္တဟိတ တိရစ္ဆာန်သဘာဝဖြစ်၍ လူတောမဝင်နိုင်ချေ။

ပရဟိတမှုကား— လူ့သဘာဝတွင် ပါဝင်သဖြင့် လူ့ လက်ကိုင် လူ့ကျင့်ထုံး လူ့လက်သုံး ဖြစ်ချေသည်၊ သို့ဖြစ်ရာ ကပ္ပါ၏ စက်ဆုပ်ရွံမုံး အော့နှလုံးနာဘွယ်ရာ(ဝါ)ထွီဖွယ်ရာ ပစ္စည်းစာရင်းတွင် အတ္တဟိတ ဦးစီးလျက်နေသည်ကို တွေ့ရ ပေလိမ့်မည်။

ထို့ပြင်ကပ္ပါ၏ အမြင့်ဆုံးသော ယဇ်ပလ္လင်(ဝါ)အမြတ် ဆုံးသော ဘုရားစင်၌သာလျှင် ပရဟိတ သဘော စံပယ်လျက် နေသည်ကို အမြဲတစေ ကျွန်ုပ်တို့ တွေ့မြင်ရချေသည်။

**မင်္ဂလာရှိသော အလုပ်** ပရဟိတ ဟူသော ဤစာလုံး အစု ပုဒ်ဘခု တွင် အမြုတေဓာတ်စိမ့်၍ ဝင်နေကြောင်းကိုအထက်၌ ကျွန်ုပ်တို့ဆိုခဲ့လေပြီ၊ ထိုပုဒ်ကလေးကို ကျကျနန သေချာစွာ ဝေဖန်ခဲ့သော် ပရ-ဆိုတဲ့ပုဒ်၌ သာအမြုတေဓာတ်ငုတ်လျက် တည်ရှိသည်ကို တွေ့ရချိမ့်မည်။

ပရ-သဘောနှင့် အမြုတေ ဓာတ်တို့သည် ရောရှိ သဘော ဖြင့် ကိုက်ညီမြဲဖြစ်ကြရာ ပရ-သဘော၏နယ်ပယ်ကျယ်ဝန်း သလောက် အမြုတေဓာတ်လည်းခိုင်မာကြီးထွားမြဲဖြစ်သည်၊ အမြုတေဓာတ်ကြီးထွား တောင့်ခိုင်သလောက်၊ ကပ္ပဋ္ဌိတိဆိုတဲ့ ကပ္ပါဘည်သဘောသို့ သက်ရောက်၍ ကပ္ပါ အသရေဆောင် အမြဲတမ်းဖြစ်၍လာလေသလော၊ ထို့ကြောင့် ဤလောက အတွင်း၌ ကြက်သရေ မင်္ဂလာ အဝေဆာဆုံးလုပ်ငန်းဟူ၍ အသိ အမှတ်ပြုခြင်းကို ခံရလေသော ဖြစ်ဘော့သည်။

---

# သူမေဓါ၏ ပရဟိတ

ပရဟိတလုပ်ငန်းသည် အမြုတေဓါတ် ကိန်းဝပ်သော ကိစ္စဘရပ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိကြရပြီ။ သို့ရာတွင် ပရဟိတ အစစ်ဖြစ်အောင် အဘယ်သို့ ပြုလုပ်ဆောင်ရွက် မည်နည်း။

သတ္တဝါတိုင်း အလွန်အကျူးအထူးမြတ်နိုးလှတဲ့ အတ္တ ဟိတဆိုတဲ့ ကိုယ်ကျိုး ကိုယ်စီးပွားတို့ကို မိမိမှတပါး အခြား

သော ပရ-ပုဂ္ဂိုလ်အများတို့၏ စိတ်ဝဒနာကြည်လင် ပျော်ရွှင်ရေးနှင့် မျက်နှာချိပြီး၊ နှလုံးငြိမ်းအေး ဘို့အတွက် အသုံးပြုခြင်းဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ရပေမည်။

ဥပမာအားဖြင့် သုမေဓါ သူဌေး၏ လုပ်ငန်းစဉ်ကို ကြည့်ရှုရာ၏။

သုမေဓါကား–လွန်ခဲ့သော နှစ်ပေါင်း လေးသင်္ချေနှင့် ကပ္ပါ တသိန်း ထက်က ဖြစ်ပေါ်ခဲ့ သူတည်း။ အေး–လေးသင်္ချေနှင့် ကပ္ပါတသိန်းဆိုတော့ လ-ပေါင်း နှစ်–ပေါင်း ခေတ်ပေါင်းကပ္ပါပေါင်းတို့ကား အလွန်ကြာညောင်းခဲ့ပြီဟု ဆိုရပေမည်။

ဒါပေမဲ့ သုမေဓါရဲ့ အမည်နာမဟာ မနေ့ တနေ့က သေသွားသူရဲ့ အမည်လိုဘဲ အမြဲအစဉ်သစ်လွင်လျက် နေချေသည်။ အဘယ်အကြောင်းကြောင့်နည်း?

သုမေဓါ–ဟူသော အမည်နာမတွင် အမြဲ တေဝါတ်ခိုအောင်းစိမ့်ဝင်၍ တည်နေသောကြောင်ပဲဟု ဆိုရပေမည်။

ရှင်းကြဦးစို့။ သုမေဓါသည် ဗန္ဓုမတီမြို့ရှိ အလွန်ကြွယ်ဝချမ်းသာသော သူဌေး(၀၀)မိလျှနာ–ကြီး တယောက်၏ တဦးတည်းသောသားဖြစ်သည်၊ အချိန်တန် အရွယ်ရောက်လတ်သော် မိဖ–နှစ်ပါးတို့က သင့်လျော်သော အမျိုးသမီး တယောက်နှင့်လက်ထပ်ထိမ်းမြားရန် စီမံကြရာ သူ၏ပရ–နယ်ပယ် ကျဉ်းမြောင်း၍ သွားမည့်အအရေးကို တွေးတောမိသဖြင့် ထိုစီမံချက်ကို သုမေဓါက လက်မခံဘဲ တိုက်ဖျက်ခဲ့လေပြီ။

၄၉၈၂

ထိုနောက် မိဖ-နှစ်ပါး မျက်နှာလွှဲ၍သွားသောအခါ ရွှေငွေ ရတနာသိုမှီးရာဘဏ္ဍာကျိကြကိုဖြို၍ပြကြသောအခါတွင် မိဖ ဘိုးဘွား ဆွေသားမျိုးဆက် မသုံးရက်၊မစွဲရက် ပရဟိတဟူသော လောကသား အားလုံးအတွက်လည်း မပေးရက် မကာမ်းရက်ဘဲ ပက်ပက်စက်စက် စုဆောင်း၍ထားခဲ့ကြသော ပစ္စည်းအစုအပုံကို တွေ့မြင်လေရာ ထိုဘဏ္ဍာတိုက်၏ တံခါးတို့ကို အကုန်လုံး ရိုက်ချိုး၍ဖွင့်ပြီးလျှင်"ပစ္စည်းမဲ့သူနှင့် လိုနေသူများ ယူကြကုန်"ဟု ကျေညာ၍ပေးလှူပြီးနောက် ပရ-နယ်ကိုချွတ္တွင်ခဲ့လေပြီ။

တဖန် ဒီပင်္ကရာ ဘုရားရှင်နှင့် တွေ့ဆုံသော အခါတွင် မိမိ၏ လုံ့လဝီရိယတို့ဖြင့် ယခုဘဝ၌ပင် အဖြစ်ဝင်ဇာတ် နိဂုံးသတ်နိုင်ကြောင်းကို ကေန်ဒို့၌ အတိအကျ သိမြင်ရစေကာ ထိုသည့်အတ္တဟိတ အကျိုးနှုတ်ကို အိုးဗုတ်နှင့်ချိုးရပ်မျှ ပမာထား၍ လားလားမျှအလေးမပြုဘဲ ဥပေက္ခာပြုပြီးလျှင်-

ကိံမေ ကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊
သန္တာရေဿံ သဒေဝကံ။

ဟု ဆိုမြွက်လျက် ပရ-နယ်ပယ်ကို အချွကြီး ချွဲခဲ့လေပြီ။

ထာမဒဿိနာ၊ ကိုယ်အား စိတ်အား နှစ်ပါးအစွမ်းတင်းကြမ်းပြည့်ရှိသော၊ပုရိသေန၊အားကောင်း မောင်းသန်ယောကျ်ားကောင်းမှန် ပါလျက်။ ကေန၊ ပရ—မ မှီးတ ယောက် ထိး ထိး။ တိဏ္ဏေန၊ ဝဋ်တ ဖက်ရောက် ကူး

မြောက်၍သွားသဖြင့်။ မေ၊ ငါ့အား။ ကံ၊ဘယ်လိုကောင်း ဆိုး ဘယ်လိုတိုးဖို့ ဘာအကျိုးများရှိမှာတဲ့တုံး။ သဗ္ဗညုတံ၊ သဗ္ဗညု အစစ် ဘုရားအဖြစ်သို့။ ပါပုဏ်ိ တွာ၊ရောက်အောင် ကြိုးကုတ် ရောက်အောင်လုပ်ပြီးမှ၊သဒေဝကံ၊လူရော-နတ်ပါ အကြွင်းမဲ့ သတ္တဝါကို။သန္တာရေသံ၊ဒုက္ခနယ်လွန်မြောက်၍ သုခနယ် အကုန် ရောက်အောင် ထမ်းမြောက် ကယ်တင် ပေးဦးအံ့။ (ဤကား နိသျပြန်)

သုမေဓါ၏ဘ၀၌ ၎င်းကိုယ်တိုင်က ကောန်မုချ တကယ်ရ လိမ့်မည်ဟူ၍ ယုံကြည်ထားသော အတ္တဟိတဆိုတဲ့ကိုယ်ကျိုး ကိုယ်စီးပွါးကား-နတ်ဖွါး-သေးငယ်လှသည်မဟုတ်ပါပေ။

အမှန်မှာ-လက်ရောခြေပါ ခိုင်မာလှစွာသော လက်ထိပ် ခြေကျင်း ခတ်ပြီး တသက်ထောင်ဒဏ် ကျခံစေဟု အမိန့်ချ မှတ်၍ ထားခြင်းခံရသော အကျဉ်းသားတယောက်က ယခု ချက်ခြင်း တရားသေလွတ်စေဆိုတဲ့ အမိန့်စာချွန်တော်ကို ရရှိတဲ့အကျိုးမျိုးပင်တည်း။

မည်ကဲ့သို့သော အကျဉ်းသားသည် ထိုသည့်စာချွန်တော် ကို ဆုတ်ပစ်ပြီးလျှင် ဆက်လက်ထောင်ဒဏ် အကျဉ်း ခံ ၍ နေလိုချိမ့်မည်နည်း။

အကျဉ်းသားတိုင်း ဝမ်းသာအယ်လဲ ပျော်ပွဲခံလိမ့်မည် မဟုတ်တုံလော။

ဟင့်—အင်၊သုမေဓါအတွက်ကား-အားတက် ရွှင်လန်း ပီတိပန်းပွင့် မဟုတ်ခဲ့ချေတကား- ထောင်သား အားလုံး

လွှတ်လပ်ခွင့်မရလျှင် ထိုစာချွန်သည် သူ့အတွက်ဘန်ဖိုး မရှိချေ။ ထိုကြောင့်ပင် ထိုသည့်စာချွန်ကိုဆုတ်ဖဲ့၍ပစ်ခဲ့ချေသည်။

သုမေဓါ၏ ပရဟိတ ရည်မှန်းချက်ကား— အလွန်ကြီးထွားကျယ်ပြန့်လှသည် ဖြစ်သောကြောင့် များစွာ မသေးငယ်တဲ့အရသာ၊ဖြိုးကြွယ်လှသော မိမိ၏ အတွင်းကျိုးကို ဒုက်ရက်စက်စက် ပယ်ဖျက်စွန့်ပစ်လိုက်ရန် လိုလေသည်၊

ဒါထက် ပိုမိုထင်ရှားတဲ့ အခြား ဥပမာတခုကို ဆောင်ရလျှင် သိန်းငါးကြီးတွင် ပထမ ပေါက်သူတယောက်သည်ငွေထုတ်ခါနီးအချိန်၌ ထိုလက်မှတ်ကို စွန့်ပစ်လိုက်သကဲ့သို့ပင်တည်း။သို့ဖြစ်ရာ သုမေဓါ၏ပရ-နယ်သည် အလွန်ကျယ်ဝန်းရှသွားလေသည်။ ယင်းသို့ကျယ်ဝန်း သလောက်အမြုတေဓါတ်လည်း ကိန်းဝင်ပါဝင်မြဲ ဖြစ်လေသည်။

ထို့ကြောင့် သင်္ချေနှစ်ပေါင်း ကပ္ပါဆောင်း၍ခတ်အခါတွေ့ မည်ရွေ့မည်မျှပင် နှောင်း၍ သွားစေကာမူ သုမေဓါ၏ နာမည်မှာ ဘယ်အခါမှ မဟောင်းမနွမ်းဘဲ အမြဲတမ်း သစ်လွင်စိုပြေ၍ နေခဲ့လေပြီ။ အမြုတေ ဓါတ်အပြည့်အဝကိန်းအောင်းနေတဲ့ နာမပညတ် ဖြစ်ခဲ့လေပြီ။ ထို့ကြောင့် လေးသင်္ချေနှင့် ကပ္ပါတသိန်း တွက်ကိန်းများစွာ နှစ်ပေါင်းကြာမြင့်စေကာ သုမေဓါဆိုတဲ့အမည်ကား မသေဘဲ အမြဲတည်၍နေခဲ့လေပြီ။

နောက်ကိုလည်း မည်ရွေ့မည်မျှကပ္ပါဘယ်လောက်ရှည်ကြာဦးမည်ဟူသောအချက်ကိုမည်သူမျှတိကျမှန်ကန်အောင်

တွေးတော၍ ထင်မြင်ချက်ပေးခြင်းငှာ စွမ်းနိုင်လိမ့်မည် မဟုတ်ချေ။

---

# ဝေဿန္တရာ၏ ပရ-နယ်ချဲ့ပုံ

လူသားတယောက်မှာ ၎င်းကိုယ်တိုင် ပိုင်ဆိုင်သည်ဟု ယူဆအပ်သော ၁-အဇ္ဈတ္တိက (ဝါ) အတွင်းပစ္စည်း။ ၂-ဗာဟိဒ္ဓ (ဝါ) အပပစ္စည်းဟူ၍ နှစ်မျိုး ရှိနိုင်လေသည်။

ထိုနှစ်မျိုးတို့တွင် အတွင်းပစ္စည်း ဟူသည်ကား—ခြေဖျားမှ ဆံဖျားတိုင်အောင်သော လူသား၏ ခန္ဓာပဉ္စက-ဒြပ်တွင် အကြုံးဝင်သော အစိတ်အပိုင်းအားလုံးဖြစ်သည်။

ထိုပြင် လူသားနှင့်အရင်းနှီးဆုံးသော မိ-ဖ, သား-သမီး, မယား-ဇနီး, ဆင်-မြင်း-ကျွဲ-နွားစသော သက်ရှိပစ္စည်းနှင့် လူသားပိုင်သော တိုင်းကား— ပြည်ရွာ-လယ်ယာ-ရွှေ-ငွေ စသော သက်မဲ့ပစ္စည်းတို့ကား—အပ ပစ္စည်းစာရင်းဝင်များ ဖြစ်ကြကုန်၏။ ထိုနှစ်မျိုးတို့တွင် နံပါတ်(၁)ကား—စိတ်ဓာတ်မ သန့် ပြဋ္ဌာန်းချက် မူမမှန်သော သာမန်လူသားအဖို့ စိတ် ကစားရာ၌ပင် မပါဝင်နိုင်သော ကိစ္စဖြစ်သည်၊ ထိုကြောင့် နံပါတ်(၁)ကို ဤနေရာ၌ အသာချိပ်၍ထားပြီးလျှင် နံပါတ် (၂)နှင့် ဆက်စပ်လျက် နေသော အကြောင်း အရာ ကိုသာ အနည်းငယ် ဖွင့်ဆိုရပေမည်။

လူထီး လူမ နှစ်ဦးတို့ကို အခြေခံ အကြောင်းရင်းပြု၍ ဤလောကအသွင်းသို့ ချင်းနင်းဝင်ရောက် တောင်စုံပေါက်ကာ လူလားမြောက်လာသော ကလေးတယောက်၏ အသိဉာဏ်တွင် ပထမဆုံးပေါ်လွင်လာသော ပရပုဂ္ဂိုလ်ကား—ထိုသည့် လူထီးလူမ နှစ်ဦးပင် ဖြစ်ခဲ့လေပြီ။

၎င်းနောက် ထိုသူ နှစ်ဦးတို့သည် အမိနှင့် အဖ ဟူသော အမည် ပညတ်ကို ဆောင်၍ ထိုကလေး၏ အကျိုးပြုစရာ ပရ-ပုဂ္ဂိုလ်များ ဖြစ်၍လာကြကုန်၏။

တဖန် ၎င်းတို့နှစ်ဦးကလည်း ထိုကလေးများဟူ၍ သားနှင့်သမီး ဟူသော အမည်နာမများကို တပ်ဆင်ကြပြီးလျှင် ၎င်းတို့၏ချစ်ခင်တွယ်တာ အကျိုးဆောင်ဘွယ်ရာ ပရ-ပုဂ္ဂိုလ်ကလေးများ ဖြစ်၍လာကြကုန်၏။

မိနှင့်ဖ, သားနှင့်သမီး ဟူသော ဝေါဟာရများသည် အမြဲတစေ အတ္တဟိတ နယ်ဘက်သို့ ရှေ့ရှုလျက် နေကြကုန်၏။

အကြောင်းမူကား—ဤသို့ အတ္တစည်းဝိုင်းကို လှည့်ပတ်ဝန်းရံလိုက်သည်နှင့်တပြိုင်နက် ပရ-သဘောတွေ အဆင့်ဆင့် လျော့ကျ၍ သွားတတ်သောကြောင့်တည်း။

အမှန်မှာ—၎င်းတို့သည် ပရ-နယ်တွင် အကြီးဝင်သော သက်ရှိသက်မဲ့ပစ္စည်းများအနက် အကောင်းဆုံး (၀၁) နှစ်သက်ခင်တွယ်ဘွယ် အရှုံးပစ္စည်းများ ဖြစ်ကြကုန်၏။

လူသားသည် ၎င်းတို့နှင့် အဆက်အသွယ်ပိုမိုများပြားလာခြင်း၊ အတုံ့အလဲ့ အကျိုးပြုမှုများ ပိုမိုများပြားလွန်ကဲခြင်းကြောင့် ၎င်းတို့ကို ပရ-နယ်တွင်းမှဆွဲထုတ်၍ အတ္တနယ်တွင်း

သို့ သွတ်သွင်းထားလိုကြကုန်၏။ (ဝါ) ထားလည်း ထားခဲ့ကြလေပြီ။ သို့ပင်ဖြစ်စေကာ ၎င်းတို့သည် နံပါတ်-၁ ဖြစ်သော အစ္စုတ္တိကပစ္စည်း စာရင်းတွင် အကြုံး မဝင်နိုင် ကြသောကြောင့် ပရ-သဘောအစစ်၌သာအနယ်ထိုင်လျက်ရှိကြကုန်၏၊ သို့ရာတွင်၎င်းတို့ကို နီးစပ်သော ပရ ဟူ၍၎င်း၊ ထို့ပြင်ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ်ယာ၊ ရွှေ၊ ငွေ စသော ပစ္စည်းများမှ ဝေးကွာသော ပရ ဟူ၍၎င်း ခေါ်ဆိုလိုက အပြစ်ကင်းမဲ့စွာ ခေါ်ဆိုနိုင်လေသည်။

ဝေဿန္တရာဇာတ်၌ အလောင်းတော်ဝေဿန္တရာသည် ၎င်း၏ ကြင်ရာတော် မဒ္ဒီဒေဝီကို၎င်း၊ အသဲနှစ်အောင် စွဲချစ်လှစွာသော သားနှင့်သမီး ကဏှာ ဇာလီတို့ကို၎င်း၊ ပစ္စယနာဂမည်သော ဆင်ဖြူတော်နှင့်တကွ အခြားပစ္စည်းများကို၎င်း ပေးလှူခဲ့သည်ဟု ဆိုသည်။ ထိုသို့သော ကိစ္စ၏ အဓိပ္ပါယ်မှန် သဘောမှန်ကား အဘယ်နည်း။

၎င်းပြဿနာအတွက် တိကျ ကေန် သေွးထွက်အောင်မှန်တဲ့ အဖြေကို ရှာဖွေရပေမည်။

၎င်းကား - အခြားဟုတ်ပါရိုးသား၊ ဝေဿန္တရာမင်းသား ကိုယ်တိုင် အမြင်မှန်ရောက်ခြင်း ဖြစ်သည်။

မှန်လှ၏။ သူသည် မဒ္ဒီစသော သက်ရှိ သက်မဲ့ ပစ္စည်းတွေကို အတ္တနယ်တွင်းသို့ သွတ်သွင်းပြီးလျှင် အလုံးအလဲ ခင်မင်တွယ်တာ၍ (ဝါ) ဥပါဒါန်ကပ်၍ နေခဲ့လေပြီ၊ ထိုသို့ မိမိကိုယ်တိုင် လွဲမှားစွာ စာရင်းသွင်းမှုကြောင့် ဖြစ်ပေါ်လာသော ကသိကအောင့် အမှုများကို ကြည့်ရှုတွေ့မြင်၍ ဆင်

ခြင်း စဉ်းစားလေလေ၊ ဖြည်းဖြည်းချင်း ၎င်းတို့၏ ပရ-သဘောများ ပြူထွက်၍ လာလေလေ ဖြစ်သည်။

ထိုအခါ ဝေဿန္တရာသည် အမြင်မှန်ကို ရရှိလာခြင်းကြောင့် ထိုပစ္စည်းများကို ပရ-နယ်သို့ ထုတ်၍ ပရ-ဆိုင်းဘုတ်ကလေးတွေကို တပ်ချိ၍ ပေးလိုက်လေသည်။

အမှန်မှာ—လူသားသည် ပရ-နယ်မှာ ဖြစ်သော ပစ္စည်းအစစ်တွင် အတ္တတံဆိပ်ကလေး ခပ်နှိပ်တပ်ဆင်၍ ထားခြင်းမျှ ဖြစ်သည်။ ထို့ကြောင့် ၎င်းတံဆိပ်ကို ခွါလိုက်သည်နှင့် တပြိုင်နက် ပရ-သဘောဆိုက်ရောက်၍ လာလေ တော့သည်။ ဤသည့်လုပ်ငန်းကိုပင် ဝေဿန္တရာမင်း၏ လှူမှုဒါနမှု ပေးကမ်းစွန့်ကြဲမှုဟူ၍ ခေါ်ဆို သမုတ်ရလေသည်။

ဝေဿန္တရာ ပေးလှူလိုက်သော မဒ္ဒီစသော သက်ရှိသက်မဲ့ပစ္စည်းများကား- ပရ-နယ်ထွက်တို့သာ ဖြစ်ကြကုန်၏၊ ဝေဿန္တရာနှင့် မဒ္ဒီတို့သည် တရင်းထည်းနေ တရေထည်းသောက်များပင် မဟုတ်ကြချေ။

ဝေဿန္တရာတရုပ်၊ မဒ္ဒီကားတမျိုး၊ ဒါပေမယ်လို့ ငွေဘုန်ကြေးကျ၊ အများကြီး ခံပြီးလျှင် မင်္ဂလာဆောင်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း စသော လူသား တွင်ထားတဲ့ ဝေါဟာရတွေကို အကောင်အထည်ဖေါ်၍ မဒ္ဒီ ဟူသော မိန်းမတယောက်၏ အမည်နာမတွင် ရှေးနားက ငါဆိုတဲ့ စာလုံး ပုရှည်ရှည်ကလေးတခုကို အပေါင်းလက္ခဏာနှင့် ယှဉ်စပ်လိုက်ခြင်းဖြင့် ၎င်းကို အတ္တနယ်အတွင်းသို့ အတင်းရိုက်၍ သွင်းခဲ့လေပြီ။

သို့ဖြစ်ရာ ထိုသည့် အပေါင်းလက္ခဏာကလေးကို ဖျက်လိုက်သော ခဏ၌ မူရင်းသဘာဝအတိုင်း အနယ် ထိုင် မြဲဖြစ်လေသည်။သို့ရာတွင် ထိုအပေါင်းလက္ခဏာကို ဖျက်ဘို့လုပ်ငန်းကား- သေးနုတ်လွယ်ကူသော ကိစ္စတရပ် မဟုတ်ပါပေ၊ ပရ-နယ်ထွက် အစစ်ဖြစ်သော ပစ္စည်းများကို အတ္တတံဆိပ်ခတ်နှိပ်ပြီး ငါ့နယ်အတွင်းသို့ ဇွတ်အတင်း သွတ်သွင်းမှုကိုပင် ပရ-နယ်ချဲ့မှုဟူ၍ ခေါ်ဆိုရလေသည်။

သို့ဖြစ်ရာ သက်ရှိ သက်မဲ့ ဟူသော ပစ္စည်းတို့၌ အတ္တတံဆိပ်ခတ်နှိပ်မှု နည်းပါးလေလ(ဝါ)ထိုထို ပစ္စည်းတို့၏ ရှေ့က တပ်ဆင်ထားသော အပေါင်းလက္ခဏာနှင့် ငါ့ကိုဖျက်နိုင်လေလေ ပရ-နယ်ပယ် ဒိုမိုကျယ်ဝန်း၍ လာလေလေဖြစ်မြဲပင်တည်း။

သို့ဖြစ်ရာ ဝေဿန္တရာသည် မဒ္ဒီဒေဝီစသော သက်ရှိသက်မဲ့ တို့တွင် ချည်နှောင်တပ်ဆင်၍ ထားသော အတ္တတံဆိပ်များကို တခုပြီးတခု ရုပ်သိမ်းလိုက်လေသည်။ ထိုသို့ပြုမှုကား— အများလူထုနှင့် ယော်လော်ကန့်လန့် (ဝါ) ကလ္လာကောစ ဖြစ်တတ်ချေသည်။ အကြောင်းကို ဆိုသော်လူထုကား—များသောအားဖြင့် အတ္တဟိတ နယ်ဖွါး ကိုယ်ကျိုးရှာသမားတို့သာ ဖြစ်ကြကုန်၏။ ထိုကြောင့်ပင် စေတုတ္တရာ ပြည်သူ ပြည်သား လူအများတို့က ဝေဿန္တရာ၏ လုပ်ငန်းကို အပြင်းအထန် ကန့်ကွက်ရုံမျှမကမူ၍ ဝေဿန္တရာအား ပြည်နှင်ဒဏ် ပေးရန်ကိုပင် အပူတပြင်း တောင်းဆိုကြသည် မဟုတ်တုံလော။

မှန်လှချေ၏။ လူသားထု တရပ်လုံးသည် အတ္တဟိတ ဟူသော ညှံ့ဗွက်တွင် လွန်၍မတက်နိုင်ဘဲ အမြဲတစေကူး၍ ခတ်၍ ငုံ၍ လျှိုး၍ နေရမှ ကျေနပ်မြဲဖြစ်သည်။

တရံဘခါ ဟစုံတခေယာက်သော လူသားသည် အတ္တဟိတနယ်ကို လွန်မြောက်၍ ပရ-နယ်သို့ရောက်ရန် ကြိုးပမ်းခြင်း အံ့၊ ကပ္ပါလူထုသည် ထိုသူ့အား မျက်မုံးကျိုးမြဲဖြစ်၏၊ ရန်ရှာ၍ အပြုံးဖိုမြဲဖြစ်၏၊ အမျိုးမျိုးသော အန္တရာယ်တို့ကိုပေး တတ်ရုံမျှမကဘဲ နောက်ဆုံး၌ အသက်ဆုံးရှုံးမှု ကိုင်အေးခင် ပင် ကြုံဆောင်လေ့ရှိကြကုန်၏။

အထင်ရှားဆုံးသော သာဓက ဥဒါဟရဏ် အဖြစ်ဖြင့် ဂေါတမဗုဒ္ဓ၏ ဖြစ်စဉ်ကို ထုတ်ဆောင် ကြည့်ရှုရာသည်၊ သုဒ္ဓေါဒနနှင့် မယ်မာယာတို့၏ သားဖြစ်သော သိဒ္ဓတ္ထသည် သိဒ္ဓတ္ထအဖြစ်၌သာ ရပ်တည်နေ၍ သူ၏ချစ်မငြိုး မယ်ယသော်ရာဟုလာတို့နှင့်ရင်း၊ အခြား မြောက်မြား လှစွာသော ခြွေရံ သင်းပင်းတို့နှင့်ရင်း အဆုံ မှ ဆွေနှင့် မျိုးနှင့် လောကစည်းစိမ် ဇိမ်မျိုးစုံနှင့်ရင်း၊ တင်းတိမ်ရောင့်ရဲပြီး နေထိုင်၍ သွားခဲ့လျှင်-

(၀၁) ဆိုလိုရင်းကား-ပရ-နယ်ဘက်သို့ မထွက်ခဲ့လျှင် မဂဓတိုင်းကြီး၏အရှင် ဘုရင် အဇာတသတ်နှင့် ဒေဝဒတ်တို့၏ ရက်စက်လှစွာသော အသက်တိုင် လုပ်ကြံမှုကြီးနှင့် တွေ့ကြုံရန် အကြောင်း မရှိသည့်အပြင် စိဉ္စမာန အမည်ရှိသော အမျိုးသမီး၏ အရှက်ခွဲမှုကြီးနှင့်လည်း ရင်ဆိုင်ရန် အလားအလာ ဘာတခုမျှ ရှိမည်မဟုတ်ခဲ့ချေ။

သို့ဖြစ်ရာ ပရ-နယ်သို့ထွက်၍ သူ့ကျိုးကို သည်ပိုးဆောင်ရွက်ရန် ကြိုးပမ်း အားထုတ်သူတိုင်းသည် အတ္တဟိတ နယ်သားတို့၏ အပြစ်ဖို့ခြင်း နှစ်မြှုပ်ခြင်း ရန်မူခြင်း အန္တရာယ်ပြုခြင်းများနှင့် ရင်ဆိုင်ရတတ်ခြင်းတို့ကား ကမ္ဘာလောက၏ ဓမ္မတာလိုလိုပင် ဖြစ်၍ နေခဲ့ချေပြီ၊ ဤသို့သောအကြောင်းကပင် ပရဟိတ ပုဂ္ဂိုလ်တိုင်းမှာ (ငါ) လောက ဝန်ဆောင်ပုဂ္ဂိုလ်တိုင်းမှာ မလှုပ်မယိုင်ကြံ့ခိုင်သော ဆုံးဖြတ်ချက်နှင့် ဇွဲသတ္တိရှိရမည်ဆိုတဲ့အချက်ကို အမြဲတစေညွှန်ပြ၍နေလေသည်။

ဆိုသင့်လှ၏။ အကြင်အကြင် အမှတ်မထင်သောပုဂ္ဂိုလ်တယောက်သည် အထက်၌ဖော်ပြခဲ့သော လိုအပ်သောအရည်အချင်းနှင့်ပြည့်စုံ၍ ပရဟိတနယ်တွင်းသို့ ဝင်ရောက်ခဲ့ပြားအံ့ လိုသည့် ပုဂ္ဂိုလ်အား မျှားမကြာမီ အချိန် အတွင်းမှာပင် အတ္တဟိတ နယ်ရှင်ပယ်ရှင်တို့က မှတ်ထုတ်လိုက်သော လေကြောတွင် မျောပါ၍ သွားရမည့် အချက်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပေလိမ့်မည်။

ဤသို့အားဖြင့် မဟိဒ္ဓဟု ိအပ်သော အပ ပစ္စည်းတို့ကို ရက်ရက်စက်စက် နှမြောနှစ်သက် စုံမက်ခင်တွယ်ခြင်း မရှိဘဲ ရက်ရက်ရောရော ပရ-သဘောဖြင့် အသုံးပြုခဲ့သော ဥဒါဟရဏ်တို့ကား ဇာတ်တော် နိပါတ်တော်များ၌ အပုံကြီးအများကြီး တပွေ့တပိုက်ကြီးရှိစေကာ ၎င်းတို့ကို အပြည့်အစုံ ဤနေရာ၌ ဖော်ပြနေရန် မလိုတော့သဖြင့် အလိုရှိသူပုဂ္ဂိုလ်တို့အား ထိုထိုသက်ဆိုင်ရာ နိပါတ်တော်များကိုကြည့်ရှုကြပါဟု၍ ညွှန်ပြခြင်းဖြင့်သာ ကျွန်ုပ်တို့ ရှောင့်ရဲရပေမည်။

---

# သိဝိမင်းကြီး၏ ပရနယ်ချပုံ

မဟိဒ္ဓ (ဝါ) အပ ပစ္စည်းများကို ပရဟိတ(ဝါ) သူတပါးအကျိုးအတွက် အသုံးပြုမှုကား လူသာမန်တို့ အဘွက် အတော်အဘန် လေးနက်ခဲခက်သော ကိစ္စတရပ် ဖြစ်စေကာ အာဇာနီ ပြီသသော တကဲ့ ယောကျ်ားကောင်းကြီးတို့ အတွက်မူ ပေါ့ပျက်ပျက် ၄ါးစားစား ကစားစရာမျှသာ ဖြစ် ပေလိမ့်မည်။

သို့ရာတွင် အဇ္ဈတ္တိက (ဝါ) အတွင်းပစ္စည်းများနှင့် ပတ်သက်ရာ၌ကား အပ ပစ္စည်းတွေကို ပရ-နယ်အတွက် အသုံးပြုနိုင်တဲ့ လူစွမ်းကောင်းကြီးများပင် (ဝါ) ဝေဿန္တရာလို ပုဂ္ဂိုလ်မျိုးပင် လက်ရှိ၍ သွားမြဲဖြစ်သည်။

အဘယ်ကြောင့်နည်း ?

အလွန်အကျူး အထူး ခင်မင်၍ သံယောဇဉ် ငြိတွယ်ဖွယ်ရာဖြစ်သော မယားဇနီးနှင့် သားသမီး ဆွေမျိုးတစုကတဖက်၊ ထိုပြင် မျက်စိ၊ နား၊ နှာ၊၊ လျှာ၊ ကိုယ်၊ ဟဒယဟူသော အဇ္ဈတ္တိက အတွင်း ပစ္စည်းများ အနက်မှ မျက်လုံးကလေး တစုံက တဖက် ချိန်ခွင်ထက်မှာ တင်၍စက်ခဲ့လျှင် မည်သည့်ဘက်က အလေးချိန်သာလိမ့်မည်နည်း ?

အို—အချင်းလူသား။

အသင်၏ မျက်လုံးတစုံကိုထုတ်၍ပေးရမည်၊ (သို့မဟုတ်က)သင်၏ ချစ်လှစွာသော လင်သား(ဝါ)ချစ်လှစွာသော မယားနှင့် သားသမီးတို့ကို အကုန်လုံး မီးလောင် တိုက်သွင်း

ရလိမ့်မည်ဟု အာဏာရှင် တဦးဦးက အမိန့်ပေးလာ ပချေသော် အသင်လူသားသည် မည်သည့်လမ်းကို လိုက်ရန် စိတ်ဆုံးဖြတ်မည်နည်း ?

ခပ်ရှင်းရှင်းနှင့် ဘွင်းဘွင်းဆိုရလျှင် မျက်စိနှစ်လုံးကိုဖေါက်ထုတ်၍ ပေးမည်လော။

(သို့တည်းမဟုတ်) သင်၏သားမယား (ဝါ)လင်သားကို စွန့်မည်မလော။

ဟူသော ပြဿနာနှစ်ရပ်နှင့် ရင်ဆိုင်ရသောအခါ အသင်လူသား ဘယ်ပုံကျင့်သုံးမည်နည်းဟု ဆိုလိုရင်း ဖြစ်သည်။

အမှန်ကို ဆိုရလျှင် သူတပါး၏ အကျိုးစီးပွါး တိုးတက်များပြားရေးအတွက် မိမိ၏မျက်သုံးကိုဖေါက်ထုတ်နုတ်ကော်၍ ပေးနိုင်သူတို့၏ စာရင်းကား ဟင်းလင်းပင် အမြဲတစေရှိ၍နေပေလိမ့်မည်၊သို့ဖြစ်ရာ လူသား၏အဖွဲ့တို့က ကိုယ်ကာယ၌တည်ရှိသော မျက်လုံးသာ မဟုတ်သေး၊အခြားအခြားသောအင်္ဂါ အစိတ်အပိုင်းတို့၏ တန်ဘိုးလည်း မသေးငယ်လှချေ။

အမှန်မှာ လူသား၏လက်တဖက်(ဝါ) နားရွက်တခုနှင့် တန်ဘိုးညီမျှသော သက်ရှိသက်မဲ့ ပစ္စည်းတခုကို ဗဟိဒ္ဓကပ္ပါလောက၌ တွေ့ရှိရန် ကြိုးပမ်းရှာဖွေခဲ့သော် ထမင်းသော်သိုးရာ၏၊ အကျိုးကား လုံးဝပေါ်လိမ့်မည် မဟုတ်ချေ။

ထို့ပြင် လူသား၏ ကိုယ်ကာယတွင် အကြိုးဝင်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ သည်လည်း တန်ဘိုးအားဖြင့် တခုနှင့် အခြားတခု မတူကြချေ။

ဥပမာ-မျက်လုံးတလုံးကို ဖေါ်ထုတ်၍ ပေးမည်လော။

(သို့မဟုတ်) ခြေမတချောင်းကို ဖြတ်၍ ပေးမည်လော။

တမျိုးမျိုးကိုတော့ ပေးရမည်။ မပေးခဲ့သော် အသေသတ်မည်ဟု ဆိုလာချေသော် မျက်လုံးကိုထုတ်၍ ပေးမည့်သူ ပေါ်ပေါက်ပါမည်လော။

ဟင့်-အင်၊

ဒီလိုလူမိုက်မျိုး ဤကမ္ဘာလောကဌ် ရှိနိုင်မည် မဟုတ်ပါ၊ တဖန် အသင်၏မျက်လုံး တစုံကို ဖေါက်ထုတ်၍ ပေးရမည်။ (သို့မဟုတ်က)သင်၏လျှာကို အရင်းကဖြတ်၍ ပေးရမည်ဟု ဆိုလာပြန်လျှင် လူသားကား မျက်လုံးတစုံကို ကြည်ကြည်ဖြူဖြူပင် ထုတ်ဖေါက်၍ ပေးလှူလိုက်ပေလိမ့်မည်။

အကြောင်းမှုကား-မျက်လုံးကို ဖေါက်ထုတ်၍ ပေးလိုက်ခြင်းဖြင့် ချက်ခြင်း အသက်မသေဘဲ ဒုက္ခိတအဖြစ်နှင့် သက်ဆိုးရှည်၍ နေရဦးမည် ဖြစ်သောကြောင့်တည်း။

သို့ရာတွင် လျှာကိုဖြတ်တောက်မှုကား ထိုလူသားအား မကြာမတင် သေမင်းကဝင်သွားခြင်းကို ဖြစ်စေတတ်သောကြောင့် မည်သူမျှ ဤကိစ္စကို ပြုလုပ်လိမ့်မည် မဟုတ်ချေ။

မှန်လှ၏။ ကျွန်ုပ်တို့၏ ကိုယ်ကာယတွင် အကြီးဝင်တဲ့ အစိတ်အပိုင်းတို့တွင်လည်း အကြင်အစိတ်အပိုင်း တို့သည် အသက်နေနှင့် ပိုမို၍နီးစပ်ကြကုန်၏။ ၎င်းတို့၏တန်ဘိုးသည် ပိုမိုကဲသာမြဲ ဖြစ်ချေသည်။ အသက် နေ နှင့် နီး သ လောက် တန်ဘိုးကြီးသည်ဟု ဆိုလိုသည်။

တရံသော် မျက်စိနှစ်လုံး စုံလုံးမမြင်သော(ဝါ)အလင်း မရသော မျက်မမြင် ဒုက္ခိတ တယောက်သည် သိဇ်မင်း၏ ရွှေတော်မှောက်သို့ ဝင်ရောက်ခစားမိလေပြီ၊ အသင်သည်

မည်သို့သော ပစ္စည်းကိုအလိုရှိခြင်းကြောင့် ငါ၏ရှေ့မှောက်သို့ ဝင်ရောက်ခစားရလေသနည်း ?

ဟူ၍ မေးမြန်းသောအခါ ထိုသည့် ဒုက္ခိတ သူကဲ့ကြားက ဤသို့ ပြန်လည်လျှောက်ထားလေပြီ။

အရှင်မင်းမြတ်-

ကျွန်တော်မျိုးသည် မျက်စိနှစ်ကွင်း အလင်းမရတဲ့ဒုက္ခိတ သူကဲ့ကြားတယောက်ဖြစ်ပါသည်။အရှင်မင်းမြတ်မှာ အလင်းဝင်သော မျက်စိနှစ်လုံးရှိလေရာ ၎င်းအနက်မှ မျက်စိတလုံးကို ကျွန်တော်မျိုးအား ပေးလှူတော်မူပါ၊ကျန်ရှိသော မျက်စိတလုံးဖြင့် အရှင်မင်းကြီး မျှတတော်မူပါလော့။

ဤသို့လျှောက်ထားသော ဒုက္ခိတသူကဲ့ကြား၏ စကားကို ကြားရသော် သိဝိမင်းတြားကြီး၏နှလုံးအိမ်ကိုကြီးမားသော သောမနဿ ပီတိလှိုင်းလုံးကြီးများ ရိုက်ခတ်လေရာ အတော်ကြီး ကြာရှည်အောင် မှိန်းပြီးနေပြီးမှ ငြိမ်သက်၍ သွားလေတော့သည်။

အို····မျက်မမြင်ဒုက္ခိတ-ကောင်းစွ၊ ကောင်းစွ။

သက်ရှိ သက်မဲ့ပစ္စည်းအစုစုတွင် ငါမလှူဒါန်းဘူးသေးသော ပစ္စည်းကား ရှာမတွေ့အောင် ရှားပါးလှချေသည်။

အသင်ကား-မည်သူမျှမတောင်းခံဘူးသေးတဲ့ အင်္ဂါတွင်းက (ဝါ)အတွင်းပစ္စည်းတခုခုကို ဘောင်းရှာပေသူတကား။

သာဓု-သာဓု၊ အို····အချင်းလုလင်-

အသင်သည် ငါ၏အလိုဆန္ဒကို ပြည့်ဝစေသူ အမှန်ဖြစ်ချေသည်တကား။ ငါ၏ထံမှောက်သို့ တောင်းခံရန် လာ

ရောက်သူတိုင်း လိုအင်ဆန္ဒမပြည့်ဝဘဲ အချည်းနှီးသောလက်ဖြင့် ပြန်လည်သွားရတဲ့ထုံးကား လုံးလုံးမရှိခဲ့ဘူးသေးချေ။

ထို့ကြောင့် အသင်ဒုက္ခိတလည်း လက်ချည်းပြန်၍သွားရလိမ့်မည်မဟုတ်ချေ။ငါသည် သင်၏လိုအင်ဆန္ဒကို ပြည့်ဝစေအံ့၊ ထိုမျှကပါရိုးလား-အသင်က မျက်စိတလုံးသာတောင်းတဲ့နေရာမှာ ငါ၏သဒ္ဓါတရား အလွန်ထက်သန် ပွားများ၍လာခြင်းကြောင့် ငါ၏မျက်စိတစုံလုံးကိုပင် အသင်ဒုက္ခိတမျက်မမြင်အား လှူဒါန်းလိုက်ပေတော့အံ့။

ဤသို့မိန့်ကြားပြီးနောက် ဆတ္တာသည် သိဝကကိုခေါ်၍ သူ၏မျက်စိနှစ်လုံးကို ဖေါ်ထုတ်စေပြီးလျှင် ရက်ရက်ရောရော ဒလဟော စေတနာဖြင့် မျက်မမြင်ဒုက္ခိတအား ပေးကမ်းလိုက်လေသတည်း။

---

# ဗျဂ္ဃဇာတ်လာ အလောင်းတော် ရသေ့၏ ပရ-နယ်ချုပ်ပုံ

**မှတ်ချက်**။ ဤဇာတ်သည် မဟာယာနဂိုဏ်းသုံး ဇာတကမာလာမှ ကောက်နုတ်ချက်ဖြစ်သည်။

တနေ့သော် အလောင်းတော်သည် ဟိမဝန္တာတောအတွင်းဝယ် သစ်သီး သစ်ဖု၊ သစ်ဥများ ရှာဖွေပြီးနောက် မိမိ၏ကျောင်းသင်္ခမ်းသို့ အပြန်လမ်းရှာဖွေနေစဉ် တပြိုလုံး

လဲလျောင်း ပျော့ခွေ၍ နေကြသော ကျွားမိသားအုပ်ကို ရုတ်တရက်တွေ့မြင်လေပြီ၊ မိခင်ကျွားမကြီး ပိန်လှီကြုံလှီ အားကုန်ခန်းလျက်လဲနေရှာပြီ၊ သားငယ်ကလေး နှစ်ကောင်လဲ နို့မထွက်နိုင်သော ခြောက်သွေ့နေသည့် ကျွားမကြီး၏နို့ကို အချည်းအနှီးငုံလျက် လဲခွေ၍နေကြလေပြီ။

အကြောင်းမူကား— လွန်ခဲ့သော ရက်သတ္တပတ်ကျော်က အစာရှာဖွေရင်း သားကောင်ကို တအားလုံး၍ အုပ်လိုက်ရာတွင် ရှေ့ခြေနှစ်ဘက်တွင် ရှားငုတ်စူးဝင်တဲ့ ဒဏ်ကို ခံခဲ့ရလေသည်။

သို့ဖြစ်ရာ မိမိ၏အာဟာရအတွက် အစာရှာမထွက်နိုင်ဘဲ လဲခွေ၍နေခဲ့ရလေပြီ၊ဤအခြင်းအရာကို တွေ့မြင်ရသောအခါ အလောင်းတော်၏စိတ် ဤသို့ ဆင်ခြင်စဉ်းစားလေပြီ၊

အေး....ဟိမဝန္တာနယ် တောကြီးအလယ်၌ မြိုင်နန်းမယ်ဘွဲ့ဖြင့် ချီးကျူးလောက်သော ဤမယ်တော် ကျွားမကြီးကား-အာဟာရပြတ် ရေ အစာငတ်၍ မုချဆက်ဆက် သေပွဲဝင်ရချေတော့မည်။ ယင်းသို့မယ်တော်ကို သေမင်းက ခေါ်သွားခဲ့လျှင် သူ၏နို့ရည်ကို အမှီပြု၍ ကြီးမား ထွားကြိုင်းရမည့် ဤကျွားငယ် နှစ်ကောင်လဲ သူတို့ရဲ့ မယ်တော်၏နောက်သို့ ကောက်ကောက်မခွ လိုက်ပါချေတော့မည်၊ ငါကဲ့သို့သောကရုဏာရှင် မေတ္တာရှင်တယောက်နှင့် တွေ့ကြုံရပါလျက် ဤသက်ရှိသတ္တဝါသုံးဦး ဘဝကူးရမည့်အချက်ကား—အနာဂတ်ရာဇဝင်မှာ ငါ၏အတွက် လေးနက်သော ချက်ဖွယ်ကြီးတရပ်ဖြစ်၍ ကျန်ရစ်ခဲ့ပေလိမ့်မည်။

ယင်းသို့ တွေးတောဆင်ခြင်ပြီးလျှင် ကျားမကြီး၏ရှေ့ ခြေ၌ စူးဝင်နေသော ရှားငြောင့်ကို နုတ်၍ပေးပြီးနောက်—
အို....မယ်တော်ကြီး—
အသင်ဝမ်းမြို့၍ သက်ဆိုးရှည်မှသာ ထိုကျား ငယ်နှစ် ကောင် သင်၏နို့ ရည်ဖြင့် သက်တမ်းဆက်ကြရမည် ဖြစ်ခြင်း ကြောင့် အသင်စားသောက်ရန် အာ ဟာ ရ အ ဖြစ် ဖြင့် ဤခန္ဓာကိုယ် တခုလုံးကို ပေးလှူပါ၏။
အို....မယ်တော်ကြီး—
ငါ၏အသားကို စားသုံးပြီးလျှင် ပြည့်ဖြိုးသော နို့ ရည်ဖြင့် ကျားငယ်နှစ်ကောင်ကို သက်ဆိုးရှည်အောင် မွေးမြူရစ်ပါ လော ဟု ပြောဆိုပြီးနောက် ကျားမကြီး၏ရှေ့ တွင် အလျား မှောက်၍ ကြည်ကြည်ဖြူဖြူ မိမိ၏ ကိုယ်ကာယကို အသက်နှင့် တကွ ပေးလှူလိုက်လေသည်။

---

# ဗုဒ္ဓ အရှင်၏ ပရဟိတ လမ်းစဉ်

သိဒ္ဓတ္ထကုမာရမင်းသားသည် အတ္တဟိတနယ်အတွင်းသို့ မိမိကိုယ်တိုင်ဆွဲယူ၍စာရင်းသွင်းထားခဲ့သော ပရ-နယ်ထွက် တို့ကို (၀၁) ယသော်ဓရာ, ရာဟုလာနှင့်တကွသောသက်ရှိ သက်မဲ့ပစ္စည်းတို့ကို အကုန်စွန့်ပစ်ပြီးလျှင် သက်တော်(၂၉) နှစ် အရွယ်၌ တောထွက်ခဲ့လေပြီ။
ထိုနောက် 'လောကတ္ထစရိယ ဟူသော ပရဟိတလုပ်ငန်း စဉ်ကို ပြောင် ပြောင် မြောက် မြောက် အ ထောက် မ တန် ဆောင်ရွက်နိုင်ရန်အလို့ ငါ ဒုက္ကရစရိယာ ခြောက်နှစ် ကြာ

အောင် ကျင့်ကြံအားထုတ်ခဲ့လေပြီ။ (၀၁)မိမိ ကိုယ်တိုင် အရည်အသွေးပြည့်စုံရေးအတွက် ကြိုးပမ်းခဲ့လေပြီ။

သုံးဆယ့်ငါးနှစ်အရွယ်တွင် မိမိ၏ရည်မှန်းချက် အားလုံး နိဂုံးသတ်ပြည့်စုံခဲ့လေပြီ၊ ထိုနေ့မှစတင်၍ ဗုဒ္ဓ-ဟူသော ဘွဲ့ထူးကို ကိုယ်တိုင်ဆွတ်ခူး၍ ဆင်မြန်းပြီးလျှင်ပြီးချင်း ပရဟိတ လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့လေပြီ။

---

# မိဂဒါဝုံ တောရဂုံသို့

ပရ-နယ်ပယ်ကား ကျယ်ဝန်းလှ၏။ အပိုင်းအခြား အကန့်အသတ်ပင် ကင်းမဲ့သလောက် ထင်ရသည်။ ထို့ကြောင့် ဗုဒ္ဓသည် လုပ်ငန်းကို စလျှင်စခြင်း ပရဟိတလုပ်သား အများကြီး လိုကြောင်းကို တွေ့ရလေပြီ၊ သို့ဖြစ်ရာ ဗုဒ္ဓဂယာ၌ အချိန်များစွာ ဆိုင်းငံ့၍ မနေတော့ဘဲ ပဥ္စဝဂ္ဂီ (၀၁)ငါးဦးပါတီ စုဝေး၍ တည်ရာဖြစ်သော ဗာရာဏသီ မြို့အနီးရှိ မိဂဒါဝုံအမည်ရှိသော တောရဂုံသို့ ခြေစုံပစ်၍ ကြွသွားခဲ့လေပြီ။

ဗုဒ္ဓသည် ထိုပုဂ္ဂိုလ်ငါးဦးတို့အား ဓမ္မစကြာတရားကို လက်ဦးစွာ ဟောကြားခဲ့ပြီ။

အကြောင်းမူကား- ဓမ္မသဘာဝကို တိကျပြတ်သားစွာ သိမြင်၍ အမြင်မှန်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိဉာဏ် ရရှိရန် အပြင်းအထန် လိုအပ်သောကြောင့်တည်း။

ဍင်းတို့ငါးဦးလုံး သစ္စာဉာဏ်ဟု ဆိုအပ်သော အမြင်မှန် ပေါက်ပြီးသည်နှင့် တပြိုက်နက် ဗုဒ္ဓသည် ဆက်လက်၍ အနတ္တ ဒေသနာကို ၎င်းတို့အား ဟောပြသွန်သင်ကြားခဲ့လေပြီ။

ဤ အနတ္တဒေသနာကား- ပရဟိတ တရားတော်အစစ် ဖြစ်သည်။ ဗုဒ္ဓသည် နက်နဲသော အဘိဓမ္မာနယ်၌ ဤအနတ္တ ဟူသော ဝေါဟာရကိုသုံး၍ ကျယ်ပြန့်သော လောကဓါတ်တခု လုံး အတွက် မှ ပရဟိတဆိုတဲ့ ပဒစယကို လက် သုံး ပြု ခဲ့ လေပြီ။

အမှန်မှာ- ဤနှစ်ခုသော ဝေါဟာရတို့သည်—

နံပါတ် (၁)က နိတတ္တ၊

နံပါတ် (၂)က နေယျတ္တနည်းဖြင့် တခုတည်းသော သဘောတရားကိုသာ ရည်ညွှန်းကြသောကြောင့် သဘာဝ အားဖြင့် အတူတူပင် ဖြစ်ကြကုန်၏၊

ရှင်းဦးစို့၊ အနတ္တဟူသော ဝေါဟာရကို အနက်ပြန်ဆို တဲ့အခါမှာ မမြဲသော၊ အစ မရှိသော၊ အဆုံး မထင်သော ဝိညာဏ်ခေါ်(ဝါ)ဇီဝခေါ်(ဝါ)အတ္တခေါ် သဘောတရား မျိုး မရှိဟူသော အဘိဓမ္မာနယ်အတွက် သက်သက်အသုံး ပြုရတဲ့ အနက်နှင့်တကွ ငါမဟုတ် ငါ့ဟာ (ဝါ) ငါ့ဥစ္စာ မဟုတ်ဟူသော အနက်နှစ်မျိုးကို အထူးဂရုပြု၍ ကြည့်ရှု ရာ၏။

၎င်းတို့တွင် နံပါတ် (၁) အ နက် ကို အဘိဓမ္မာနယ်၌ ကျက်စားကြကုန်သော အဘိဓမ္မာဆရာများအတွက် သော့ အချက်ချက်ပိတ်ပြီး ချိပ်နှိပ်၍ ထားလိုက်ကြပါဦးစို့။

ထို နောက် ဒုတိယအနက် ထွက်ပေါ်လာပုံကို စစ်ဆေးဝေဖန်ရာ၏။ အနတ္တ (ဝါ) ငါ့အတွက် မဟုတ် ဟူသောအလုံးကား- ပဋိသေဓ အနက်ဖြင့် အနည်းငယ်ကို ကောက်ယူရန် ညွှန်ပြသော အသုံးဖြစ်သည်။ ငါ့အတွက်(ဝါ)ကိုယ့်အတွက် မဟုတ်ခဲ့သော် မည်သူ့ရဲ့ အတွက်နည်းဟူသောအမေးပြဿနာ ပေါ်ထွက်လာလေသည်။

ထိုအမေး၏ အဖြေကို အထူးကြိုးကုတ် ချွေးတုတ် တုတ်ကျအောင် ရှာဖွေ ဖေါ်ထုတ်နေရန် လိုပါသေးသလော။

၎င်း၏ အဖြေကား- ဗုဒ္ဓရှင်တော်ဘုရား၏ လောကတ္ထစရိယ လုပ်ငန်းကြီး တရပ်လုံးပင် မဟုတ်တုံလော။ (ဝါ) ဗုဒ္ဓကိုယ်တိုင် စတင် တည်ဆောက်လိုက်တဲ့ ပရဟိတ လုပ်ငန်းကြီး တရပ်လုံးပင် မဟုတ်တုံလော။

---

# ဗုဒ္ဓ၏ ပရဟိတ စာချွန် တော်

ဗုဒ္ဓသည် ပထမ ဝါတွင်းသုံးလ မိုးရာသီကို ပရဟိတသင်တန်းပေးခြင်းဖြင့် မိဂဒါဝုံတောတွင် ကုန်လွန်စေခဲ့ပြီ။ ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ ယသအပြင် ၎င်း၏ မိတ်ဆွေ (၅၄) ယောက် အားလုံး စုစုပေါင်း ခြောက်ဆယ် တိ တိ ရှိသောပရဟိတ လုပ်သားများကို စည်းရုံးနိုင်ခဲ့ရာ ဗုဒ္ဓကိုပါ စာရင်းသွင်းလိုက်လျှင် ခြောက်ဆယ်နှင့် တစ် ဖြစ်လေတော့သည်။

၎င်းအားလုံးတို့သည် (ကတံ ကရဏီယံ) ဟုဆိုသည့် အတိုင်း မိမိတို့၏ ကိုယ်ရေးကိုယ်တာ လုပ်ဘွယ်ရာ ရှိသမျှကို တိတိကျကျ မိမိရရ လုပ်ပြီး ကိုင်ပြီးတို့သာ ဖြစ်ကြကုန်၏၊ လူသားတိုင်း လူသားတိုင်း တောင့်တရည်မှန်းရာ ဖြစ်သော ဘဝလွတ်မြောက်မှုကို သူတို့အားလုံး ရရှိ၍ ပြီးကြလေပြီ၊ (ဝါ) ဘဝ၏နှောင်ကြိုး အားလုံးပင် အထုံးကလေး တခု မျှမကျန်အောင် ဖြတ်တောက်၍ (ဝါ) ပြီ ကျ၍ သွားကြ လေပြီ။

၎င်းတို့၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယတို့ သည် လည်း အညစ်အကြေးနှင့် ချေးညှော် အကုန်ကျွတ်သဖြင့် သံတွယ်လွတ် အခြေသို့ ဆိုက်ရောက်ကြပြီး ဖြစ်သောကြောင့် ဗဟိဒ္ဓဟု ဆိုအပ်သော အပြင်ကပ္ပါလောကအတွင်း၌ ၎င်းတို့ ၏ ဣန္ဒြေ ခြောက်မျိုးကို ကိုးရိုးကားရားဖြစ်၍ ခေါင်းထောင် လာအောင် ဆွဲဆောင်ခြင်းငှါ စွမ်းနိုင်သော အာရုံကား တခုတလေမျှ မရှိကြတော့ပြီ။

သို့ဖြစ်ရာ သူတို့သည် ကိုယ်ရေးကိုယ်တာ ကိုယ်ရဲ့အာ သာပြည့်ဝရေးအတွက် ဘာမျှလုပ်ကိုင်စရာ မရှိသော အခြေ သို့ ဆိုက်ရောက်နေကြပြီ မဟုတ်တုံလော။

ထိုကြောင့် တနေ့သော ညနေချမ်း အချိန်တွင် မိဂဒါဝုံ တောအတွင်း၌ သူတို့အားလုံး စုရုံးမိကြသောအခါ ပဉ္စဝဂ္ဂီ ငါးဦးတို့က ဦးဆောင်၍ ဗုဒ္ဓအား ဤသို့ လျှောက်ထားကြ လေပြီ။

အရှင်မြတ်ဘုရား—

တပည့်တော်များသည် အရှင်မြတ်၏ အလိုဆန္ဒအတိုင်း ဆိုလျှင် အားလုံးသော ဘဝခြေကျင်း နှောင်ကြိုး ကွင်းတို့မှ ရှင်းရှင်းပြတ်ပြတ် ကင်းလွတ်ကြပါကုန်ပြီ၊ ရဟန်းတို့ ပြုသင့် လုပ်ရန် ကိစ္စမှန်သမျှကို ဆောင်ရွက်လုပ်ကိုင်၍ ပြီးကြပါပြီ။ ယင်းတို့လုပ်ကိုင်ကြိုးပမ်းမှုကြောင့် ရသင့်ရထိုက်သော လက် ငင်းအကျိုးကို ရရှိကြ၍ ရောက်သင့်ရောက်ထိုက်သောအဆင့် အတန်းသို့လည်း ရောက်ရှိကြပါကုန်ပြီ၊ ဘဝ၌ တွယ်တာ တပ်ငြိမှု တခုမကျန် တော်လှန်ပြီးပြီဖြစ်၍ တပည့်တော် များအတွက် တပ်မက်ခင်တွယ် ချစ်စဖွယ်နှင့် လိုဘွယ် အား လုံးသုဉ်း၍ သွားကြပါကုန်ပြီ။

သို့ဖြစ်ရာ တပည့်တော်များ၏ ကြွင်းကျန် နေသေးသော ဘဝသက်တန်း မရှည်မလှမ်းလှတဲ့ အချိန်ကလေးကို မည်သို့ သော ကိစ္စအတွက် အသုံးပြုကြရပါမည်နည်း။

ကာမသုခ၏ နေရာတွင် ဈာနသုခနှင့် ဖလသုခကို အစား ထိုး၍ ခံစားခြင်းဖြင့် တပည့်တော်များ၏ ကျန်ရှိနေသေးတဲ့ အချိန်ကို ဖြုန်း၍ ပစ်ရမည်လော။

တပည့်တော်များ မည်သို့ကျင့်သုံး နေထိုင်၍ မည်သို့ သောကိစ္စများကို လုပ်ကိုင် ဆောင်ရွက် ကြရပါမည်နည်း။

ထိုအခါ ဗုဒ္ဓသည် ဤသို့ မိန့်ကြားတော်မူလေပြီ။

ဟုတ်လှပြီ ရဟန်းတို့—

ငါးဘုရားနှင့်တကွ အားလုံးသော သင်ချစ်သားတို့မှာ ဤကမ္ဘာလောကအတွင်း၌ ခင်မင်စွဲကပ် လိုအပ်သောအရာ

ဘာတခုမျှ မရှိတော့ပြီဖြစ်၍ လိုသမျှဥဿုံ အကုန်စုံ၍နေကြလေပြီ၊ ယင်းသို့ ဖူလုံနေကြပြီး ဖြစ်သောကြောင့်လည်း မိမိတို့၏ ကိုယ်ကျိုး ကိုယ်စီးပွားအတွက် အားဘက် မာန်ပါ ဘာကိုမျှ လုပ်ကိုင်စရာမရှိကြတော့ပြီ။

သို့ရာတွင် အို—ချစ်သားတို့—

အတ္တဟိတ လုပ်ငန်းကား သဘာဝအားဖြင့် သေးငယ်သော လုပ်ငန်းမျှဖြစ်ရာ နယ်ပယ်အားဖြင့်လည်း အလွန်အမင်း ကျဉ်းမြောင်းလှချေသည်။

သို့ဖြစ်ရာ ငါဘုရားနှင့် တကွသော အသင်ချစ်သားတို့သည် အဆုံးသတ်နှင့် အပိုင်းအခြားလည်း မယှဉ်၊ နယ်နိမိတ်နှင့် ဂ-လနားလည်း မထင်အောင် ကျယ်ဝန်း ပွံ့ပျူးလှသော ပရဟိတနယ်အတွင်းသို့ ချင်းနင်းဝင်ရောက်ပြီးလျှင် ကောက်သင်းကောက်စရာမျှ မကျန်ရအောင် သူ့ကျိုးကို သယ်ပိုးဆောင်ရွက်ကြရပေမည်။

ထို့ကြောင့်—

## ပရဟိတ စာချွန်တော်

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ မာ ဧကေန ဒွေ အဂမိတ္ထ။

ရဟန်းတို့-

လှည့်လည် ကြွသွားကြကုန်လော့။လိုရာအကျိုး ပြည့်ဝဖြိုးသဖြင့် လူသားတရပ်လုံး အမြဲတစေ ပျော်ပြုံး၍ နေနိုင်ရန်

အလို့ငှါငှင်း၊ လူသားထုတရပ်လုံး၏ ကိုယ်စိတ်နှလုံး မနှုံးမနွမ်း၊ အမြဲတမ်းလန်း၍ နေစေရန် အလို့ငှါငှင်း၊ လူရော၊ နတ်ပါ အကြွင်းမဲ့သော သတ္တဝါတို့၏ ပစ္စုပ္ပန် အကျိုး ပွါးတိုးဖွံ့ထွား၊ပွင့်ကားဝေဆာ၊ ချမ်းသာကြစေရန် အလို့ငှါငှင်း၊ သဝိညာဏက လောကတခုလုံးကို သိမ်းကြုံးမိုက်ငုံမိသော မေတ္တာကရုဏာတို့ဖြင့် ထိုထို၍၍ အလီလီသော အရပ်ဒေသ တိုင်းပြည်ဌာနများသို့ မရပ်မနား ဒေသစာရီကြွချီကြကုန်ပြီးလျှင် လောကသား တရပ်လုံး၏ ကောင်းကျိုးကို သယ်ပိုး ထမ်းဆောင်ကြကုန်လော့။

ရဟန်းတို့—

တကြောင်းတည်းသော လမ်းမှာ–နှစ်ပါးတွဲကာ မသွားကြပါကုန်လင့်၊ အဖော်မမှီး တခရီးမှာ တပါးထည်းသာ ကြွချီကြပါလေလော့။

၍သည်ကား- ဗုဒ္ဓကိုယ်တိုင် ရှေးဦးစွာ ထုတ်ပြန်လိုက်သော ပရဟိတ စာချွန်တော် ဖြစ်သည်။

ထိုနောက် ပရဟိတ လုပ်ငန်းကား - ကြီးလေးလှစွာ၏၊ ထို့ပြင် ပရဟိတ နယ်ပယ်လည်း ကျယ်ဝန်းလှချေ၏၊ လုပ်ငန်းနှင့်နယ်ပယ် ကြီးလေး၍ ကျယ်ပြန့်သလောက် ပရဟိတ လုပ်သားအင်အား ကြီးမားဘို့လိုသည်။

ဟူ၍ ဗုဒ္ဓအရှင် သိမြင်တော်မူလေရာ အတ္တဟိတဟုဆိုအပ်တဲ့ ကိုယ်ကျိုးကို ရက်ရက်စက်စက် ပယ်ဖျက် စွန့်လွှတ်

လျက် ထွက်လာခဲ့ကြကုန်သော ဥရုဝေဠ ကဿပညီနောင် သုံးယောက် ဦးစီးတဲ့ ရှင်တထောင်ကို ပရဟိတ လုပ်ငန်း အတွက် စည်းရုံးရန် သတိပြုမိတော် မူလေသည်။

၎င်းတို့ကား— နှယ်နှယ် ပုဂ္ဂိုလ်များ မဟုတ်ကြချေ။

ဇာတိဝါဒအရ ဇာတ်အားဖြင့်လည်း မြင့်မြတ်သူများ ဖြစ်ကြကုန်၏။

ပညာ အရည်အချင်းအားဖြင့်လည်း တင်းပြည့် ကျပ်ပြည့် များ ဖြစ်ကြကုန်၏။

အကျင့်စာရိတ္တအားဖြင့်လည်း သန့်ရှင်းစင်ကြယ်သူများ ဖြစ်ကြကုန်၏။

လိုရင်းဆိုရလျှင် ၎င်းတို့သည် သေတ္တာမှောက် အသုံးချ လို့ ရနိုင်သူတို့သာ ဖြစ်ကြကုန်၏။ ထို့ကြောင့် ဗုဒ္ဓကိုယ်တော် တိုင် ၎င်းတို့၏အထံသို့ ကြွသွားပြီးလျှင် ပရဟိတ လုပ်သား ဦးရေ တိုးချဲ့တော် မူ ခဲ့ လေ သည်။ ထိုနောက် ထိုမျှပြောင် မြောက်ကြကုန်သော ကဿပတို့က တ ပည့်ခံ ကြ လေသ လော။ (ပါ)သမဏ ဂေါတမကပင် သူတို့ထံမှာ တပည့်ခံ လေသ လော။

ဟူ၍ အများလူထု တွေးတောဖွယ် ဖြစ်လောက်အောင် အရည်အချင်းနှင့် အဆင်းမှာလဲ တူရောင်ယိုးမှား လိုက်ကြ ကုန်သော ပရဟိတ လုပ်သားတထောင်ကို ဗုဒ္ဓ ကိုယ် တိုင် ဦးဆောင်၍ ထိုခေတ် ထို သ မ ယ ၌ အတိုးတက်ဆုံးဖြစ်တဲ့ ဗိမ္ဗိသာရမင်းရဲ့ မြို့တော်ရာဇဂြိုဟ်ကို အပြီးအပိုင် စီး နင်း အောင်နိုင်ပြီးလျှင် ပရဟိတ လုပ်ငန်းကြီးကို စတင် တည် ထောင်ခဲ့လေပြီ။

ငင်း မြို့တော်သို့ ရောက်၍ မကြာမီအတွင်း၌ပင် ဗုဒ္ဓသည် ဥပတိဿနှင့် ကောလိတ အမှူးပြုသော ပရဗိုဇ် (၁၀၀)တို့ ကို သိမ်းသွင်းလျက် ပရဟိတ လုပ်သား စာရင်းကို တိုးချဲ့ခဲ့ လေသည်။

ဗုဒ္ဓ၏ပရဟိတ လုပ်သားစုဆောင်းရေး လုပ်ငန်းသည် ရာဇဂြိုဟ်မြို့တော်သူ အပျိုဖြူ နှဲ့နှဲ့နှောင်းတို့၏ ပြူစူစောင်း မြောင်းမှုကို ခံရသလောက်အောင် ထမြောက်တိုးတက်ခဲ့ လေပြီ၊ ရာဇဂြိုဟ်မြို့တော်သား အိမ်ထောင်သည် ယောက်ျား ကြီးများသည် သားနှင့်မယားတို့ကို စွန့်ပစ်၍ ထို့ပြင် လူပျို လူရွယ် လူငယ်ပိုင်းတို့ကလည်း မိမိတို့၏ အချစ်နှာလှတဲ့ အသဲ ညွှာတို့ကို စွန့်ပစ်၍ ဗုဒ္ဓ၏နောက်သို့ ကောက်ကောက်မသွေ လိုက်ပါ သွားကြလေသောအခါ–

အာဂတော ခေါ မဟာသမဏော၊
မာဂဓာနံ ဂိရိဗ္ဗဇံ။
သဗ္ဗေ သဉ္စယေ နေတွာန၊
ကံသု ဒါနိ နယိဿတိ။

မဟာသမဏော၊ ရဟန်းကြီး ရှင်ဂေါတမသည်။ မာဂ ဓာနံ၊ မဂဓ တိုင်းသူတိုင်းသားတို့၏။ ဂိရိဗ္ဗဇံ၊ တောင်ငါး လုံးကာရံ ရာဇဂြိုဟ်သို့။ အာဂတော၊ မပင့်မခေါ် အလို တော် အလျောက် ကြွရောက်၍ လာပြန်ချေပြီ။ သဗ္ဗေသဉ္စယေ၊ သိဉ္စည်းဂိုဏ်းသား ပရဗိုဇ် အများတို့ကို။ နေတွာန၊ သွေး ဆောင် ခေါ်ယူသွားပြီး၍။ ဒါနိ၊ ယခုတကြိမ်၌။ ကံ၊ ဘယ်သူ့ ရည်းစား ဘယ်လင်သားကို။ နယိဿတိ၊ အတင်းဟော

ချွတ် ဖွတ်ဒရွတ်မရှောင် သွေးဆောင် ခေါ်ယူ၍ သွား ချိမ့်မည်နည်း။

ရာဇဂြိုဟ်မြို့နန်း-ဖြောင့်တန်းသာကြည်၊
ရဟန်း ဂေါတမ-ဟော့ ကြွလာပြီ။
သိဥ္စည်းဂိုဏ်းသား-ခေါ်သွားစုံညီ၊
ဟော-ယခု၊ ဘယ်သူ့ လင်ကိုချီ၊

ဤသို့စသည်ဖြင့် ရာဇဂြိုဟ်မြို့တော် သူတို့၏ ငြူစူစောင်း မြောင်းခြင်းကို ခံခဲ့ရလေပြီ။

ဆိုလိုရင်းမှာ-ယောကျ်ားသားတွေ ကုန်ပျောက်၍ သွား မှာကို မိန်းမသားတို့က စိုးရိမ်ယူရလောက်အောင်ပင် ဗုဒ္ဓ အရှင်၏ ပရဟိတလုပ်သား စုဆောင်းရေး လုပ်ငန်းကြီး အောင်မြင်ခဲ့သည်ဟု ဆိုလိုသည်။

ပဥ္စဝဂ္ဂီ ငါးပါးနှင့်တကွ ၆၀-သော ဗုဒ္ဓ၏ ပရဟိတ တပ်သား စုဆောင်းရေးဝန်ဆောင် ပုဂ္ဂိုလ်များသည် တာ ဝန် ကျေပြွန်စွာ ဆောင်ရွက်ခဲ့ကြပေ၏။ ဤနေရာ၌ ပဥ္စဝဂ္ဂီ ငါးဦးတို့တွင် အငယ်ဆုံးဖြစ်သော အရှင်အဿဇိ မထေရ်၏ ပရဟိတလုပ်သား စုဆောင်းရေးတွင် အောင်မြင်ပုံ ကလေး ကို ဖေါ်ထုတ်သင့်လေသည်။

တနေ့သော် အရှင်အဿဇိ မထေရ်သည် ရာဇဂြိုဟ်မြို့ တွင်းသို့ ဆွမ်းခံလှည့်လည်၍ နေလေပြီ။ ထိုအခါ ဥပတိဿ မည်သော ပရဗိုဇ်တဦးသည် ခပ်လှမ်းလှမ်းမှ ထိုမထေရ်ကို မြင်လိုက်လျှင်ပင် ထိုပုဂ္ဂိုလ်၏ သွားပုံ လာပုံ ကြည့်ပုံ ရှုပုံနှင့် တကွ လုံခြုံသော ဣန္ဒြေရှိပုံကိုထောက်၍ ရင်းမှာ တရား

ထူး တရားမြတ်ကိန်းဝပ်လျက်ရှိပြီးဟု ဆုံးဖြတ်လိုက်လေသည်။

ထိုနောက် အခါအခွင့်ကို စောင့်ဆိုင်း၍ သင့်တင့်လျောက်ပတ်သော အချိန်တွင် မည်သူ၏ ဘုရားဓမ္မကို လိုက်နာ ကျင့်သုံးသနည်း ဟူ၍ မေးမြန်းလေပြီ။

ထိုအခါ အရှင်အဿဇိမထေရ်က ငါသည် ဗုဒ္ဓဂေါတမ၏ တရားလမ်းစဉ်ကို ကျင့်သုံးပါသည်။ ထိုတရားတော် အကုန်အစင်ကို မူကား– သင့်တို့အား ဟော၍ မပြနိုင်ပါ၊ သို့ရာတွင် အနည်းအကျဉ်း ဆိုလိုရင်း ဓမ္မကိုမူ ညွှန်ပြနိုင်ပါသည်ဟု ဆိုလေပြီ။

နည်းဒါများဒါ ပဓါနမဟုတ်ပါ၊ သဘာဝ အမှန်ကိုသာ ငါတို့အလိုရှိပါသည်။ အမြွက်မျှသာ ဗုဒ္ဓ၏ဩဝါဒကို ညွှန်ပြပါဟူ၍ ဥပတိဿပရိဗိုဇ်က ဆိုလေသော် အရှင်အဿဇိမထေရ်က အောက်ပါ ဂါထာတပုဒ်ကို ရွတ်ဆို၍ ပြလိုက်လေပြီ။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။

ဟူသော ပထမ နှစ်ပုဒ်သို့ ရောက်လျှင် ဥပတိဿသည် ဂါထာလေးပိုဒ် ဆုံးအောင်ပင် ငံ့ဆိုင်း၍ မနေနိုင်တော့ဘဲ ငါ့ ရှင်ရပ်ပါတော့၊ တော်ပါတော့၊ တပည့်တော် အမြင်မှန်ရောက် သဘော ပေါက်ပါပြီ–

ဟု လျှောက်ထားပြီးလျှင်ဘုရားရှင်သီတင်းသုံးနေထိုင်ရာ အရပ်ကို မေးမြန်းလျှောက်ထားလိုက်လေသည်။ ထိုနောက်

အမှန်တရားကို ရှာဖွေရာ၌ ရောင်းရင်းဖြစ်သော (ဝါ) ယေပေါ်င်းအတူနေ ဖြစ်သော ကောလိတ ပုရ မိုဇ် ထံ သို့ သွားပြီးလျှင်—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

ဟူသော အရှင်အဿဇိမထေရ်၏ ဂါထာတ ပုဒ်လုံးကို အဆုံးတိုင်ရောက်အောင် ရွတ်ပြလေရာ ကောလိတ ပရမိုဇ် လည်း အမြင်မှန်ပေါက်၍ အလင်းဥာဏ်သို့ ဆိုက်ရောက်သွားလေသည်။ ထို ဂါထာ၏ မြန်မာပြန်မှာ အောက်ပါ အတိုင်း ပင်တည်း။

အားလုံးရှိသမျှ—သင်္ခါရတွေ၊
ဟေတုကြောင်းရင်း—မကင်းသလေ။
ကြောင်းရင်းဖေါ်ထုတ်—ငြိမ်းချုပ်ညွှန်ချေ၊
ဤဝါဒ—ဟောပြ နို့မုဒ္ဓေ။

ဤပရိမိုဇ် နှစ် ဦး ကား— အ ရှင် အဿဇိ၏ စွမ်းရည်ကြောင့် ဗုဒ္ဓ၏ ရှေ့တော်မှောက်သို့ ရောက်ကြရသော ပရဟိတ လုပ်သားများ ဖြစ်ကြကုန်၏။ သူတို့သည် ထူးခြားကဲလွန် ချွန်ထက်သော အရည်အချင်း၊ သန့်ရှင်းသော အမြော်အမြင်၊ စင်ကြယ်သော အကျင့်စာရိတ္တ၊ ပြည့်ဝသော ပါရမီတို့ ကြောင့် မကြာမီကာလအတွင်း ဗုဒ္ဓ၏ ပရဟိတ တပ်မတော်တွင် ဗိုလ်ချုပ်ကြီးများဖြစ်၍ လာကြလေကုန်ပြီ။

ဤသို့အားဖြင့် ပရဟိတ လုပ်သား များ ကို စုဆောင်းလျက် လောကသားတို့၏ တိုးတက်ရေးဟူသော ပရဟိတလုပ်ငန်းကြီးကို ယောကျ်ားလုပ်သား သက်သက်ဖြင့် ဆောင်ရွက်လာခဲ့ရာ ငါးနှစ်မြောက်သော အခါ၀ယ် မဟာပဇာပတိ ဂေါတမီ အမှူးပြုသော သာကီ၀င် အမျိုးသမီး ငါးရာတို့ကို ဘိက္ခုနီ (၀ါ) ရဟန်းမအဖြစ်ဖြင့် လက်ခံလိုက်ခြင်းကြောင့် ပရဟိတလုပ်သွီး တပ်ဦးကြီး လည်း ဖွဲ့စည်းပြီး ဖြစ်သွားလေတော့သည်။

ထိုအခါ ပရဟိတလုပ်သားနှင့် လုပ်သွီးအင်အားစုကြီးဖြင့် ဗုဒ္ဓသည် လောကသားအားလုံး သိမ်းရုံး ပိုက်ငုံမိသော လောက ကယ်တင်ရေး ပရဟိတလုပ်ငန်းကြီးကို (၄၅)နှစ်တိုင်တိုင် မလှုပ်မယိုင် ကြံ့ခိုင်သောဇွဲနှင့် စွဲစွဲမြဲမြဲ သဲသဲမဲမဲ ဆောင်ရွက်တော်မူခဲ့လေပြီ။

---

# ဗုဒ္ဓ၏ ပရဟိတခရီးစဉ်

ဗုဒ္ဓသည် လောကတ္ထစရိယဟူသော ပရဟိတလုပ်ငန်းကြီးကို အပြီးတိုင်ဆောင်ရွက်ရန် (၀ါ)လောကသားဖြစ်တဲ့ ဒုက္ခိတသတ္တ၀ါများကို ကယ်တင်ရန် အလွန်ပြင်းထန်သော ဆန္ဒဓါတ် ထားရှိခဲ့သည်၊ ထိုသို့သောဆန္ဒနှင့် ကိုက်ညီဆီလျော်သော ဝိရိယဓါတ်လည်း ဗုဒ္ဓ၌ အမြဲတစေ ကိန်းဝပ်လျက်ရှိချေသည်။

ဤသဘာဝကို ထင်ရှားပေါ်လွင်စေရန်အလို့ငှါ မူလ နိကာယ်ကြီး လေးရပ်တို့ကို အထောက်အထားပြု၍ (၄၅) နှစ်တိုင်တိုင် ဗုဒ္ဓကိုယ်ဘိုင် လှည့်လည်ကြွသွားခဲ့သော ဒေသ စာရီခရီးစဉ်ကို ထုတ်ဖေါ်သင့်လေသည်။

ဗုဒ္ဓ၏ခရီးစဉ်တွင် ဂယာနှင့် ဗာရာဏသီတို့သည် အထင် အရှားဆုံး ဒေသဖြစ်ကြကုန်၏၊ အကြောင်းမူကား-ဂယာ တွင် ဗုဒ္ဓသည် သဗ္ဗညုတအစစ် ဘုရားအဖြစ်သို့ ရောက်ခဲ့ သည်၊ ဤဖြစ်ရပ်သည် ကပ္ပါရာဇဝင်၌ ကြုံကြိုက်ရန် အလွန် အထူး ခက်ခဲသော ကိစ္စတရပ် ဖြစ်သည်။

ဗုဒ္ဓုပ္ပါဒကား—ဒုလ္လဘပင်မဟုတ်တုံသော၊ ဗာရာဏသီ ကား ဗုဒ္ဓ၏တရား စကြာ စတင်၍ လှည့်ရာဌာနဖြစ်ခဲ့သည်၊ ဘာသာတရား နေဝန်း ပြူထွန်း ထွက် ပေါ် ရာ ဒေ သ ဖြစ် သည်။

သို့ဖြစ်ရာ ဤအဖြစ်အပျက်လည်း သဒ္ဓမ္မဿဝနံ—အတိ ဒုလ္လဘံနှင့် ဖက်စပ်လိုက်လျှင် ခက်ရပ်တို့တွင် နံပါတ်စဉ် တပ်၍ မဖြစ်နိုင် လောက်အောင် ခက်ခဲသော ဖြစ်ရပ်တခု ပါပေ။

သို့ဖြစ်ရာ ဂယာနှင့် ဗာရာဏသီတို့သည် ဗုဒ္ဓ၏ဖြစ်စဉ် ၌၎င်း၊ ကပ္ပါသမိုင်းအစဉ်၌၎င်း အထူးခြားဆုံး ဟူသော အမြတ်စား နာမဝိသေသန ပုဒ်ကို တပ်ဆင်နိုင်သော ဌာန များဖြစ်ကြ ကုန်၏။

သို့ရာတွင် ဟိတ်ကြီး ဟန်ကြီးလုပ်၍ စတိုင်ထုတ်လိုသော အခြားပုဂ္ဂိုလ်များကဲ့သို့ ဗုဒ္ဓသည် ထိုဌာနများသို့ ခဏခဏ မကြွရောက်ခဲ့ချေ၊ နိကာယ်ကြီး များအရဆိုလျှင် ဗုဒ္ဓသည်

ဗာရာဏသီသို့ မရောက်သလောက်ပင်၊ ဂယာသို့မူကား–တခေါက်သာလျှင် ပြန်လည်၍ ရောက်ခဲ့သည်။

စင်စစ်မှာ–ဗုဒ္ဓသည် ကယ်တင်ရေး ရှေ့ဆောင် ဖြစ်ခြင်းကြောင့် ကိုယ်တော်တိုင် ကယ်တင်ရမည့် သတ္တဝါအများတည်ရှိရာ ဌာနဖြစ်တဲ့ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေသာလီ၊ ကောသမ္ဗီ၊ မြို့တော်များသို့ ကြွရောက်ခဲ့လေသည်။ ၎င်းတို့ကား–ထိုခေတ် ထိုအခါက မဇ္ဈိမတိုက်ခေါ်တဲ့ အလယ်ပိုင်းဇမ္ဗူဒီပတွင် ပေါ်လွင်ထင်ရှားတဲ့ မင်းနေပြည်တော်များ ဖြစ်ကြကုန်၏။ ဗုဒ္ဓ၏ ဇာတိချက်ကြွေ အမွေရွာ ဖြစ်သောကပိလဝတ္ထုမြို့ကား– သာဝတ္ထိနှင့် ဝေသာလီ အကြားတွင် တည်ရှိရာ ၎င်းမြို့တွင် ဆွေတော် မျိုးတော်ပေါင်း ထောင်သောင်းမက ရှိခြင်းကြောင့် ဗုဒ္ဓအရှင် ကြွဝင်ခဲ့သည်မဟုတ်ပါပေ၊ စင်စစ်မှာ–ဗုဒ္ဓ၏ခရီးလမ်းတွင် တည်ရှိနေခြင်းကြောင့်သာလျှင် ဖြစ်ချေသည်၊

ဗုဒ္ဓ၏ ကြွသွားနေကျ လမ်းစဉ်ကား– အထက်၌ ဖေါ်ထုတ်ခဲ့သည့်အတိုင်းပင် အသွားအပြန် ဖြစ်ဟန်ရှိ၏။ ကောသမ္ဗီနှင့် ရာဇဂြိုဟ်အကြားမှာ မဟုတ်ချေ၊အကြောင်းမူကား–ရာဇဂြိုဟ်မှ ခရီးစဉ်သည် ဗာရာဏသီနှင့် ဂယာဘက်သို့ ညွှန်လျက်ရှိသောကြောင့်တည်း။

သာဝတ္ထိမှ ရာဇဂြိုဟ်သွားလမ်းတလျှောက်၌ ရပ်နားရန်စခန်းထောက် နေရာများရှိသည်။ သာဝတ္ထိမှ စ၍ ထွက်ခဲ့လျှင် သေတဗျ၊ ကပိလဝတ္ထု၊ ကုသိနာဂရ၊ ပါဝါ၊ ဟတ္ထိဂါမ၊

ဘဏ္ဍာဂါမ၊ ဝေသာလီ၊ ပါဋလိပုတ္တ၊ နာဠန္ဒာတို့သည် ရပ်နားရန် ဌာနများဖြစ်ကြကုန်၏။

အထက်၌ ဖော်ပြရာပါ မြို့တော်ကြီးများသို့ သွားသော လမ်းမကြီးများ၌ အလားတူရပ်နားရန် ကျေးရွာများ၏ အမည်နာမများကို နိကာယ်ကြီးတို့၌ ကျကျနန ဖော်ပြခဲ့စေကာ ဗာရာဏသီနှင့် ဂယာ၏အကြား၌ရှိသော ရွာများ၏ အမည်ကိုမူကား တခုတလေမျှ မဖော်ထုတ်ခဲ့ချေ။

ဗာရာဏသီနှင့် ကောသမ္ဗီ နောက်ပိုင်း၌ ပါဋလိပုတ်သို့သွားသော ဂင်္ဂါရေကြောင်း လမ်းမကြီးကား ဗုဒ္ဓနှင့် တကွ နောက်လိုက်သံဃာ ငါးရာတို့အတွက်များစွာသက်သာ လွယ်ကူခြင်းမရှိချေ၊ဗာရာဏသီမြို့သည် ယခုခေတ်၌ကဲ့သို့ပင် ထိုခေတ် သမယ၌လည်း ဗြာဟ္မဏဝါဒကြီးစိုး၍ လွှမ်းမိုးခဲ့တဲ့ ခံတပ်မြို့ကြီး ဖြစ်ခဲ့သည်။

သို့ကြောင့် ထိုဗာရာဏသီမြို့တွင် ဗုဒ္ဓဘုရား၏ လက်ထက်၌ ပင် အခြားမြို့ကြီးများမှာကဲ့သို့ ဗုဒ္ဓ၏တပည့်တပန်း ရဟန်း များ အမြောက်အမြား သီတင်းသုံးခဲ့ဟန် မရှိချေ၊ အခါတ ပါး၌ ခေမိယမ္ဗဝနမှာ အရှင်ဥဒေနမထေရ် သီတင်းသုံးနေ ထိုင်ကြောင်းကို မဇ္ဈိမနိကာယ် ဃောဋမုခသုတ်၌ တွေ့ရ သည်။

ထို့ပြင် ဗာရာဏသီမြို့အတွင်း၌၎င်း၊ ထို့ပြင် အနီးအပါး ပတ်ဝန်းကျင်၌၎င်း ဣသိပတနမိဂဒါယမှတပါး ဗုဒ္ဓဘုရား နှင့် အဆက်အသွယ် မကင်းသော အခြားနေရာများ၏ အ ကြောင်းကို နိကာယ်ကြီး လေးရပ်တို့၌ မတွေ့ရချေ။

ဗုဒ္ဓသည် ဂယာသီသ အရပ်၌ အဘော်ကလေး ကြာကြာ သီတင်းသုံးခဲ့ခြင်းကား ဂယာမြို့၌ တရားဟော၍ ကယ်တင်ရေး လုပ်ငန်းကို မလုပ်ခဲ့ချေ၊ ဥရုဝေဠတောရှိ ကဿပညီနောင် ရှင်တထောင်တို့ကိုသာ ကယ်တင်ခဲ့လေသည်၊ ဂယာမြို့၌ ဗုဒ္ဓ အရှင် တရားမဟောခြင်းမှာ ၎င်းမြို့သည် ထိုအစဉ်အခါက သေးသိမ်သော ဇနပုဒ်ဖြစ်သောကြောင့်၎င်း၊ သို့မဟုတ် ရှေး က အလုပ် အကျွေးဖြစ်ခဲ့ဘူးသော ပဉ္စဝဂ္ဂီတို့ကို တရားဦး ဟောရန် အတိအကျ ပြဋ္ဌာန်းပြီး ဖြစ်သောကြောင့်၎င်း ဖြစ် ရပေမည်။

ဘုရားရှင်သည် တရံတခါ ကြွသွားနေကျ မင်းလမ်းမကြီး များမှ လွဲပြောင်း၍ အခြား လမ်းကြောင်းချားဖြင့်လည်း ကြွ သွားခဲ့ဟန် ရှိလေသည်။ သို့ရာတွင် ဗုဒ္ဓအရှင် ကြွဝင်ခဲ့သည် ဟု ဆိုအပ်တဲ့ နာလန္ဒနှင့် ပါဝါလို ဌာနချီးတို့ကား လမ်းမ ကြီးပေါ်၌ တိုက်ရိုက် တည်ရှိကြကုန်၏။

ဘုရားရှင်သည် ဗုဒ္ဓဘွဲ့ထူးကို ဆွတ်ခူး ပန်ဆင်ပြီးနောက် နှစ်ပေါင်း(၂၀)တိုင်တိုင် ဌာနချုပ်အဖြစ်ဖြင့် နေရာဌာနတခု အတည်တကျ မထားခဲ့ချေ၊ ရာဇဂြိုဟ်နှင့် သာဝတ္ထိမြို့တော် များတွင် ဌာနချုပ်ဖွင့်ပြီးတဲ့နောက်ပိုင်း၌မူ ဇေတဝန် ကျောင်း ၌၎င်း (သို့မဟုတ်) တရံတခါ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်း ၌၎င်း အမြဲတစေ သီတင်းသုံးတော်မူလေ့ရှိသည်။ ထိုနောက် ၄-နှစ်ကျော်အချိန် (ဝါ) ပရိနိဗ္ဗာန် မစံသူမီ တနှစ် လောက်အချိန်၌ ဗုဒ္ဓသည် သာဝတ္ထိမှ ထွက်ကြွခဲ့၍ ရာဇဂြိုဟ် တွင် တဝါဆိုခဲ့သည်။

မိုးကာလဟု ဆိုအပ်သော ဝါတွင်း သုံး လ မှ တ ပါး အခြားသော ကိုးလတို့၏ အတွင်း၌ အမြဲတစေ ရှည်လျား သော ခရီးများကို လှည့်လည်ကြွသွားခဲ့လေသည်။ ယင်းသို့ ကြွသွားရာ လမ်းခရီးတို့၌ရှိသော မြို့ရွာ နိဂုံးတို့၏ အမည် နာမများကို နိကာယ်ကြီးများ၌ မဖော်ပြခဲ့သော်လည်း ဝါကပ် တော်မူရာ ဌာနများကို မူကား- ပြတ်သားစွာ ဖော်ပြခဲ့ လေသည်။

ငင်း ခရီးများကို ဘုရားရှင်သည် အများအားဖြင့် ကိုယ် တော်၏ ခြေတော်အစုံကိုသာ အားကိုးလျက် ဆောင်ရွက် တော် မူခဲ့လေသည်။ ကြွသွားလေရာ လမ်းမကြီး များ၏ ဘေးတလျှောက်၌ ရွာစဉ် ရွာဆက်ကား- အလွန်ကြီး မပြတ် လှချေ။

အချို့ရွာများ၌ ရဟန်းကျောင်းခေါ် ဝိဟာရ များ ရှိ သည်။ အချို့၌မူကား - လူအများစုဝေးရာ အစည်းဝေး ခန်းမဆောင်များ ရှိသည်။

ထိုသို့သော ကျေးရွာများသို့ ရောက်သောအခါ ဗုဒ္ဓသည် အဆင်ပြေသလို ရပ်နားတည်းခိုရှဲ့ သွားမြဲဖြစ်သည်။ ထိုသို့ သော အဆောက်အဦများ မရှိသော ကျေးရွာများသို့ ရောက်သော အခါ၌ကား- မလှမ်းမကမ်းမှာ ရှိတဲ့ ဥယျာဉ် များတွင် ကြွဝင်တည်းခိုလေ့ ရှိခဲ့သည်။

ဗုဒ္ဓသည် နံနက်စောစော အချိန်မှစ၍ နေ့ခင်း ၁၂-နာရီ အတွင်းမှာသော်ငင်း၊ တခါတရံ ညဉ့်အခါများ၌ငင်း ခရီး ယာယီ ကြွချီခဲ့လေသည်။

ဘုရားရှင်သည် ပျော်ရွှင်မြူးထူး ကြည်နူးဘွယ် ကောင်းသော တောအုပ်ကြီးများကို ဖြတ်သန်း၍၎င်း၊ ယာဉ်အသွားအလာ ထူထပ်၍ ကြမ်းတမ်းသော လမ်းများဖြင့်၎င်း၊ လေယူရာတိမ်း၍ ယိမ်းနွဲ့နေသော ပြောင်းနှင့်စပါး ဂျုံခင်းများ၏ အကြားကို ဖြတ်၍၎င်း၊ လူသွားလူလာ နည်းပါးခြင်းကြောင့် မှေးမှိန်နေသော လမ်းသိမ်ကလေးများဖြင့်၎င်း၊ ကြောက်မက်ဘွယ်ကောင်းသော ချောက်ကမ်းပါးပြတ် ထူထပ်တဲ့ လမ်းကြမ်းကြီးများဖြင့်၎င်း၊ ဂင်္ဂါမြစ် ဝှမ်းတွင် တောင်မြောက်တန်းလျက် ရှိသော တောင်တန်းတောအုပ်များ တလျှောက်ဖြင့်၎င်း အမြဲတစေ ကြွသွားတော်မူ၍ အားကိုးရာမဲ့ပြီး သံသရာနယ်၌ နေသော သတ္တဝါများကို ကယ်တင်တော်မူခဲ့လေသည်။

ထိုခေတ် ထိုသမယဝယ် ဣန္ဒိယနိုင်ငံ၌ ခရီးသွား မိုင်နှုန်းမှာ ရှစ်ကောသ(ဝါ) ၁၆-မိုင် ရှိခဲ့သည်။ သို့ရာတွင် တရံတခါ သက်သာမှုအတွက် ဤနှုန်း၏ ထက်ဝက် (ဝါ) လေးကောသ (သို့မဟုတ်) ရှစ်မိုင်မျှ ခရီးတာကို သွားလာရိုးပြုခဲ့သည်။ ဤထက်ဝက်နှုန်းသည် ဗုဒ္ဓနှင့်၎င်း၏ တပည့်တပန်းရဟန်းများတို့ သွားလာရေးအတွက် သင့်လျော်လေသည်။

ရှေးခေတ် မြို့တော်ကြီးများ၏ အကြား၌ သွားရလာရသော ခရီးလမ်းကား-ရှည်လျားလှစွာ၏။ ဘုရားအလောင်းတော်ထွက်သော အခြင်းအရာကို ဖေါ်ပြရာ၌ အလောင်းတော်သည် ကပိလဝတ္ထုမြို့မှ ထွက်၍ ယူဇနာ (၃၀) ကွာဝေးသော အနော်မာမြစ်သို့ ရောက်သည်၊ ထိုမှ ဆက်လက်၍

သွားပြန်ရာ ယူဇနာ(၃၀)ပင် ကွာဝေးသော ရာဇဂြိုဟ်မြို့သို့ ရောက်သည်ဟူ၍ အဆိုရှိသည်။

ဤသို့ဆိုလျှင် နှစ်ရပ်ပေါင်း ယူဇနာ (၆၀)(သို့မဟုတ်) မိုင်ပေါင်း (၄၈၀)ဖြစ်၍ နေရာ ရာဇဂြိုဟ်နှင့် ကပိလဝတ် မြို့တို့၏ အကြားရှိ ခရီးမိုင်တာမှာ အဖြောင့်အတိုင်းဆိုလျှင် အများကြီး ဝေးကွာလွန်း၍ နေချေသည်။

ထို့ပြင် လလိတဝိတ္ထာရကျမ်းအရ ဝေသာလီနှင့် ရာဇ ဂြိုဟ်သို့ သွားသော လမ်းသည်လည်း ယူဇနာ (၆၀) ပင် ရှိလေသည်။ ထို့ပြင် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက် အရ ရာဇဂြိုဟ်မှ ကပိလဝတ်မြို့သို့ ဘုရားရှင် ကြွသွားရာ၌ လည်း တနေ့လျှင် တယူဇနာခရီး ကြွခြင်းဖြင့် နှစ်လ(၀၁) ရက်ပေါင်း ခြောက်ဆယ်နှင့် အရောက်ကြွကြောင်းကို အဆို ရှိသဖြင့် ၎င်းလမ်းမကြီး၏ အကွာအဝေးလည်း ယူဇနာ ခြောက်ဆယ်ပင် ရှိကြောင်း ထင်ရှားပေသည်။

ရာဇဂြိုဟ် မြို့တော်ကြီးနှင့် စပ်လျဉ်းသော အခြင်းအရာများ ကို နိကာယ်ကြီးများ၌ မကြာမကြာတွေ့ရသည်။ ရာဇဂြိုဟ်မြို့ ပတ်ဝန်းကျင်၌ တည်ရှိသော တောင်ကုန်းများ ကျောက်ဂူ များနှင့် ဥယျာဉ်များ၏အကြောင်းကို မကြာခဏတွေ့ကြုံရ လေသည်။

သိဒ္ဓတ်မင်းသားသည် ဘုရားအဖြစ်သို့ မရောက်မီ ပထမ ဆုံးအကြိမ် ရာဇဂြိုဟ်မြို့သို့ ရောက်သောအခါ၌ ရာဇဂြိုဟ်မြို့ တွင်း၌ ဆွမ်းခံပြီးလျှင် ပဏ္ဍဝ တောင်းစောင်း၌ နားနေ ကြောင်းကို တွေ့ရသည်။

ဘုရားအဖြစ်သို့ရောက်ပြီးနောက် ရာဇဂြိုဟ်သို့ရောက်တဲ့ အခါ ဘုရားရှင် ပထမဦးစွာ သိတင်းသုံးသောနေရာကား- ရာဇဂြိုဟ်နှင့် သုံးဂါဝုတ် (ဝါ)ခြောက်မိုင် ဝေးကွာသော လဋ္ဌိဝန ဥယျာဉ် ဖြစ်သည်။

၎င်းဌာနသည် နောက်ပိုင်း သမယ၌ ဝဏ္ဏာဘူ-ဟူသော နာမဖြင့် ထင်ရှားလာလေသည်။ ထိုနေရာ၏ အနီးမှာ သုပ ဋ္ဌိတ္တ မည်သော စေတီတည်ရှိခဲ့လေသည်။

ရာဇဂြိုဟ်မြို့၌ ဘုရားရှင် ပထမဆုံး အတည်တကျသိတင်း သုံးသောနေရာကား- ဝေဠုဝနာရာမဖြစ်သည်၊ ၎င်းကား- ရာဇဂြိုဟ်မြို့အနီး မြင့်မောက်လှသော ဂိဇ္ဈကုဋ် တောင်ပေါ် မှာ တည်ရှိ၍ ဘုရင်ဗိမ္ဗိသာရက ဗုဒ္ဓနှင့် တပည့်သာဝကများ အား လှူဒါန်း၍ထားသော ကျောင်းဖြစ်သည်။

၎င်းနှင့် အလွန်ကြီး မဝေးကွာလှသော အရပ်၌သည်း မောရနိဝါပအမည်ရှိသော ဥယျာဉ်တခုရှိသည်၊ ၎င်းကား- အများအားဖြင့် ပရိဗိုဇ်အများ သွားလာဝင်ထွက်နေထိုင်ရာ ဌာနဖြစ်ခဲ့လေပြီ။ နားနေရန် ဇရပ်တန်ဆောင်းနှင့် တကွ သော ထိုကဲ့သို့သော ဥယျာဉ်မျိုးကား-ထိုခေတ် ထိုသမယ၌ ဇမ္ဗူဒီပ နိုင်ငံရှိ မြို့ကြီးများ၏ အနီးတွင် မရှားသော ရှုပ်ါရုံ များ ဖြစ်ခဲ့ကြကုန်ပြီ။

ဗုဒ္ဓအရှင် ဓမ္မကြာကို စတင်၍လှည့်ရာဖြစ်သော ဣသိ ပတနမိဂဒါဝုံ ခန်းမဆောင်သည်၎င်း၊ ဝေသာလီ အနီး မဟာဝနအတွင်းရှိ ကူဋာဂါရ ခန်းမဆောင် သည် ၎င်း ပရိဗ္ဗာဇက အမည်ရသော ဘာသာရေးသမား အဘိဓမ္မာ

ဆ ရာအများ မကြာခဏ ဝင်ထွက်သွားလာတည်းခိုနိုင်သော နေ ရာ များဖြစ်ကြကုန်၏။

အကြောင်းမူကား—ထိုထို ခန်းမဆောင်များ(ဝါ)ဇရပ်များကို မည်သည့်ဘာသာရေး ဂိုဏ်းအတွက် သက်သက်ဖြစ်သည်ဟူ၍ ရေစက်ချ၍ မထားခဲ့သောကြောင့် ဖြစ်လေသည်။

ဝေဠုဝန်ဥယျာဉ်အတွင်း၌ အစမူလက တည်ဆောက်၍ထားသော အဆောက်အဦတို့ကား ကျယ်ကျယ်ဝန်းဝန်း ပုံ့ပုံ့ ပျူးပျူး မရှိခဲ့ကြချေ။ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် အခါမှာ-သာရိပုတ္တရာနှင့်တကွ အခြားသော ဘပည့်ကြီးများသည် ဂိဇ္ဈကုဋ်တောင်ပေါ်ရှိ အခြားသင်္ခမ်းကျောင်းများ၌ နေထိုင်သည်ဟူ၍ နိကာယ်များ၌ တွေ့ရသည်။

ထို့ကြောင့် ဗုဒ္ဓနှင့် ၎င်း၏ တပည့်ကြီးများသည် ထုံးစံအားဖြင့် အဆောက်အဦတခုအတွင်း၌ အတူတကွ နေထိုင်ကျိန်းစက်လေ့မရှိကြောင်း ထင်ရှားသည်။သို့ရာတွင် အလွန်ဝေးဝေးကြီးကား ခွဲခွါ၍ နေလေ့နေထမရှိခဲ့ချေ။ ငွေကုန်ကြေးကျ အများကြီး အကုန်ခံဆောက်လုပ်ကြသော ကြီးကျယ် ခမ်းနားသည့် ကျောင်းတော်ကြီးများကား-ဗုဒ္ဓလွန်ပြီးနောက် ခေတ်မှ ပေါ်ပေါက်လာကြကုန်၏။

ရှေးခေတ်က ရာဇဂြိုဟ် မြို့ဟောင်းသည် တောင်များဝိုင်းရံထားအပ်သော ချိုင့်ဝှမ်း၌ တည်ရှိခဲ့လေပြီ၊ ၎င်းမြို့၏မြောက်ဘက်တံခါးသည် တောင်တန်းများရှိ အပေါက်နှင့်နီးကပ်စွာ တည်ရှိ၍ ထိုအပေါက်မှ သေးငယ်သောချောင်း

ကလေးတခုသည် ဂင်္ဂါမြစ်ဘက်သို့ စီးထွက်၍ သွားလေသည်။

ဗုဒ္ဓ၏ ကျောင်းဒါယကာကြီး ဖြစ်သော ဘုရင်ဗိမ္ဗိသာရသည် ထိုအပေါက်မြောက်ဘက်မှ ကပ်လျက် တည်ရှိသော ကွင်းပြင်၌ နောက်ဖြစ်သော ဒုတိယ ရာဇဂြိုဟ်ကို တည်ဆောက်ခဲ့လေပြီ၊ ရှေးမြို့တော်ဟောင်း၏အနီး၌ တည်ရှိသော တောင်ထွဋ်တို့တွင် အထင်အရှားဆုံးကား—ဂိဇ္ဈကုဋ်တောင်ထွဋ်ဖြစ်လေသည်။

ထို့ပြင်- ပထမနိကာယ်ကြီး (၄)ရပ်တို့၌ ဖေါ်ထုတ်ခဲ့သော အခြားတောင်ထွဋ် လေးခုတို့ကား—

(၁) ဣသိဂိလိ၊
(၂) ဝေဘာရ၊
(၃) ဣန္ဒကူဋပဗ္ဗတ၊
(၄) ဝေပုလ္လ တို့ဖြစ်ကြကုန်၏။

ပဥ္စမမြောက်နိကာယ်၌ ပဏ္ဍဝမည်သော တောင်ထွဋ်ကို ဖေါ်ထုတ်ခဲ့လေသည်။

ဤတောင်ထွဋ်များတွင် ဒက္ခိဏ၊ ဂိရိကို ဆက်၍ ထိနိုင်သည်၊ ၎င်းတောင်တန်းသည် ဂင်္ဂါမြစ်ဝှမ်းဒေသ၏ တောင်ဘက် နယ်နိမိတ်စီးကြောင်း ဖြစ်ခဲ့လေသည်။ ဤတောင်တန်းများတွင် ဥမင်(ဝါ)လိုဏ်ဂူများစွာ ရှိလေသည်၊ ဝေဘာရတောင်ကမ္ဘာယံ၌ ရှိသော သတ္တပဏ္ဏိဂူကိုရင်း၊ သီတာဝနတောအုပ်ရှိ သပ္ပသောဏ္ဍိကဂူကိုရင်း၊ ထို့ပြင် ဂေါတမ ကနှင့် တိန္ဒုကလိုဏ်ဂူ တို့ကိုရင်း နိကာယ်ကြီးများ၌ တွေ့ရှိရသည်။

ထိုမှတပါး ရာဇဂြိုဟ်မြို့၏ အနီးအနား ပတ်ဝန်းကျင်၌ တည်ရှိသည်ဟူ၍ နိကာယ်များ၌ ဖေါ်ပြခဲ့သော နေရာဌာနတို့ကား—ဂိဇ္ဈကုဋ်တောင်ထိပ်များ၌ တည်ရှိသဖြင့် ဝေဠုဝန် ဥယျာဉ်နှင့် အများကြီး မကွာဝေးလှသော—

(၁) သူကရခတ၊
(၂) ဣသိဂိလိ (တောင်ကမ္ဘယ်၌ ရှိသော ကာလသီလာ)
(၃) သီတာဝန၊
(၄) စောရပပါတ၊
(၅) အရညကုဋိကာ၊
(၆) သပ္ပိန စမ်းချောင်း၊
(၇) တပေါဒကန္တရ၊
(၈) တပေါဒ အာရာမ၊
(၉) ဇီဝက၏ သရက်ဥယျာဉ်၊
(၁၀) ကဿပဉယျာဉ်၊
(၁၁) ကုမ္ဘာကာရ နိဝေသန၊
(၁၂) မဒ္ဒကုစ္ဆိမိဂဒါဝုံ တို့ဖြစ်သတည်း။

အထက်၌ ဖေါ်ထုတ်ခဲ့သော ဌာနတို့အနက်မှ (၁၀)ခုမျှသောအရပ်တို့ကို ပျော်ရွှင်ဘွယ်ကောင်းသော (ဝါ)အပန်းဖြေဉယျာဉ်များဟူ၍ ဗုဒ္ဓကိုယ်တိုင်က အာနန္ဒာအားမိန့်ကြားခဲ့သည်၊ ထို့ပြင် (၁၁)ခုသောဌာနများကိုမှ ထုံးစံအတိုင်း ဗုဒ္ဓဘိက္ခုများ နေထိုင်ရာ ဌာနများ စာရင်းအတွင်းသို့ သွတ်သွင်းခဲ့သည်။

ရှေးမြို့တော် ရာဇဂြိုဟ်ကို ဝန်းရံလျက် တည်ရှိသော တောင်ကုန်းများကား-ယခုခေတ်သမယ၌(ချိုတာ နာဂပူရ်) ဟူ၍ ထင်ရှားသောတောင်တန်းများ၏ မြောက်ဘက်တောင်ဆွယ်များ ဖြစ်ကြကုန်၏။ ဘုရားရှင်နှင့် တပည့်ကြီးများ ကြွရောက်ခဲ့သည်ဟူ၍ နိကာယ်ကြီးတို့၌ မကြာခဏ ဖေါ်ပြခဲ့သော ဒက္ခိဏာဂိရိကား-ဝိန္ဓျာတောင်တန်းကြီး၏ အရှေ့ဘက်စွန်း၌ တည်ရှိသည်။

ထို့ကြောင့် ၎င်းသည် ဂင်္ဂါမြစ်ဝှမ်းဒေသ၏ တောင်ဘက်နယ်သတ်မျဉ်းကြောင်းဖြစ်ခဲ့သည်။ ထိုခေတ်၌ အရိယာလူမျိုးများ မတိုးမဖေါက် မဝင်ရောက်နိုင်ခဲ့သော တောင်ပိုင်းဇာမ္ဗူဒီပ၏ ခံတပ်ဦး ဖြစ်ခဲ့လေသည်။

# ဝေ သာ လီ

၎င်းကား - ဝဇ္ဇီသမတနိုင်ငံတော်၏ မြို့တော်ဖြစ်သည်။ ၎င်းနိုင်ငံတော်တွင် ခေါင်းဆောင်ပိုင်း၌ ပါဝင်ကြသူများကား-လိစ္ဆဝီဟူသော နာမဖြင့် ထင်ရှားခဲ့သည်။ ၎င်းမြို့သည် ရာဇဂြိုဟ်မြို့လောက် ကျယ်ပြန့်သော နေရာကို ဗုဒ္ဓနိကာယ်ကြီးတို့၌ မယူနိုင်ခဲ့စေကာ ၎င်းတို့တွင် မကြာခဏ ဖေါ်ထုတ်ညွှန်ပြခြင်းကိုမူ အမှန်မသွေ ခံယူခဲ့ရလေသည်။

ဝဇ္ဇီနိုင်ငံတော်ကား- မဂဓ နိုင်ငံတော်နှင့် မျက်နှာချင်းဆိုင် ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း၌ တည်ရှိသည်။ ဝေသာ

လိမ္မိုကား ရာဇဂြိုဟ်မှ ဗုဒ္ဓ၏မွေးဖွါးရာ ကပိလသို့ သွားသော လမ်းမကြီး၌ **တည်ရှိသည်။**

ဤမြို့နှင့် ဟိမဝန္တာ၏ အကြား တွင် ကျယ်ပြန့်သော မဟာဝန(ဝါ)တောအုပ်ကြီး ရှိလေသည်။ မြို့၏ ဆင်ခြေဖုံး (ဝါ)ထိုမဟာဝနခေါ် တောအုပ်ကြီးအတွင်း၌ ဝေသာလီမြို့သူ မြို့သားများ ဆောက်လုပ်ထားသော ကူဋာဂါရသာလာ(ဝါ)စုလစ်မွန်းချွန်တပ်သော ဇရပ်တခုရှိသည်။ ၎င်းကို ဗုဒ္ဓနှင့် ၎င်း၏ သာဝကများသာမက အခြားသော ပရဗိုဇ်ဂိုဏ်းများကလည်း အသုံးပြုနိုင်လေသည်။

ဗုဒ္ဓနှင့် ၎င်း၏ တပည့်ကြီးများသည် ထိုဇရပ်၌ မကြာခဏ တည်းခိုလေ့ရှိကြောင်းကို နိကာယ်များ၌ တွေ့ရသည်။ ထို့ကြောင့် ၎င်းဇရပ်ကြီး၏ ဘေးပတ်ဝန်းကျင်ရှိ ကျယ်ပြန့်သော ဥယျာဉ်အတွင်း၌ ရဟန်းတော်များ တည်းခိုနားနေရန် သင်္ခမ်းကျောင်းငယ်များ အနှံ့အပြား အမြောက်အမြား ရှိခဲ့ဟန်တူသည်။

ဤဇရပ်ကြီးမှတပါး ကေပုဏ္ဏရိက မည်သော အခြား ဥယျာဉ်တခုလည်း ဘာသာရေးဂိုဏ်း အသီး သီး ဆိုင်ရာ ပရဗိုဇ်များ သီတင်းသုံး တည်းခိုရန်အတွက် ရှိလေသည်။

ဝေသာလီမြို့သူ ကြွယ်ဝချမ်းသာသော ပြည့်တန်ဆာမ အမ္ဗပါလီသည် ဘုရားရှင်၏ တရား တော် ကို ကြားနာပြီးနောက်၌ ၎င်း၏ ဥယျာဉ်ကို ဗုဒ္ဓနှင့် ဗုဒ္ဓသံဃာသို့ လှူဒါန်းလိုက်လေသည်။

ထိုအခါမှစ၍ ၎င်းဥယျာဉ်သည် ဗုဒ္ဓနှင့် ဗုဒ္ဓသံဃအဖွဲ့၏ ဌာနချုပ်ဖြစ်လာ လေသည်။ ထို့ပြင် ဝေသာလီမြို့၏ အပြင်၌

တည်ရှိသော အာဝရပူရ- ဝနသဏ္ဍာမည်သော ဥယျာဉ်၏ အမည်ကိုလည်း နိကာယ်များ၌ တွေ့ရသည်။

ဗုဒ္ဓ၏ နောက်ဆုံး ခရီးထွက်ချိန်၌ ရှင်အာနန္ဒာအား ဘုရားရှင် ဟောပြောရာ၌ ဝေသာလီ မြို့တွင်း(သို့မဟုတ်) မြို့ပြင်ရှိ စေတီခြောက်ခုကို မွေ့လျော်ဖွယ်သော နေရာများ ဟူ၍ ဖော်ထုတ်ခဲ့သည်။

၎င်းတို့ကား—

(၁) စာပါလ၊
(၂) ဥဒေန၊
(၃) ဂေါတမက၊
(၄) သတ္တမ္ဗက၊
(၅) ဗဟုပုတ္တ၊
(၆) သာရန္ဒဒ တို့ ဖြစ်သည်။

၎င်းတို့ကား- ဝဇ္ဇီတို့၏နတ်ကွန်းများ ဖြစ်သည်။

ဗုဒ္ဓဘာသာဆိုင်ရာ ဝိဟာရများကို မွေ့လျော်ဖွယ် ကောင်းသော နေရာများ ဖြစ်သည် ဟူ၍ ဗုဒ္ဓအရှင်က ရွေးချယ်၍ ဖော်ထုတ်ခဲ့ခြင်းမှာ မဖြစ်နိုင်သော အရာဟူ၍ မဆိုသာပေ၊ သို့ရာတွင် ထိုသို့သော ဝိဟာရများကို စေတီ(ဝါ) နတ်ကွန်းဟူ၍ သုံးနှုန်း ခေါ်ဆိုမှုကား - မဖြစ်နိုင်၊ ထိုမှာ ဖက်သို့ မိုင်ဝက်သာသာကြီး ရောက်နေဟန်ရှိသည်။

နောက်ဆုံးတွင် ထိုနတ်ကွန်းများဘွင် စောင့်ရှောက်သော ပိုင်ရှင်နတ်ဘီလူးများကို အမည်နာမနှင့်ဘကွ အပ်ကျ မတ်ကျ ဖော်ပြခဲ့ခြင်းမှာ လုံးဝ မဖြစ်နိုင်သော ကိစ္စတရပ်

ဖြစ်ချေသည်။ နတ်ကိုးကွယ် ပသမှုကား ဗုဒ္ဓနှင့် ခေတ်ပြိုင်ဖြစ်သော ဟိန္ဒူဝါဒ၏ ထူးခြားသော သွင်ပြင်တရပ် ဖြစ်ခဲ့သည်။

---

# ကပိလဝတ္ထု

ဝေသာလီ၏ အနောက်မြောက် အတော် အလှမ်းကွာဝေးသော ယခုအခါ နေပါလီ ခေါ် တိုင်းပြည်၏ နယ်နိမိတ်အတွင်း၌ ကပိလဝတ္ထုမြို့ တည်ရှိလေသည်။ ၎င်းကား-သာကီဝင် သမတနိုင်ငံ၏ မြို့တော်ဖြစ်၍ ဗုဒ္ဓ၏ ရွှေချက်သိုရာ ဌာနဖြစ်ခဲ့သည်။

ဝေသာလီနှင့် ကပိလဝတ်မြို့ အကြား၌ ဖေါက်လုပ်ထားသော မင်းလမ်းမကြီးသည် လွင်ပြင်မှ ဟိမဝန္တာတောခြေသို့ဖြတ်ဝင်သွားသောနေရာ၌ အသောက ဧကရာဇ်ဘုရင်သည် ကျောက်တိုင်များကို စိုက်ထူခဲ့လေသည်။

၎င်းတို့တွင် ယခုတိုင် ထင်ထင်ရှားရှား ရှိနေသေးသော ကျောက်တိုင် လေးခု တို့သည် လွန်ခဲ့သောနှစ် ပေါင်း (၂၅၀၀)က ဗုဒ္ဓဘုရား ကြွသွားခဲ့သော လမ်းကြောင်းနှင့်တကွ ဗုဒ္ဓလောင်းလျာ ဖွားမြင်တော်မူရာ ဌာနကိုပါ ညွှန်ပြလျက် တည်ရှိနေကြကုန်၏။

ကပိလဝတ္ထု မြို့တော်နှင့် များစွာကြီး မကွာဝေးလှသော နေရာ၌ ကောလိယတို့၏ ပဓာနမြို့တော်ဖြစ်သော ဒေဝဒဟ

တည်ရှိလေသည်။ ဤကောလိယတို့လည်း သကျသာကီဝင် အမျိုးအနွယ်များ ဖြစ်ကြကုန်၏၊ သုဒ္ဓေါဒနသည် ကောလိယ အနွယ်ဝင် မာယာနှင့် လက်ထပ်ခဲ့သည်။

မာယာဒေဝီသည် ပဋိသန္ဓေရင့်မာ၍ သားဖွားရန်အချိန် နီးကပ်လာသောအခါ မိမိ၏ ဇာတိချက်ကြွေ အမေ့နေရာ ဖြစ်သော ဒေဝဒဟသို့ ပြန်သွားစဉ် လမ်းခုလတ်ရှိ လုမ္ဗိနီ ဥယျာဉ်အတွင်း၌ အလောင်းတော်ကို မီးရှူးသန့်စင်ခဲ့လေ သည်။

ကပိလဝတ္ထုမြို့သည် အခိုင်အမာ မြို့ရိုးတံတိုင်းဝန်း ပတ် ကာရံထားသော မြို့ဖြစ်ကြောင်းကို ဘုရားအလောင်းတော် တောထွက်တော်မူခန်းက အခိုင်အလုံသက်သေခံလျက် ရှိချေသည်။ ဗုဒ္ဓအရှင် ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံ မြို့ကလေးလဲ ထိုနည်းအတူ အခိုင်အမာ မြို့ရိုး ကာရံထားသော မြို့ပင်ဖြစ် သည်။

တဦးတည်း ပုဂ္ဂလိကပိုင် မဟုတ်ဘဲ ကပိလဝတ်မြို့နေ လူထုပိုင်ဖြစ်သော နိဂြောဓာရာမ မည်သော ကျောင်းကို ဆောက်လုပ်၍ ထားလေသည်၊ ၎င်းကျောင်းတွင် ဗုဒ္ဓနှင့် ၎င်း၏ တပည့်တော်များ ရံဖန်ရံခါ သီတင်းသုံးလေ့ရှိကြ သည်။ ကပိလဝတ်မြို့နှင့် ဆင်ခြေဖုံးအပြင်၌ မဟာဝနတော အုပ်ကြီးတခုတည်ရှိသည်။ ရောဟိနီမြစ်ငယ်သည် ထိုတော အုပ်ကြီး အတွင်းမှ ဖြတ်သန်း စီးဆင်း လာသည်။ ကပိ လဝတ်မြို့အတွင်း၌ မြို့သူမြို့သားများကိုယ်တိုင် ဆောက်လုပ် ၍ ထားအပ်သော သန္ထာဂါရမည်သော စည်းဝေးရာခန်း မကြီးရှိသည်။

ဗုဒ္ဓ ရဟန်းတော်များနှင့် အခြား ပရဗိုဇ်များတို့သည် ထိုသန္တာဂါရကို အခွင့်အရေး အညီအမျှ အသုံးပြုနိုင်ကြကုန်၏။ ဝေဝဏ္ဏ(၀၁)ဒေးသမားအမည်ရှိသော သာကီဝင် မိသားစု ပိုင်သော သရက် ဥယျာဉ်အတွင်း၌ အနုပညာ ကျောင်းဘခု တည်ရှိရာ သာကီဝင် ကလေးငယ်တို့သည် ထိုကျောင်းတွင် ပညာသင်ယူလေ့ရှိကြကုန်၏။

---

# သာဝတ္ထိ

ကောသလတိုင်း၏ မြို့တော်ဖြစ်သော သာဝတ္ထိသည် ကပ္ပိလဝတ်၏ အနောက်ဖက် ယခုအခါ နေပါလိဟ တွင်ရှိသော ပြည်နယ် နိမိတ်အတွင်းမှ တည်ရှိ၏။ ကပ္ပိလမြို့မှ သွားသော လမ်းမကြီးသည် သာဝတ္ထိမြို့ကို မြောက်ဘက်တံခါးမှ ဝင်လေသည်၊ ဗုဒ္ဓအရှင် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် တတိယမြောက်နှစ်၌ ဤသာဝတ္ထိမြို့သား အနာထပိဏ်သည် ဗုဒ္ဓ၏ တရားကို နာယူရ၍ ဗုဒ္ဓဘာသာဝင် အဖြစ်ကို ခံယူသည်။

၎င်းနောက် ဇေတမင်းသား၏ ဥယျာဉ်ကို ဝယ်ယူ၍ ဇေတဝန်ကျောင်းကို ဆောက်လုပ်ပြီးလျှင် ဗုဒ္ဓနှင့် ၎င်း၏ သံဃာသို့ လှူဒါန်းသည်၊ ၎င်းဇေတဝန်ကျောင်းသည် ဗုဒ္ဓ (၀၁)နှစ်ဆယ်ရပြီး နောက်ပိုင်း၌ ၎င်း၏ဌာနချုပ် အမြဲတမ်း ဖြစ်ခဲ့လေပြီ။

သာဝတ္ထိမြို့နှင့် ပတ်ဝန်းကျင်မှာ မကြာခဏ ဖေါ်ပြခြင်း ခံရတဲ့ဌာနကား ဇေတဥယျာဉ်အတွင်း၌ တည်ဆောက်ထား အပ်သော အနာထပိဏ် သူဌေး၏ ကျောင်းဖြစ်သည်။ ဤ ဇေတဝန်ကျောင်းသည် မြို့၏အပြင်ဘက် တောင်တံခါး၏ အနီး၌တည်ရှိသည်။

၎င်း၏ ကျယ်ဝန်းပျံ့ပျူးသော မြေပြင်တွင် ရဟန်းတော်များအတွက် ကျောင်းဆောင်များရှိသည်၊ ၎င်းတို့တွင် ဂန္ဓကုဋီသည် ပဓာနဖြစ်ခဲ့သည်။

ထို့ပြင် မထေရ်ကြီးများအတွက် သီးသန့်ဝိဟာရများ ရှိတဲ့အပြင် အစည်းအဝေး ခန်းမဆောင်ကြီးများ၊ လမ်းလျှောက်ရန် စင်္ကြံများ၊ ရေတွင်း၊ ရေကန်များ အလုံအလောက်ရှိလေသည်။ ခန့်ညားသော မုခ်ဦးတံခါးဖြင့် ဥယျာဉ်တွင်းသို့ဝင်ရ၏၊ ၎င်းမုခ်ဦးပေါ်တွင် ကျယ်ပြန့်သောအခန်းကြီးတခု ရှိလေသည်။

မြို့၏ အပြင်ဖက် အရှေ့တံခါး၏ အနီးမှာ ပုဗ္ဗာရာမခေါ်သော ဥယျာဉ်ရှိသည်။ အလှူဒါနနှင့် ပရဟိတ လုပ်ငန်းကို ဆောင်ရွက်ရာ၌ အနာထပိဏ်နှင့် ဖိန်မသာ လိန်မသာဖြစ်သော ဝိသာခါ အမျိုးသမီးဖြစ်သည်၊ ထိုဥယျာဉ်ကို ဗုဒ္ဓနှင့် ၎င်း၏သာဝကတို့ အသုံးပြုရန်အတွက် လှူဒါန်းတဲ့အပြင် ပုဗ္ဗာရုံခေါ် ကျောင်းတော်ကြီးကိုလည်း မိုးပန်းနီးမျှဆောက်လုပ်၍ အပ်နှင်းခဲ့လေပြီ။

ဤကျောင်းသည် သာဝတ္ထိ၌ ဗုဒ္ဓ၏အလှည့်ကျ ဗဟိုဌာနဖြစ်လာပြန်လေပြီ။ ၎င်းဥယျာဉ်အတွင်း၌ ပဓာန အဆောက်အဦသည် အထပ်ပေါင်းများစွာ ရှိသော ပါသာဒ(၀၇)

ပြာသာဒ်ဖြစ်သည်။ညနေခင်းနှင့်ညချမ်းအခါတို့၌ လေညှင်းခံရန် အမိုးပြင်ရှိသည်။၎င်းကို အုဋ္ဌတံတိုင်းဖြင့် ကာရံထားခဲ့သည်။

ထိုဥယျာဉ်၏အနီး၌ အခရှရေချိုးဆိပ် ရှိသည်၊ ၎င်းနှင့် ကပ်လျက်ပင် ရမ္မကပုဏ္ဏား၏ ခန်းမဆောင်ရှိသည်၊ ဤဓမ္မာရုံ၌ နေထိုင်သူတို့၏ ဆွေးနွေးချက်များကို ထောက်ခဲ့လျှင် ၎င်းသည် ဗုဒ္ဓဘာသာပိုင် အဆောက်အဦ ဖြစ်ဟန်ရှိလေသည်။

ထို့ပြင် မာလ္လိကာမိဖုရား၏ ဥယျာဉ်ကိုလည်း နိကာယ်ကြီးများ၌ ဖေါ်ပြထားလေသည်။ ထိုဥယျာဉ်အတွင်း၌ အများပြည်သူ စည်းဝေး ဆွေးနွေးရန်အတွက် ဆောက်လုပ်ထားသော ခန်းမဆောင်ကြီးတခု တည်ရှိလေသည်။၎င်းအနီးမှာပင် ဘုရင်ဥယျာဉ်နှင့် အန္ဓဝန တောကြီးများ တည်ရှိသည်၊ ထိုမှတပါး သုတနုမည်သော ချောင်းငယ်လည်း စီးဆင်းလျက် ရှိကြောင်းကို နိကာယ်တို့၌ တွေ့ရသည်။

# ကောသမ္ဘီ

၎င်းမြို့သည် ကောသလတိုင်း၏ မြို့တော် သာဝတ္ထိ၏ တောင်ဘက် အတော်ကွာဝေးသော အရပ်၌ တည်ရှိသည်။ ၎င်းမြို့သည် ဗုဒ္ဓလက်ထက်၌ ထိုမြို့တွင် နေထိုင်ကြသော ဗုဒ္ဓဘာသာ ပုဏ္ဏားတော်များ အချင်းချင်း သဘောကွဲပြား၍

သံဃာသင်းကွဲမှုကြောင့် ရာဇဝင် တွင်လောက် အောင် ပေါ်လွင် ထင်ရှားခဲ့သည်။

၎င်းသည် ဂင်္ဂါနှင့် ယမုနာ မြစ်ဆုံ၏ အနောက်ဘက် မကွာမဝေးသော အရပ်မှာတည်ရှိ၍ ကာသိဘိုင်း၏ မြို့တော် ဗာရာဏသီ၏ အနောက်ဘက်တွင် ကပ်လျက် တည်ရှိတဲ့ လွတ်လပ်သော မြို့တော်ဖြစ်ခဲ့သည်။

ရာဇဝင် နောက်ပိုင်းသို့ ရောက်တဲ့အခါ ၎င်းသည် ကောသလတိုင်း၏ လက်အောက်ခံ ဖြစ်သွားလေသည်။ ၎င်းမြို့ သည် ယမုနာမြစ်၏ မြောက်ဘက်ကမ်း၌ တည်ရှိသည်။

သို့ရာတွင် နိကာယ်တို့၌ကား ဂင်္ဂါမြစ်ကမ်း၌ ၎င်းမြို့တည် ရှိသည်ဟုလာသည်၊ ဤအချက်သည် အမှားသော်၎င်း ဖြစ် ရမည်၊ (သို့မဟုတ်) ကောသမ္ဗီဟူသော နာမကို အခြား နေရာတွင် အစားထိုးသွင်း၍ ထားခြင်းသော်၎င်း ဖြစ်နိုင် လေသည်။

နိကာယ်ကြီးများ၌ ကျွန်ုပ် ဘို့ မကြာခဏ တွေ့ကြုံရသော ဌာနတို့ကား-

(၁) ဃောသိတာရာမ၊

(၂) ဗဒ္ဒရိကာရာမ၊

(၃) သိံသပါဝန၊

(၄) ပိလက္ခ ဂူဟာ တို့ဖြစ်သည်။

၎င်းတို့ကား-ဘာသာရေး ဂိုဏ်းအသီးသီးဝင် ပရိဗိုဇ် များ လွတ်လွတ်လပ်လပ် အသုံးပြုနိုင်သော ဌာနများ ဖြစ်ကြ

ကုန်၏။ဗုဒ္ဓ၏လက်ထက်၌ ကောသမ္ဗီမြို့ ပတ်ဝန်းကျင်တွင် ဗုဒ္ဓဘာသာဌာန လေးခုရှိသည်။

၎င်းတို့ကား-

(၁) ဃောသိတာရာမ၊
(၂) ကုက္ကုဋာရာမ၊
(၃) ဃောသိတာရာမ၊
(၄) ပါဝါရိယ သရက်တော တို့ဖြစ်သည်။

၎င်းဘိအနက်မှ နံပါတ်(၁)နှင့် (၃)ကို ဝိနယပိဋကတ်၌ တွေ့ရသည်။ ကျန်နှစ်ခုတို့ကား- ပထမနိကာယ်ကြီး လေးခုနှင့် ဝိနယ ပိဋကတ်တွင် တွေ့ရသော ဌာနများ၏ နောက်ဆက်တွဲ အဖြစ်ဖြင့်သာလျှင် ပေါ်လွင်ထင်ရှားခဲ့သည်။ ကောသမ္ဗီမြို့ အနီးမှာရှိသော ဥဒေနမင်း၏ ဥယျာဉ်ကိုလည်း နိကာယ် များ၌ဖော်ပြခဲ့လေသည်။

---

# ဗုဒ္ဓအရှင်ကြွရောက်ခဲ့သော မြို့သိမ် ရွာငယ်များ

မြို့တော်ကြီးများ၏ အကြားရှိ လမ်းမကြီးများတလျှောက် တွင် တည်ရှိသော မြို့သိမ် ရွာငယ်များကိုလည်း ဗုဒ္ဓအရှင် ဝင်ရောက် ကြည့်ရှုခဲ့လေသည်၊ မဂဓတိုင်း၏ အတွင်း၌ ရာဇ

ဂြိုဟ်မြို့မှတပါး ဘုရားရှင် ကြွရောက်ရှုစား သီတင်းသုံး နေထိုင်၍သွားသော နေရာ ဌာနတို့ကား—

(၁) ဥရုဝေဠ၊

၎င်းသည် နေရဉ္ဇရ မြစ်ကမ်း၌ တည်ရှိ၍ သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်ရာ ဌာနဖြစ်သည်။

(၂) မက္ခာမဝေး အရပ်၌ တည်ရှိသော ဂယာသီသ၊

(၃) မြို့တော်၏ တောင်ဘက်၌ တည်ရှိသော ဒက္ခိဏာပထ၊

၎င်းနယ်တွင် ကေနာလာမည်သော ပုဏ္ဏားရွာသည် အတော်ထင်ရှားခဲ့၏။

(၄) အမ္ဗလဋ္ဌိကာ၊

(၅) အဋ္ဌကပိန္ဒ၊

(၆) ခါဏုမတ၊

(၇) မာတုလာ၊

(၈) ဉာသာကာ၊

(၉) နာလန္ဒ၊

(၁၀) ပဉ္စသာလာ၊

(၁၁) နောက်ပိုင်း ဣန္ဒိယ ရာဇဝင်၌ ပါဋလိပုတ် မြို့တော်ဟူ၍ ထင်ပေါ်ကျော်ကြား သတင်းထွားလတံ့သော ပါဋလိဂါမတို့ ဖြစ်သည်။

# စမ္မာ

စမ္မာသည် အင်္ဂတိုင်း၏မြို့တော်ဖြစ်သည်၊အင်္ဂတိုင်းကား-လက်အောက်ခံ နိုင်ငံတခုဖြစ်၍ မဂဓတိုင်း၏ အရှေ့ဘက် ဂင်္ဂါမြစ်ကမ်း တလျှောက်၌တည်ရှိသည်၊ ဗုဒ္ဓ၏လက်ထက်၌ ၎င်းသည် လွတ်လပ်သော ပြည်နယ်တခု ဖြစ်လာခဲ့သည်၊ ထိုအင်္ဂတိုင်း အတွင်း၌ တည်ရှိသော အဿပုရနှင့် အာပန စသော ကျေးလက် တောရွာများနှင့်တကွ စမ္မာမြို့၊ ဘဒ္ဒိယ မြို့များကို ဗုဒ္ဓအရှင် ကြွဝင်ကြည့်ရှုခဲ့လေသည်။

စမ္မာမြို့ကား- မဂဓတိုင်း၏ အရှေ့ဘက် နယ်သတ်ချဉ်း ကြောင်း ဖြစ်၍နေသော စမ္မာမည်သော မြစ်၏ အရှေ့ဘက် ကမ်း၌ တည်ရှိခဲ့သည်၊ ၎င်းမြို့သည် ယခုခေါ် ဘာဂလ်ပူမြို့ နှင့်ကပ်လျက် တည်ရှိခဲ့သည်။ ဂင်္ဂါမြစ်၏ တောင်ဘက် မဂဓ တိုင်း၏ အရှေ့ဘက်၌ တည်ရှိသော အင်္ဂတိုင်း၏ မြို့တော် စမ္မာနှင့်တကွ အခြားသော ကျေးရွာများသို့ ဗုဒ္ဓကြွရောက်ခဲ့ ခြင်းအကြောင်းမှာ နိကာယ်ကြီးတို့၏ **ထောက်ခံချက်ကို** ရရှိ ခြင်းကြောင့် အငြင်းထွက်ဘွယ် မရှိသောအချက်ဖြစ်ချေသည်။

မဟာပရိနိဗ္ဗာနသုတ်၌ စမ္မာသည် ကုသိနာရုံမြို့ထက် ပိုမို ကြီးကျယ် ခမ်းနား၍ ဗုဒ္ဓအရှင် နောက်ဆုံး နိဗ္ဗာန်ဝင်ရန် သင့်လျော်သော မြို့ဖြစ်ကြောင်းကို ဖေါ်ထုတ်ခဲ့လေသည်။

ဘဒ္ဒိယမြို့သည် ဝိသာခါ ကျောင်းအမကြီးရဲ့ ဇာတိ ချက်ကြွေရာ ဌာနဖြစ်ခဲ့သည်။ ၎င်းဘဒ္ဒိယမြို့သို့ ဘုရားသခင် ကြွရောက်၍ ဇာတိယဥယျာဉ်၌ သီတင်းသုံးခဲ့ကြောင်းကို မဟာဝဂ္ဂ ပါဠိအရ သိရှိရလေသည်။

# ဝဇ္ဇီတိုင်း အပါအဝင် ကျေးရွာများ

ယခုခေတ် သမယ၌ ကိရထွတ်ခေါ်သော နယ်မြေတခု လုံးကို သိမ်းကြုံး၍ တည်ရှိသော ဝဇ္ဇီသမတနိုင်ငံတော် အတွင်း၌ အထက်တွင် ဖေါ်ထုတ်ခဲ့သည့်အတိုင်း ဝေသာလီ မြို့မှအပါ အခြားကျေးရွာများသို့လည်း ဘုရားရှင်ကြွရောက် ခဲ့လေသည်။ ၎င်းတို့ကား-

(၁) တန္တုဂါမ၊

(၂) ဟတ္ထိဂါမ၊

(၃) ကောဋိဂါမ၊

(၄) ဂင်္ဂါမြစ်ကမ်းပေါ်၌ တည်ရှိသော ဥက္ကာစေလ၊ (ဝါ) ဥက္ကာဝေလ ။(၎င်းတို့ကား- ဝဇ္ဇီတိုင်းဝင်များဖြစ် သည်)

(၅) အမ္ဗဂါမ၊

(၆) ဇမ္ဗုဂါမ၊

(၇) ဝေသာလီ မြောက်ဘက်၌ တည်ရှိသော ဘောဂ နဂရ၊

(၈) မိတ္ထိလာမြို့၊

(၉) ပေါ်သိဂ်တောအုပ်နှင့် ကပ်လျက်ရှိသော နာဒိက တို့ဖြစ်သည်။ (၎င်းတို့ကား-ဝိဒေဟတိုင်း၌ အကြုံးဝင်ကြ ကုန်၏။)

# သမတနိုင်ငံငယ်များ

ဝဇ္ဇီ သမတနိုင်ငံတော်၏ရင်း၊ သို့မဟုတ် ကောသလ ဘုရင်စနန်၏ရင်း အာနုဘော်ကို နည်းများမဆို ခံကြရသော သမတနိုင်ငံကလေးတို့တွင် အောက်ပါ နိုင်ငံကလေးများကို နိကာယ်ကြီးတို့၌ တွေ့ရှိရလေသည်။

(က) မလ္လာမင်းတို့၏ အရေးပါသော မြို့ကြီးတို့ကား- ပါဝါမြို့၊ အနုပိယမြို့၊ ဗုဒ္ဓ ရှင် ပရိနိဗ္ဗာန် စံဝင်ရာ ကုသိနာ ရုံမြို့နှင့်တကွ ဥရုဝေဠကပ္ပမြို့များ ဖြစ်သည်။

(ခ) ဗုဒ္ဓရှင်၏ဆွေတော်မျိုးတော်အနွယ်တော်ဖြစ်သော သကျ(ဝါ) သာကီဝင် မင်းမျိုးတို့၏ အရေးပါ အရာရောက်သော မြို့ကြီးတို့ကား- ကပိလဝတ္ထုမြို့၊ စာတုမာ၊ ခေါမဒုဿ၊ မေဒဠုမ္ပ၊ သက္ကရ၊ သာမဂါမ၊ သာလာဝတီ တို့ဖြစ်သတည်း။

(ဂ) ဗုဒ္ဓ၏ မယ်တော်မာယာနှင့် ကြင်ယာတော် ယသော်ဓရာ တို့၏ ဆွေမျိုးများ ဖြစ်ကြသော ကောလိယ မင်းမျိုးတို့၏ မြို့ပြတို့ကား- ကောလိယမင်းမျိုးတို့၏ မြို့တော် ဖြစ်သော ဒေဝဒဟနှင့်တကွ ဟလိဒ္ဒဝသန၊ ကက္ကရပထ၊ သဇ္ဇနေလ၊ သာပုဂ ဥတ္တရမြို့တို့ ဖြစ်ကြကုန်၏။

(ဃ) ဘဂ္ဂ-အနွယ်ဝင်တို့၏ နယ်ပယ်၌ ထင်ရှားသော သုံသုမာရဂိရိကား- ဗုဒ္ဓနှင့်တပည့်ကြီးများ မကြာမကြာ ကြွရောက် သီတင်း သုံးလေ့ရှိသော ဌာနဖြစ်ခဲ့ပြီ၊ ၎င်းကား- ကပိလဝတ္ထုမြို့၏အနီးမှာဟု အဆိုရှိစေကာ သာကီယ ပြည် နယ်၏ တောင်ဘက် အဝေးတော်ဝေးဝေး၌သာ ရှိပုံရသည်။

အကြောင်းနှုကား– ရှင်ဥပဂုတ်ပါဠိအရ ဘုရားရှင်သည် ဘဂ္ဂတိုင်း သံသုမာရဂိရိသို့ ဝေသာလီမှ ကြွသွားကြောင်းနှင့်တကွ သံသုမာရဂိရိမှ တိုက်ရိုက် သာဝတ္ထိသို့ ကြွကြောင်းတို့ကို သိရသောကြောင့်ပင်။

(င) နိကာယ်ကြီးများ၌ ဟိမဝန္တပဒေသဟူ၍မကြာခဏဖော်ပြလေ့ရှိသော ဟိမဝန္တာတောစပ် နယ်ပယ်ဒေသကား– ကောသလတိုင်း၏ မြောက်ဘက် သက္ကတိုင်း၏ အနောက်ဘက်ရှိ ဟိမဝန္တာ တောင်စောင်း၌ တည်ရှိသည်။

ဗုဒ္ဓ၏ တပည့်ကြီးများသည် မကြာခဏ ထိုအရပ် ဒေသသို့ ကြွသွား နေထိုင်လေ့ရှိသည်၊ တခါတရံ ဗုဒ္ဓကိုယ်တိုင်ပင် ကြွရောက်၍ သီတင်း သုံးသော့ ရှိခဲ့ကြောင်းကို နိကာယ်ကြီးများ၌ တွေ့ရှိရလေသည်။

(စ) ဗုဒ္ဓနှင့် ၎င်း၏တပည့်ကြီးများ ကောသလတိုင်း၏ အတွင်း၌ ကြွရောက်ခဲ့သော သာဝတ္ထိမြို့မှတပါး အခြားမြို့ပေါင်း အမြောက်အမြားကိုလည်း နိကာယ်များ၌ မှတ်တမ်းတင်ထားခဲ့သည်။

(၁) ကပိလဝတ္ထုမြို့နှင့် သာဝတ္ထိမြို့တို့၏အကြား၌သေတဗျမြို့ရှိသည်။ ၎င်းကား–ဗုဒ္ဓ၏ ရပ်နားရာဌာန ဖြစ်ခဲ့သည်၊ နဂ်ရက မည်သောမြို့သည်လည်း ၎င်းလမ်းမ၏ အနီးမှာပင် တည်ရှိပုံရသည်။ သေတဗျနှင့် သာဝတ္ထိမြို့တို့ အကြား၌မူ ဥက္ကဋ္ဌနှင့် ဇာဏုဿောနိသ နိဂုံးရွာကြီးများ ရှိသည်။ ထို့ပြင် မနသာကဋ၊ တူဒိနှင့် ကာမဏ္ဍာရွာကြီးတို့လည်း ၎င်းတို့၏ အနီးအနားမှာပင် တည်ရှိလေသည်။

(၂) သာဝတ္ထိမြို့နှင့် တောင်ပိုင်း မြို့တော်ကြီးများဖြစ်တဲ့ ကောသမ္ဗီ၊ ကာသိတို့၏အကြားမှာ အယုဇ္ဈယနှင့်သာကေတ မြို့များတည်ရှိကြ ကုန်၏၊နိကာယ်ကြီးများ၌ အယုဇ္ဈယမြို့သည် ဂင်္ဂါမြစ်ကမ်း၌ တည်ရှိသည်ဟု အဆိုရှိသည်။

သို့ရာတွင် ဒေ စစ်အမှန်မှာတော့ ၎င်းမြို့သည် ဂင်္ဂါမြစ်၏ မြောက်ဘက်လက်တက် ဖြစ်သော ယခုအခါ ဂဂ္ဂရာခေါ်တဲ့ ဆရယုမြစ်ကမ်း၌ တည်ရှိလေသည်။ အယုဇ္ဈယနှင့် ကပ်လျက်(၀'၊)ဘဆက်တည်းမှာပင်အားရှိပါသော သာကေတ မြို့တည်ရှိသည်၊ သာကေတနှင့် သာဝတ္ထိအကြားတွင် တော ရဏဝတ္ထုတည်ရှိသည်။

(ဆ) ဗုဒ္ဓဘုရားသခင် ကြွရောက်ခဲ့သော အခြားဌာန တို့ကား—

(၁) ခဏ္ဍသကပ္ပ၊
(၂) ဒဏ္ဍကပ္ပက၊
(၃) ကောသာလ၊
(၄) ကောသပုတ္တ၊
(၅) နဂရဝိန္ဒ၊
(၆) နဠကပါန၊
(၇) သုပသာဒ၊
(၈) ပံကဓာ၊
(၉) သာရုကာ၊
(၁၀) သာလာ၊
(၁၁) သာလာဝတိက၊

(၁၂) ဥဇုလ္လာ၊
(၁၃) ဝေဠုဒွါရ၊
(၁၄) ဝေနာဂပူရ တို့ဖြစ်သည်၊ သုန္ဒရိကာမြစ်ကို ဖော်ထုတ်ခဲ့စေကာ မုဒ္ဓအရှင် ကြွရပ်နားရာ ဌာနကိုမူ သီးသန့်ဖော်ပြခြင်း မပြုခဲ့ချေ။

(ဇ) ကောသလတိုင်း အနောက်တောင်ဘက်နှင့် ယမုနာမြစ်၏ မြောက်ဘက်တွင် တည်ရှိသော ဝံသတိုင်းအတွင်းရှိ ဌာနများ အနက်မှ ကောသမ္ဗီတမြို့မှတပါး အခြားဌာနများကို နိကာယ်တို့၌ များစွာ မတွေ့ရှိရချေ၊ အဆိုပါ ကောသမ္ဗီမြို့၌ သံဃာသင်းကွဲမှုကြီး ပေါက်ကွဲလာသောအခါ ဘုရားရှင်သည် ပါရိလေယျက တောသို့ ကြွရာလမ်း၌ ဗါလကလောကရွာသို့ ရောက်ကြောင်းကို တွေ့ရသည်။

ဗုဒ္ဓသည် ပါစိန ဝံသမှာ ရပ်နားပြီးနောက် ပါရိလေယျက ဆက်လက်ကြွကြောင်းကို တွေ့ရသည်။

သို့ရာတွင် ၎င်းဌာနသည် ဝံသတိုင်းအတွင်းမှာ တည်ရှိသလား။

(သို့မဟုတ်)ကောသလတိုင်း အတွင်းမှာ တည်ရှိသလားဟူသော အချက်ကား မကွဲပြားလှချေ။

(ဈ) ကောသမ္ဗီ၏ အရှေ့ဘက်၌ကပ်လျက် တည်ရှိသော ကာသိတိုင်း အတွင်း၌ အကြီး ဝင်ကုန်သော မြို့ပြကျေးရွာများအနက်မှ ဗာရာဏသီမြို့နှင့် ၎င်း၏ ဆင်ခြေဖုံးဖြစ်သော မိဂဒါဝုံ တောတို့လောက်ကိုသာလျှင် နိကာယ်ကြီးများ၌ တွေ့ရှိရလေသည်။

(ည) အနောက်မြောက်ဘက်တွင် ကောသမ္ဗီနှင့် စပ်လျက် အနောက်ဘက်က ယမုနာ၊ အရှေ့ဘက်က ကောသလတိုင်းတို့၏ အကြား၌ တည်ရှိသော ကုရုတိုင်း အတွင်းရှိ မြို့ပြ ပြည်ရွာတို့တွင် ကမ္မာသဓမ္မနှင့် ထုလ္လကောဋ္ဌိတ မည်သော အရပ်များသို့သာလျှင် ဘုရားရှင် ကြွရောက်ခဲ့သည်ဟု နိကာယ်ကြီးများ၌ အဆိုရှိသည်။

(ဋ) ဗုဒ္ဓသည် တရံရောအခါက သုမ္ဘ လူမျိုးများ၏ အလယ်တွင် သေဘက (သို့မဟုတ်) သေဒက မည်သော မြို့၌ သီတင်းသုံးခဲ့ကြောင်းကို သံယုတ္တနိကာယ်၌ တွေ့ရှိရလေသည်။

(ဌ) ဗုဒ္ဓ၏ ထင်ရှားသော တပည့်တော်ကြီးများ ဖြစ်ကြသည့် ရှင်မဟာစုန္ဒနှင့်အခြားရဟန်းတော်ကြီးများသည် စေတိတိုင်း သဟဇာတိ (သို့မဟုတ်) သဟဇ္ဇနိက အရပ်၌ သီတင်းသုံးခဲ့ကြောင်းကို အင်္ဂုတ္တရနှင့် သံယုတ္တနိကာယ်တို့၌ တွေ့ရသည်။

ဗုဒ္ဓကိုယ်တော်တိုင်ကား- ထိုအရပ်ဒေသသို့ ကြွရောက်ခဲ့သည်ဟူ၍ နိကာယ်ကြီးများ၌ မတွေ့ရချေ။ ၎င်း နယ်မြေသည် ကောသမ္ဗီနှင့် တဆက်ထည်း ဝံသတိုင်း၏ မြောက်ဘက် ဂင်္ဂါနှင့် ယမုနာ ပေါင်းဆုံရာ ခွကြားတွင် တည်ရှိသည်။

(ဍ) မစ္ဆနှင့် သူရသေနအနွယ်တို့၏ နေထိုင်ရာ ဒေသနှင့် အာဝန္တိတိုင်းတို့သည် ယမုနာမြစ်၏ အနောက်ဘက် (ဝါ)လကျာဘက်ကမ်း၌ တည်ရှိသည်၊ မစ္ဆအရပ်သို့ ဗုဒ္ဓအရှင် ကြွရောက်ခဲ့ကြောင်း မှတ်တမ်းကို မတွေ့ရချေ။

သို့ရာတွင် သူရသေနတိုင်း၏ မြို့တော် မဓုရာ အရပ်၌ ရှင်မဟာကစ္စာယနမထေရ် သီတင်းသုံး ခဲ့ကြောင်းနှင့် တကွ မဓုရာနှင့် ဝေရဉ္စာအကြား၌ ဘုရားရှင် သီတင်းသုံးခဲ့ဘူး ကြောင်းကိုလည်း ဖေါ်ပြခဲ့သည်၊ ထိုမြို့နှစ်ခုတို့၏ အကြား၌ ယမုနာမြစ် တည်ရှိစေကာ မျှားစွာ ဝေးကွာပုံ မရချေ။

(ဃ) ယမုနာမြစ်၏အနောက်ဘက်နှင့် တောင်ဘက်တွင် အဝန္တိတိုင်းကြီး တည်ရှိသည်၊ ၎င်းတိုင်း၏ မြို့တော်ကား— ဥဇ္ဇေနီမြို့ဖြစ်သည်၊ ယမုနာမြစ်၏ ဤမှာဘက်၌ တည်ရှိသော အရပ်ဒေသများသို့ ဘုရားရှင်ကိုယ်တိုင် ကြွရောက်ခဲ့သော အချက်ကား—နိကာယ်ကြီးများ၌ အထင်အရှား မတွေ့ရပါ ပေ။

သို့ရာတွင် ၎င်းအဝန္တိတိုင်းမှာ မဟာကစ္စာယန မထေရ် ကြီး တရားဟောခဲ့ကြောင်းကို နိကာယ်ကြီးများ၌ ငါးကြိမ် တွေ့ရှိရလေသည်။

အဆိုပါ တရားဟောရာ ဌာနတို့ကား— ကုရရဃရနှင့် မကရကတတို့ဖြစ်သည်၊

ဝါရနာ (သို့မဟုတ်) ဝိရနာကား— အဝန္တိတိုင်းတွင် အကြီးဝင်သော မြို့ငယ်တခု ဖြစ်သည်ဟူ၍ အင်္ဂုတ္တရနိကာယ် ၌ ဖေါ်ထုတ် ခဲ့လေသည်။

(င) ဘုရားရှင်တော်၎င်း၊ (သို့မဟုတ်) တပည့်ကြီးများ သော်၎င်း ကြွရောက်ခဲ့သည် ဟူ၍ နေရာ ဒေသ အများကို နိကာယ်ကြီးများ၌ တွေ့ရသည်၊ သို့ရာတွင် ထိုသည့် မြို့ပြ

ပြည်ရွာများကို ဘယ်တိုင်း ဘယ်နယ်တွင် ပါဝင်သည်ဟူ၍ အတိအကျ ဖေါ်ပြခြင်း မရှိခဲ့ပါပေ။

၎င်းဌာနတို့ကား—

(၁) အာဠဝီ၊
(၂) ကဇင်္ဂလ၊
(၃) ကိမ္ဗိလ၊
(၄) ဂင်္ဂါနှင့် ယမုနာမြစ်တို့၏ အကြား၌ ရှိသော ဝေရဉ္စ၊
(၅) ကုသိနာဂရနှင့် သာဝတ္ထိ အကြားမှာ တည်ရှိသော အာတိမ၊
(၆) မစ္ဆိကာသဏ္ဍ၊
(၇) သေတကဏ္ဏိက၊
(၈) ထူန တို့ဖြစ်သည်။

နောက်ဆုံးဌာန နှစ်ခုတို့ကား—

မဇ္ဈိမဒေသ၏ အ နာက်ဘက်နယ်စင်၊ တောင်ဘက်နယ်စပ် အလွန်ဝေးကွာသော အရပ်၌ တည်ရှိသည်ဟူ၍ သာလျှင် ဖေါ်ထုတ်ခဲ့လေသည်။

ဤသို့အားဖြင့် ဗုဒ္ဓသည် ၄၅-ဝါ တိုင်တိုင် မဇ္ဈိမတိုင်းခရိုင် အသီးသီး မြို့ကြီး အသွယ်သွယ် ကျေးလက် ဇနပုဒ်ရွာငယ်အပေါင်းတို့သို့ လောကသားအားလုံးတို့၏ အကျိုးကို သည်ပိုးရန်အလို့ငှါ၎င်း၊ ပရဟ ဆိုအပ်သော လူသားတရပ်လုံးကို ကယ်တင်ရန်အလို့ငှါ၎င်း မရပ်မနား လှည့်လည် ကြွသွားခဲ့လေပြီ။

ယင်းသို့ကြွသွား၍ ရောက်လေရာရာ ဌာနများ၌ ကယ်တင်သင့် ကယ်တင်ထိုက်သော လူသားထုကို အယုတ်အလတ်အမြတ်မရွေးဘဲ တပြေးတည်း ကယ်တင်ခဲ့လေပြီ။

ဗုဒ္ဓကိုယ်တိုင် ကယ်တင်ခဲ့သော တပည့်ကြီးများ၏ စာရင်းတွင် လူနေအဆင့် အတန်းအားဖြင့် အမြင့်ဆုံး လူ့အစည်းအရုံးတွင် ပါဝင်သော လူသား လူသမီးများနှင့် အနိမ့်ဆုံးလူ့သား လူ့သမီးများ ပါဝင်ကြကုန်၏။

ထို့အတူ ပညာရေး အဆင့်အတန်း အားဖြင့်လည်း အထူးချွန်ဆုံး အပြောင်လက်ဆုံးနှင့် အထုံဆုံး အပိန်းဆုံး လူ့သား လူ့သမီးတို့ ပါဝင်ကြကုန်၏။

ထိုကြောင့် ဗုဒ္ဓ၏ ကယ်တင်ရေး လုပ်ငန်းမှာ အကန့်အသတ် နယ်နိမိတ် မရှိကြောင်း၊ အထီး၊ အမ၊ အဖြူ၊ အမဲ၊ နှာခေါင်းချွန်၊ နှာခေါင်းပြား ခြားနားခြင်း မရှိကြောင်း ထင်ရှားသည်။

ဗုဒ္ဓသည် သတ္တဝါအားလုံးကို တသားတည်းရှု၍ တပြေးတည်း ပြုလေ့ရှိသည်။ လောက ကယ်တင်ရေးအတွက် အသုံးပြုသော မဟာကရုဏာ ပိုက်ကွန်ကား- အလွန်စိပ်၍ အင်မတန်နုလေရာ အသေးဆုံးမှ အကြီးဆုံးတိုင်အောင်သော သတ္တဝါတို့ကို သယ်ယူကယ်တင်နိုင်သော တန်ခိုးနှင့် ပြည့်စုံလေသည်။

# ဗုဒ္ဓ၏ နေ့စဉ်လုပ်ငန်း

ဗုဒ္ဓသည် ဘဝ၏ နှောင်ကြိုးအားလုံးမှ အပြတ်အသတ် လွတ်လပ်၍ အကပ်အငြိကင်းသော သုခစစ်ချမ်းသာမှန်ကို အတိအကျ စံစားနေရစေကာ အတ္တဟိတ ဟူသော ကိုယ်ကျိုးသက်သက်ဖြင့် နှစ်သက်ရောင့်ရဲခြင်းကို အမြဲတမ်း လျစ်လျူရှုခဲ့သည်။

ထို့ကြောင့် ကိုယ်တိုင်လွတ်လပ်ပြီးသည်၏ နောက်ပိုင်း၌ ပင် ဗုဒ္ဓတိစ္ဆ ငါးရပ်ကို မပြတ်မလပ် နေ့ဆက် ရက်ဆက် ဆောင်ရွက် လုပ်ကိုင်ခဲ့လေပြီ၊ ၎င်းကို ဗုဒ္ဓ၏ နေ့စဉ်လုပ်ငန်း ဟူ၍ ခေါ်ဆိုအပ်လေသည်။

ဤသည်ကို ထောက်ရှုခြင်းဖြင့် လောကသားအတွက် ဗုဒ္ဓအရှင် မည်မျှ အာင်ပန်း အနွမ်းအနယ် ခံခဲ့ကြောင်း ထင်ရှားသည်။

ထိုကဲ့သို့သော ကိုယ်တော်၏ပင်ပန်းနွမ်းနယ်မှုကို အနည်းငယ်မျှ ဂရုမပြု အမှုမထားဘဲ လောကသား အားလုံး၏ အကျိုးကို အချိန် စာရင်းအတိုင်း အတိအကျ ဆောင်ရွက်ခဲ့သည်။

သက်တော် (၃၅) တွင် ဘုရားအဖြစ်သို့ ရောက်ပြီး နောက် သက်တော်(၈၀) တိုင်အောင် နေ့စဉ် ရက်ဆက် ဆောင်ရွက်ချက်တို့ကား-ဗုဒ္ဓအရှင်၏အတွက် ပရဟိတ(၀ါ) သူကျိုးဆောင် လုပ်ငန်း သက်သက်တို့ သာ ဖြစ်ကြကုန်၏။

**ပုရေဘတ္တကိစ္စ** ဆိုသည်ကား– ဆွမ်းမစားမီ နံနက်ပိုင်း လုပ်ငန်းဖြစ်သည်၊ ဘုရားရှင်သည် နံနက်မိုးလင်းသည်နှင့်တပြိုင်နက် သက်န်းဝတ်ရုံ သပိတ်လွယ်လျက် အနီးအနား မြို့ရွာများသို့ ကိုယ်တော်တပါးတည်းဖြစ်စေ(သို့မဟုတ်)မြောက်မြားလှစွာသော ရဟန်းသံဃာ အခြွေအရံများနှင့် ဖြစ်စေ ဆွမ်းခံ ကြွသွားလေ့ရှိသည်။

တခါတရံ မြို့တွင်း ရွာတွင်းသို့ဆွမ်းခံဝင်ရန် စောလွန်းသေးလျှင် ကျွတ်ထိုက်သူ ရဟန်းရှင်လူများကို ကယ်တင်လေ့ရှိခဲ့သည်။ ဆွမ်းခံ ကြွသွားရင်းလည်း ကယ်တင်ရေးလုပ်ငန်းကို အမြဲတမ်း သတိရသည်ဟု ဆိုလိုသည်။

**ပစ္ဆာဘတ္တကိစ္စ** ကား–ဆွမ်းစားပြီး နောက်ပိုင်း ကာလအတွင်း၌ ဗုဒ္ဓအရှင် နေ့စဉ် ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်သည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေး၍ပြီးသောအခါ အချိန်အားဖြင့် တနာရီခန့်မျှ ဇလသမာပတ်ဝင်စားလေ့ရှိသည်။

ထိုနောက် ပဟ်ဝန်းကျင် အနီးအပါးမှ တရားတော်ကို နာယူမှတ်သားရန် ဘုရားရှင်၏ထံပါးသို့ ချဉ်းကပ်လာရောက်ကြကုန်သော ဗြာဟ္မဏ၊ ခတ္တိယ၊ သုဒ္ဒ၊ ဝေဿဟူသော မျိုးလေးပါးတို့ကို တရားဓမ္မ ဟောညွှန်ပြခြင်းဖြင့်အချို့ကို ကယ်တင်ခဲ့သည်။ ၎င်းတို့ရဲ့အမေး ပုစ္ဆာပြဿနာတို့ကို ကျေနပ်မှု ရလေအောင် အဖြေပေးခြင်းဖြင့် အချို့ကို ကျွတ်တမ်းဝင်စေခဲ့သည်။

**ပုရိမယာမကိစ္စ** ဟူ တုံသည်ကား- ညဉ့်ကာလကို သုံးပိုင်း ခွဲခြားလိုက်လျှင် ပထမပိုင်း ကာလပင် ဖြစ်သည်၊ ဤအချိန်အတွင်းတွင် ဘုရားရှင်နှင့် အတူနေဖြစ်ကြကုန်သော (သို့မဟုတ်) ဝေးကွာသော မြို့ရွာများမှ တရားတော်ကို နာယူမှတ်သားရန် လာရောက်ကြကုန်သော ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမများကို တရားစမ္မ ဟောပြ ညွှန်ကြားတော်မူသည်။

ထို့ပြင် ထိုထိုဘိက္ခု၊ ဘိက္ခုနီတို့၏ မရှင်းမလင်းသော အမေးပုစ္ဆာ ပြဿနာရပ်ရပ်ကိုလည်း နှစ်သိမ့်ကျေနပ်မှု ရလောက်အောင် ဖြေရှင်းတော်မူလေ့ရှိသည်။

**မဇ္ဈိမယာမကိစ္စ** ကား- ညဉ့်ကာလ၏ အလယ်ပိုင်း၌ ဗုဒ္ဓအရှင် ညခင်းဆောင်ရွက်သော လုပ်ငန်း ဖြစ်သည်။ ဤအချိန်ကား- အခဝေးရောက် ဧည့်သည်များအတွက် သီးသန့်၍ ထားအပ်သော ကာလ ဖြစ်သည်။

**ပစ္ဆိမယာမကိစ္စ** ၏ အဓိပ္ပါယ်မှာ- ညဉ့်၏ အဆုံးဖြစ်သော အချိန်တွင် ဘုရားရှင် ဆောင်ရွက်သော လုပ်ငန်းဖြစ်သည်။ ဤနောက်ဆုံး ယာမ် ကာလကို သုံးစိတ်သုံးပိုင်း ခွဲခြား၍ ထားသည်။

ပထမပိုင်းတွင် ဘုရားရှင်သည် စင်္ကြံ့န်လျှောက်ခြင်းဖြင့် ကိုယ်လက် ဆန့်တော်မူသည်။

ဒုတိယပိုင်းတွင် ဂန္ဓကုဋီအဘွင်းသို့ ဝင်၍ မလွတ်သော သတိဖြင့် ကျိန်းစက်တော်မူသည်။

ထိုနောက် တတိယပိုင်းတွင် ကျွတ်ထိုက်သော သတ္တဝါ များကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသည်။

ဤဗုဒ္ဓကိစ္စ ငါးပါးကို ရှင်ဗုဒ္ဓဃောသ ရေးသားသည့် ဒီဃ နိကာယ်၏ အဖွင့်ဖြစ်သော သုမင်္ဂလဝိလာသိနီ အဋ္ဌ ကထာ အဆိုအတိုင်း ဖော်ထုတ်ခဲ့သည်။ ၎င်းအဋ္ဌကထာ၏ သက်တမ်းကို စစ်ဆေးဝေဖန်တဲ့အခါ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်းပြီးနောက် နှစ်ပေါင်း (၉၀၀) ကျော်မှ ပေါ်ပေါက် သော ကျမ်းစာဖြစ်ကြောင်း တွေ့ရသည်။

သို့ရာတွင် အဋ္ဌကထာဆရာသည် နိကာယ်ကြီး များ တွင် တွေ့ရှိရသော ဖြစ်ရပ် ဖြစ်စဉ်များကို အခြေခံပြုကာ ကိစ္စငါးရပ် ခွဲခြားပုံ ရသေသည်။

မည်သို့ပင်ဖြစ်စေ၊ ဗုဒ္ဓသည် နေ့စဉ်နေ့တိုင်း ငါးချိန်ပိုင်း ၍ သူ့ကျိုးပြု လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်းကား-အလွန် တရာ ပေါ်လွင်ခဲ့လေပြီ။ ယင်းသို့ ဆောင်ရွက်ရာ၌ ကိုယ်ကျိုး အတွက် မျှော်လင့်ချက် တစက်မျှ မပါခြင်းကြောင့် ကိုယ် တော်၏ ပင်ပန်းမှု နွမ်းနယ်မှုကို ဥပက္ခာ ရှုနိုင်ခဲ့သည်။ ငါးဝသော ဗုဒ္ဓကိစ္စတို့ကို နေ့မပျက် ရက်မပျက် ဆက်လက် ဆောင်ရွက်နိုင်ခဲ့သည်။

အဘယ်ကြောင့် ဤသို့ ဆောင်ရွက်နိုင်ခဲ့သနည်း ?

ဗုဒ္ဓသည် ဤကပ္ပါလောကအတွင်း၌ ကိုယ်တော်၏ အတွက်ဆို၍ ဘာတချက်မျှ ငဲ့ကွက် မျှော်လင့်ခြင်း မရှိတော့ပြီ။ ယင်းသို့ မရှိခြင်းကြောင့် မျှော်လင့်ခြင်းမှ (ဝါ)အမျှော်သဘောမှ လုံးဝ ကင်းရှင်းလေတော့သည်၊ အမျှော်ဓါတ်ကို အရင်းအမြစ်မှ ခုတ်ဖြတ်၍ သုတ်သင်ရှင်းလင်း လိုက်ခြင်းကြောင့် ကိုယ်တော်၏ အလိုဆန္ဒဟူသမျှ လုံးဝ ချုပ်ငြိမ်းခြင်းသို့ ရောက်ရလေသည်။

ဤသို့အားဖြင့် မိမိကိုယ်ကျိုးရှိမှုအတွက် မျှော်လင့်ခြင်း လုံးဝ ကင်းရှင်းမှသာလျှင် သူတပါး၏ အကျိုးကို အားစိုက်ခွန်ပါ ပြုတ်သားစွာ ဆောင်ရွက်နိုင်ပေ လိမ့်မည်။

ခေဒံ အဂနယံ နာထော၊
ပဋ္ဌ ဗုဒ္ဓကတံ ဝဟံ။
သတ္တသိဒ္ဓေါ ပရတ္တံဝ၊
ဗျာဝဋော သုမဟာဒယော။

## ၎င်း၏ မြန်မာပြန်

ပင်ပန်း နွမ်းမှု—မရှု ထွင့်ရှင်၊
ကိစ္စငါးပါး—ဆောင်သွားနေ့စဉ်၊
ပြီးမြောက် ကိုယ်ကျိုး—သူကျိုး နှိုင်းယှဉ်၊
မေတ္တာဖြိုး—သည်ပိုးတို့အရှင်။

# ဗုဒ္ဓ၏ ကယ်တင်ပုံ

**ရောဂါသယ်ကို ဆေး**

လူသားသည် ကိုယ်၏ဆင်းရဲ ဟူသော ကာယိကဒုက္ခ ညှိုးငယ်မှုနှင့်စိတ်၏ပင်ပန်း နွမ်း နယ် ခြင်း ဆိုတဲ့ စေတသိက ဒုက္ခ ညှိုးငယ်မှုတွင် ထာဝစဉ်နစ်မြုပ်လျက်နေမြဲဖြစ်သည်၊ ကာယိက ဒုက္ခကို ခံစားနေရသော ဝေဒနာရှင်လူသားကို တွေ့ခဲ့လျှင် ဗုဒ္ဓသည် ထိုသူကို ထိုဝေဒနာမှ ထမြောက်အောင် နည်း လမ်းပြုပြီးနောက်မှ ၎င်းကို ကယ်တင်လေ့ရှိသည်။

ဝေဒနာဖိစီးခြင်းကို ခံနေရသော လူသားသည် ဗုဒ္ဓ၏ ကယ်တင်ရေးတရားကို အဘယ်မှာလျှင် ကြားနာနိုင် အံ့နည်း၊ အဘယ်မှာလျှင် လိုက်နာကျင့်သုံးနိုင်အံ့နည်း။

တနေ့သော် ဗုဒ္ဓသည် အနန္ဒာနှင့်အတူ ဇေတဝန်ကျောင်း တွင်းမှ ကြွသွားစဉ် ကျောင်းငယ်တခုပေါ်မှ ပြင်းထန်သော ညည်းညူသံကိုကြားလေပြီ။ ထိုအခါ ဘုရားရှင်သည် ထိုသည့် ကျောင်းငယ်ပေါ်သို့ တက်ရောက်၍ မကျန်းမာသော ရဟန်း ကို ကြည့်ရှုလေရာ ပြည်ရောသွေးပါ အလိမ်းအလိမ်းပေရေ လျက် ကုဋ္ဌနူနာ၏ဒဏ်ကို အလူး အလိမ့် ခံနေရသည်ကို တွေ့မြင်ရလေပြီ။

ဗုဒ္ဓသည် ရှင်အာနန္ဒာအား ရေခပ်ခိုင်း၍ ထိုရဟန်း၏ ညစ်ပတ်ပေရေနေသော သင်္ကန်းတို့ကို ကိုယ်တိုင် ဖွတ်လျှော် ၍ပေးလေသည်။ ထိုရဟန်း၏ ကိုယ်ကာယတွင် ပေရေလိမ်း

ကျံနေသော ပြည်နှင့်သွေးစသော အညစ်အကြေးများကိုပါ ကိုယ်တိုင် ဆေးကြောသုတ်သင်၍ ပေးလေသည်။

နောက်ဆုံး၌ ဘုရားရှင်သည် ရဟန်းတို့—

ငါဘုရားကို ပြုစုလိုသူများသည် ဂိလာနသူနာကို ပျူငှါ ယုယ ပြုစုကြကုန်လော့ ဟု မိန့်ကြားတော် မူခဲ့လေပြီ။

**ဆာသူကို ကျွေး** နေ့လည်မွန်းတိမ်း၍ အတော်ပင် အချိန်ယိမ်းခဲ့ပြီ။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင်းသို့ နံနက်ပိုင်းမှစ၍ ဥပုသ်စောင့်၊ တရားနာရောက်လာကြသော လူထုပရိသတ်၌လည်း လှုပ်လှုပ်ရွရွ အသက်ဝင်စ ပြုလာပြီ။

ဗုဒ္ဓအရှင် သီတင်းသုံးရာ ဓမ္မာသန ပလ္လင်ဘက်သို့ လူအားလုံး ရှေးရှုလျက် သွား၍ နေကြလေပြီ ပရိသတ်စုံညီတဲ့အခါ ဗုဒ္ဓမြတ်စွာလည်း ဒေသနာစကားကို အဆက်မပြတ်တလစပ် လှည့်၍နေတော်မူလေပြီ။

ထိုအခိုက်တွင် အစာပြတ် ရေငတ်၍ မတ်တတ်မှလဲလှုမတတ် အားပြတ်နေရှာသော နွားပျောက်ရှာသမား ပုဏ္ဏားတယောက် ပေါ်ပေါက်၍ ပရိသတ် အစွန်အဖျားသို့ ရောက်လာလေပြီ။

ထိုပုဏ္ဏား၏ အရေးကြီးသော အခြေအနေကို တွေ့လျှင်တွေ့ခြင်း....

ဘုရားရှင်သည် ဟောပြောနေဆဲဖြစ်သော ဓမ္မအာယာဉ်ကို ရပဲတန်ပြီးလျှင် စားဘွယ်၊ သောက်ဘွယ် အနည်းငယ်မျှ လောလောဆယ် ရနိုင်ပါဦးမည်လား ?

ဟူ၍ ပရိသတ်တို့အား မေးမြန်းတော်မူလေသည်။

ထိုအခါ ပရိသတ်တို့သည် မိမိတို့ခွာရှိသော ထမင်းကျန်ဟင်းကျန်များကို ဘုရားရှင်၏ လက်သို့ ပေးဆက်ကြလေပြီ။ ဘုရားရှင်သည် ထိုသို့ ရရှိသော ထမင်းနှင့်ဟင်းတို့ဖြင့် ထိုပုဏ္ဏား၏ ဆာလောင်မွတ်သိတ်ခြင်းကို ငြိမ်းစေပြီးနောက် ဟောလက်စဖြစ်သော တရားတော်ကို ပြန်လည်ဆက်လက်၍ ဟောလေပြီ။

ထိုသို့ ဟောလျက်ပင် ချစ်သား ချစ်သမီးတို့....

အာဟာရပြတ်အစာနှင့် ရေငတ်တဲ့သူကို ထိုက်သင့်သလို ကျွေးမွေးပြီးမှ သာလျှင် ကယ်တင်ရာ၏။

ဟူ၍ မိန့်မြွက်ခဲ့လေပြီ။

**အမတ ဆေးနည်း** ကိသာဂေါတမီ မည်သော အမျိုးသမီး တယောက်သည် သာဝတ္ထိမြို့နေ ကုန်သည်၏ သားတဦးနှင့် ချစ်ကြိုးနှောင်မိခဲ့ပြီ။ တနှစ်လွန်မြောက်တဲ့အချိန်၌ သားဦးကလေးတယောက်ကို ရရှိသဖြင့် အလွန်အကျူး ရွှင်မြူးနေခဲ့ရပြီ။

သို့ရာတွင် ထိုသားငယ်ကလေး လမ်းကိုမှ မလျှောက်နိုင်မီ ပျော်ခဲ့သမျှ ငိုချင်းချရတဲ့အခြေသို့ ဆိုက်ရောက်ခဲ့လေပြီ၊ ထိုသူငယ်မသည် သေမှုကိုတခါမှ မကြုံတွေ့ဘူးသဖြင့် ထို

ထူးခြားသော ဖြစ်ရပ်ကို တကယ်မှ ဟုတ်ပါလေရဲ့လား ဟု စမ်းတဝါးဝါးဖြစ်၍ နေရှာလေပြီ။

ကလေးငယ်၏လက်၌ မြွေစွယ်ကြောင့်ထင်၍ ကျန်ရစ်သော အပ်ဖျားရာလောက်ရှိ နီနီအစက်ကလေးဟာ ဒါ လောက်ပြင်းထန်တဲ့ သေမှုကြီး၏ အကြောင်း ဖြစ်နိုင်ပါ မလား ဟူ၍လည်း သံသယဖြစ်မိဟန် ရှိလေသည်။

ထို့ကြောင့်-ကလေးမသည် ကလေးသေကို ပွေ့ချီလျက် သူ့ရဲ့သားကလေးကို အသက်ပြန်ရှင်လာအောင် ဆေးဝါး ကုပေးကြပါဟူ၍ မြင်ကရာ တွေ့ကရာလူများကို အပူကပ် လေတော့သည်။ တွေ့မြင်သူတိုင်းကလည်း ထိုကလေးမ ရူး သွပ် နေပြီဟု ယူဆကြလေပြီ။

သို့သော်-လူတယောက်ကမူ ထိုကလေးမကို ရဟန်းကြီး ဂေါတမထံသို့ သွားရန် လမ်းညွှန်လိုက်လေပြီ။ ထိုသူက ညွှန်လိုက်တဲ့အတိုင်း ကလေးမသည် မလှုပ်မယှက် အသက် ထွက်နေသော ကလေးကို ပွေ့ချီလျက် ဘုရားရှင်ရှိရာသို့ ဦးတည်ကာ ပြေး၍ သွားလေပြီ။ ဗုဒ္ဓသည်လည်း အဝေးမှ အပြေးချလာသူ ကလေးမကို မြင်လျှင်မြင်ခြင်း အတွင်းသား သိပြီးဖြစ်၍ နေနှင့်လေပြီ။ ဘုရားရှင်အနီးသို့ ရောက်လျှင် ရောက်ခြင်း အပူတပြင်း လျှောက်ထားပုံကတော့....

ဟောဒီမှာ အရှင်ဘုရား—

တပည့်တော်မ သားကလေး မြွေကိုက်လို့ သေတယ်လို့ ပြောကြပါတယ်၊ အဲဒီသေဒါကို အရှင်ဘုရား တပါးသာ

ကုစား၍ ပေးနိုင်တယ် ပြောကြလို့ တပည့်တော် ပြေးလာခဲ့ပါတယ်။

ဘယ့်နှယ်လဲ ဘုရား၊

ကုပေးနိုင်ပါရဲ့လား ပြန်ရှင်အောင် လုပ်ပေးနိုင်ပါရဲ့လား ဘုရား။

ထိုအခါ ဘုရားရှင်သည် ကရုဏာနှလုံးဖြင့် အနည်းငယ်ပြုံးပြီးလျှင်—

ချစ်သမီး—

သေတဲ့လူကို ရှင်အောင် ကုတဲ့နည်း ဟာ သိပ်ခက်တဲ့လုပ်ငန်းမဟုတ်ဘူး ချစ်သမီး၊ ဒါပေမယ့် လို့ ဆေးဖက်တမယ်ဘဲ လိုနေတယ်ဟု မိန့်မြွက်လေရာ ထိုသူငယ်မလဲ အလွန် အားတက်လာကာ လိုတဲ့ဆေးဖက်ကို မိန့်မြွက်တော်မူပါ၊ တပည့်တော်မ ရအောင် ရှာခဲ့ပါမည်ဟု လျှောက်ထား လေပြီ။

ချစ်သမီး—

လိုနေတဲ့ ဆေးဖက်ကား အခြားမဟုတ် မီး-မကျော်တဲ့ မုံညင်းစေ့ တဆုပ်စာဖြစ်တယ်၊ မီး-မကျော်ဆိုတာ တပည့်တော်မ နားမလည်ပါ၊ ဘယ်လိုဟာကို ခေါ်ပါသလဲဘုရား။

ချစ်သမီး—

လူသားတစုံတယောက်မျှ မသေဘူးသော (ဝါ) မသာမပေါ်ဘူးသေးသော အိမ်မှ ရတဲ့ မုံညင်းစေ့ကို မီး-မကျော်တဲ့ ဆေးဖက်လို့ ခေါ်တယ် ချစ်သမီး—

ဟူ၍ မိန့်မြွက်လိုက်သောအခါ သူငယ်မသည် ဝမ်း မြောက်ဝမ်းသာ မီး-မကျော်တဲ့ မုံညင်းစေ့ အရှာထွက်၍ သွားခဲ့လေပြီ။

ကိသာဂေါတမီသည် သာဝတ္ထိ တမြို့လုံးကို လှည့်လည် ပြီးလျှင် အိမ်ပေါက်စေ့ဝင်၍ သူလိုသော မုံညင်းစေ့ကို တောင်းခလေရာ လူတိုင်း လူတိုင်းပဲ သနားကြင်နာစွာဖြင့် တောင်းခံဘာကို ပေးကြရှာ၏။

ဒါပေမယ်လို့ မီးကျော် မီး-မကျော် မေးမြန်းတဲ့အခါကျ တော့ ချစ်သမီး သေသူ ရှင်သူ ဤနှစ်လူတွင် သေသူ၏ အရေအတွက်ကား- အလွန်ပင် များပြားလှချေ၏။ မီး-မ ကျော်သော အိမ်ဟူ၍ အဘယ်မှာလျှင် ရှိချိမ့်မည်နည်း။

ဟူသော တမျိုးတည်းသော အဖြေကိုသာ ကြားနာရရှိခဲ့ လေပြီ။

ထိုအခါသော် သူငယ်မသည် မိမိ၏ဖြစ်ရပ်ကို တပ်အပ် သေချာစွာ သိမြင်၍ သွားရှာလေပြီ။ ထို့ကြောင့် မိမိ၏ ရင်ခွင်၌ အမြတ်တနိုး ရှင်ပြန်လိမ့်နိုးနိုးနှင့် မျှော်ကိုး ကာ ပွေ့ပိုက်ချီယူလာသော သားငယ်၏ အလောင်းကို မြို့ပြင်ရှိ ပန်းဘောအတွင်းသို့ ပစ်သွင်းလိုက်ပြီးလျှင် ဗုဒ္ဓ၏ အထံသို့ ပြန်လည်ဦးတိုက်၍ ကယ်တင်ခြင်းကို ခံယူလိုက်လေပြီ။

**အရှုံး ပျောက်ဆေး** ပဋာစာရီသည် သူဌေးသမီးဖြစ်၏၊ အရွယ် ရောက်၍ အပျိုပေါက်ကလေး ဖြစ်လာ တဲ့အခါ ရင်းရဲ့အိမ်မှာ ခိုင်းစေထား သော ကျွန်ယောကျ်ားကလေး တယောက်နှင့် ချစ်ကြိုးနှောင်

မိလေသည်။ သို့ရာတွင် ဇာတိဝါဒ၏ အတားအဆီး အချုပ်အချယ်များကြောင့် မိန်းကလေး ပဋာစာရီသည် သူ၏ချစ်သူကို ချစ်ပလ္လင်သို့ တင်ရန် အခွင့်အရေးမဲ့ ဖြစ်ခဲ့ရလေပြီ။

ထိုကြောင့် သူရဲ့ချစ်သူကို ခိုးယူ၍ အခြားသော မြို့ရွာသို့ သွားရောက် နေထိုင်ခဲ့လေပြီ၊ ထိုသို့ သွားရောက် ပုံးအောင်း နေစဉ် သားဦးတယောက် ရရှိခဲ့ပြီး လမ်းတွင် သားငယ် တယောက် မွေးဖွါးရတဲ့ ဒုက္ခနှင့် ကြုံရပြန်သည်။ လမ်းတွင် ချစ်လှစွာသော လင်ယောကျ်ားရော ကလေး နှစ်ယောက်ပါ ဆုံးရှုံးခဲ့ရသည်၊ မိ, ဖ, မောင်ဖွား ရှိရာ အိမ်ဂေဟာသို့ ပြန်လာတဲ့အခါမှာ အလွန် ပြင်းထန်တဲ့ လေ မိုး ဒဏ်ကြောင့် တိုက်ပြို၍ပိသဖြင့် မိ, ဖ, မောင်ဖွား သုံးယောက်သားတို့ အစင်းသား သေနေသည်ကို ကြားသိ တွေ့မြင်ရ ပြန်လေသည်။

ယင်းသို့ ဆက်ခါဆက်ခါ ဘဝ၏ ပြင်းထန်လှသော မုန်တိုင်းဒဏ်ကို အလူးအလိမ့် အပြင်းအထန် အတိုက် ခံလိုက်ရသော သူငယ်မအတွက် ဆေးချက် မရှိလောက်အောင် ရူးသွတ်၍ ပစ်လိုက်ခြင်းမှတပါး အခြား အားထားဘွယ်မရှိ ဖြစ်ခဲ့လေပြီ။

သို့ဖြစ်၍ ပဋာစာရီ သူငယ်မသည် ကိုယ်ရော စိတ်ပါ အထိန်းအချုပ်ကင်းကွာ အဝတ်တန်ဆာပင် ကိုယ်မှာမကပ် မတင်နိုင်လောက်အောင် ရူးသွတ်ခြင်းဘဝသို့ ဆိုက်၍သွားခဲ့လေပြီ၊

အရှေ့အနောက် တောင်မြောက်တွေလွဲပြီး ချေးနှင့်မီးကိုမှ မကွဲသော ဒေါင်ချာစိုင်းနေတဲ့ အရူးမကြီး ဖြစ်ပြီးလျှင်

လေပင့်ရာ-ခြေဦးတည့်ရာသို့ အဝတ်မလာ သီချင်းကလေး တစာစာနှင့် သွားလာလှည့်ပတ်၍ နေခဲ့လေပြီ။

သွားလေရာရာ ဌာနဒေသဘို့၌ တွေ့သမျှ မြင်သမျှ လူအပေါင်းတို့ကလဲ သူတို့ရဲ့အနီးသို့ တရံတဆစ်မျှ အချဉ်းအကပ် မခံကြဘဲ ကြိမ်းမောင်း မန်မဲ၍သာ လွှတ်လေ့ရှိကြကုန်၏။

ဤသို့ အားဖြင့် မရပ်မနား အမှတ်အသား လုံးဝ မရှိဘော့ဘဲ လှည့်လည်သွားလာနေစဉ် တရံသော် ထိုအရူးမကလေးသည် ဇေတဝန်ကျောင်းတွင်းသို့ ဝင်ရောက်ပြီးလျှင် ဗုဒ္ဓအရှင် တရားဓမ္မ ဟောပြ သွန်သင်နေရာ ဓမ္မာရုံအနီးသို့ ရစ်သီရစ်သီနှင့် အမှတ်ဘမဲ့ ချဉ်းကပ်မိလေရာ များစွာသော လူအပေါင်း တို့ကလဲ အဝတ်မပါ မဖွယ်ရာတဲ့ အရူးမဆိုပြီး တဟဲဟဲနှင့် ၎င်းကို မောင်းမဲ၍ လွှတ်လိုက်ကြလေပြီ။

ထိုခဏ၌–

"ချစ်သမီး ပဋာစာရီ လာလေ့"

ဟူသော ကရုဏာဝါတ် ရစ်ပတ်မွှန်းထုံးအပ်သည့် ဗုဒ္ဓ၏ ကြည်လင် ပြတ်သားသော အသံကြောင့် ထိုကလေးမ၏ ဦးခေါင်းတွင် သတိဆိုတဲ့ အလင်းရောင်ကလေး ပထမဆုံး အကြိမ် ဝင်ရောက်လာလေပြီ။

သတိဝါတ် အလင်း ချင်းနင်း ဝင်ရောက် လာသည်နှင့် တပြိုင်နက် မိမိ၏ လက်ရှိ အခြေအနေကို သိမြင်လာပြီးလျှင် အနီးအပါးရှိ ဥပါသိကာကြီး တဦးထံမှ အပေါ်ရုံ တဘက် တထည်ကို တောင်းယူ၍ မိမိကိုယ်ကို လွှမ်းပတ် လိုက်လေသည်။

လပေါင်းများစွာ ဒေါင်ချာစိုင်းအောင် ရှုးသွတ်နေစဉ် အတွင်း၌ ဟဲ့-အရူးမ သွားသွား-ဟူသော စပ်ခါးလှတဲ့ စကားသုံးမှုတပါး သူ၏နား၌ ကြားမှမကြားဘူးသော—

"ချစ်သမီး-လာလော့"

ဟူသော အလုံးကား ထိုသူငယ်မ၏ နှစ်လုံးသားနှင့် ဦးဏှောက်တွင် ကပ်တင်လျက်နေသော မြူမှုန်တို့ကို ပြောင်ပြောင်ရှင်း၍ အသင်းရအောင် တိုက်ခတ်ပေးလိုက်တဲ့ လေပြေလေညှင်းပမာ ကြီးစွာသော အပြုအာနုဘော်နှင့် ပြည့်စုံလေသည်၊ ထိုသို့သတိရသည်နှင့် တပြိုင်နက် ဗုဒ္ဓ၏ရှေ့တော်မှောက်သို့ ရှိသေစွာ ဝင်ရောက် ခစားလိုက်လေပြီ။

ထိုနောက် မကြာမီပင် ဗုဒ္ဓသာသနာထမ်း ရဟန်းမအဖြစ်ကို ရရှိသည်၊ အမျိုးမျိုးသော ဘဝက ပေးတဲ့အသိဉာဏ် အကြုံအတွေ့ များသဖြင့် တရားဓမ္မပြသလမ်းညွှန်ရာ သွေးဆောင်ရာတို့၌ အလွန်ကျွမ်းကျင်သည်ဟူ၍ ထင်ရှားတဲ့ အပြင် ဝိနည်းအရာ ပမာဏမှုလောက်သော ဘိက္ခုနီအဖြစ်ဖြင့် ဗုဒ္ဓ၏ ချီးကျူးခြင်းကို ခံယူနိုင်သူ တယောက် ဖြစ်ခဲ့လေပြီ။

ဤသို့အားဖြင့် ဗုဒ္ဓသည် အရူးမ ပဋာစာရီကို လိမ္မာပါးနပ်စွာ အရူးဆေး တိုက်ကျွေး၍ အရူးနယ်မှ လွယ်လွယ် ကလေး ကယ်တင်ခဲ့လေပြီ။

# ပြည့်တန်ဆာ ကယ်တင်ရေး

ဇာတိဝါဒ၏ အရှိန်အဝါသည် ဗုဒ္ဓ၏လက်ထက် ဇမ္ဗူဒီပ နိုင်ငံ၌ ကြီးစိုးလွှမ်းမိုးလျက် ရှိဆဲပင် ဖြစ်သည်။ ဇာတိဝါဒတိုက်ဖျက်ရေးသည် ဗုဒ္ဓ၏ပဓါန ရည်မှန်းချက် တရပ်လဲ ဖြစ်ခဲ့လေပြီ။

ထိုကြောင့်ပင် အမြင့်ဆုံး (ဝါ) အမြတ်ဆုံးဟူ၍ သူရို့ ဟာသူရို့ ဆုံးဖြတ်ပြီး မှတ်တမ်း တင်ခဲ့ကြသော ဗြာဟ္မဏ ဇာတ်ဝင်တို့က ဗုဒ္ဓကို အဆိုးဝါးဆုံး ရန်သူကြီး တယောက် ဟူ၍ အသိအမှတ် ပြုခဲ့ကြသည်၊ ရှုံ့ချခဲ့ကြသည်၊ ယခုလည်း ရှုံ့ချဆဲဖြစ်၍ အနာဂတ်တွင်လည်း ဆက်လက်ရှုံ့ချ၍ နေကြပေလိမ့်ဦးမည်။

ထုံးစံအားဖြင့်ဆိုလျှင် အမြတ်စား ဇာတ်ဝင်တို့သည် ဇာတ်နိမ့်တို့၏ အိုးအိမ်သို့ သွားလာဝင်ထွက်မှုကို မပြုတဲ့ အပြင် သူရို့၏လက်ဖြင့် ချက်ပြုတ်ကြော်လှော်၍ ပေးသော အစာအာဟာရကိုပင် အဆိတ်အသွင် ရှောင်ကြဉ် လေ့ရှိကြကုန်၏။

ထိုသို့သော ဇာတ်နိမ့်စားတို့တွင် ပြည့်တန်ဆာမတို့ကား- အမည်နာမကလေး ချီမြသယောင်နှင့် လွန်စွာနိမ့်ကျသော ဘဝ၌ ရပ်တည်နေကြရကုန်သည်။

ထိုမျှနိမ့်ကျသော ပြည့်တန်ဆာမ ဇာတ်ဝင်တို့ကို ကယ် တင်ရန် ရည်ရွယ်ချက် သက်သက်ဖြင့် ဗုဒ္ဓသည် ဝေသာလီ ပြည်သို့ ရောက်သောအခါ အမ္ဗပါလီမည်သော ပြည့်တန်ဆာ

မ၏ သရက်ဥယျာဉ်တွင် ဝင်ရောက်၍ ရပ်နားမှုကို ပြုခဲ့လေပြီ။

ထိုသို့သော သတင်းကိုကြားလျှင် ကြားခြင်း အမ္ဗပါလီသည် ထိုကာလ ထိုသမယ၌ အဆန်းဆုံး အနုအယဉ်ဆုံး ဝတ်စားတန်ဆာတို့ကို အချိုးအဆစ်ကျကျဝတ်ရုံ လွှမ်းခြုံတဲ့ အပြင် အသားအရေ အထွေထွေ ပြုပြင်မှုမှာ ရှုချင်စရာ ကြည့်ချင်စရာ ဖြစ်အောင် စနစ်တကျ မွမ်းမံ၍ ဗုဒ္ဓအရှင် တည်းခိုနေထိုင်ရာ မိမိ၏ ဥယျာဉ်သာသို့ ကောင်းစွာ ပြင်ထားအပ်သော ယာဉ်ရထားဖြင့် အခန့်အား အသန့်စား ခပ်ကြွားကြွား ထွက်လာခဲ့လေပြီ၊ ဘုရားရှင်ကို ရိုသေလေးစားစွာ ဦးတင်ပြီးနောက်—

အရှင်ဘုရား-

တပည့်တော်မကို ငဲ့ညှာသနားသောအားဖြင့် နက်ဖြန်နံနက် အာရုံတက်အချိန်တွင် နောက်လိုက် နောက်ပါ တပည့်သံဃာတော်များနှင့် အတူတကွ တပည့်တော်မ၏ အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား-

ဟူ၍ ဘိတ်မန္တက ပြုလိုက်လေပြီ။

ထိုအခါ ဘုရားရှင်သည် တုဏှိဘာဝေ နှုတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူကြောင်းကို ပြုလိုက်လေပြီ။

ထိုအခါ အမ္ဗပါလီသည် မိုးဦးကျအခါ မှိုဥတွေအများကြီး တစုတပုံကြီး တွေ့ရတဲ့ အညာတောသူမကလေး၏ အုမြူး ခြင်းမျိုးဖြင့် အမြူးကြီးမြူး အပျော်ကြီးပျော်ကာ သီချင်းကလေး တစာစာနှင့် ရထားကိုမောင်းနှင်၍ ပြန်လာခဲ့လေပြီ၊

လမ်းတွင် လိစ္ဆဝီမင်းသားတို့၏ ယာဉ်ရထားများနှင့် ဆုံမိလေရာ သူရို့လဲ ဗုဒ္ဓဘုရားကို ဆွမ်းစားပင့်ရန် လာကြောင်း သိရလေပြီ။

ထိုမင်းသားတို့သည် ငွေပေးလျှင် ဘုရားရှင်၏ သပိတ်ကို ရလိမ့်မည် အထင်နှင့် ပြည့်ဘန်ဆာ အရှင်မကလေးထံမှ ဘုရားရှင်၏ သပိတ်ကို ရရှိရန် ငွေအသပြာ မြောက်မြားစွာ ပေးကြလေပြီ။

ထိုအခါ အမ္ဗပါလိကာသည် မျက်လုံးကလေးကို မပွင့်တပွင့်ဖွင့်၍ မျက်တောင်ကော့ကလေးကို ခပ်ကြွားကြွားပင့်ပြီးလျှင် ဝင့်ကြွားတဲ့ လေပေါက်ဖြင့်-

မောင်မောင်တို့-

အခု မောင်မောင်တို့ပေးတဲ့ငွေမျိုးကို မဆိုထားပါနဲ့တော့ မောင်မောင်တို့ရဲ့ ဝေသာလီတိုင်း နိုင်ငံကြီး တခုလုံးကို ပေးတော်မှ ဘုရားရှင်ရဲ့ သပိတ်ကို မပေးနိုင်ပါ။

ဟူ၍ ရထားပေါ်မှ ငေါ့တော့တော့ ပြန်လည် ပြောဆိုခဲ့လေပြီ။

လိစ္ဆဝီမင်းသား မောင်မောင်အများတို့လည်း ဘုရားရှင်၏ ထံပါးသို့အရောက်သွားကြကုန်ပြီးလျှင် ဗုဒ္ဓကို နောက်တနေ့ နံနက်အတွက် ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်ကြလေရာ၊ လိစ္ဆဝီမင်းသားတို့-အမ္ဗပါလိကာရဲ့ ဖိတ်မန္တကပြုချက်ကို ငါဘုရား လက်ခံလိုက်ပြီဟူ၍ ဗုဒ္ဓက ပြန်လည် မိန့်မြွက်လိုက်လေပြီ။

နောက်တနေ့ ရောက်လတ်သော် ဘုရားရှင်သည် နောက်လိုက်နောက်ပါ ရဟန်းတော် (၅၀၀)နှင့်အတူ ပြည့်တန်ဆာမ အမ္ဗပါလိကာကိုယ်တိုင် ချက်ပြုတ်ပြင်ဆင်၍ ကိုယ်တိုင် ကိုယ်ထိလက်ရောက် ကပ်လှူအပ်သော ဆွမ်းကို ဘုဉ်းပေးခဲ့လေပြီ။

ဤကိစ္စကား-ဇာတိဝါဒတန်ခိုး အပြင်းအထန် လွှမ်းမိုး၍ နေဆဲဖြစ်သော ဣန္ဒိယနိုင်ငံရှိ ထိုခေတ်က လူအစည်းအရုံးဝင်တို့အတွက် မိုးကြိုးစက်ကဲ့သို့ ပြင်းထန်သော လုပ်ငန်းတရပ် ဖြစ်ခဲ့ချေသည်။

ထိုခေတ်၌ ပေါ်ပေါက်ဖြစ်ထွန်းခဲ့ကြသော ဘာသာရေးနှင့် လူမှုရေးခေါင်းဆောင်တို့တွင် ဗုဒ္ဓတပါးတည်းသာလျှင် ပြည့်တန်ဆာမ၏ လုပ်ကျွေးပြုစုမှုကို ခံယူနိုင်လောက်အောင် သတ္တိပြောင်၍ အနိမ့်ဆုံး လူတန်းစားများကို မြှင့်တင်ခြင်းဖြင့် ၎င်းတို့၏ အကျိုးကို ဆောင်ရွက် နိုင်ခဲ့လေပြီ။

၎င်းတို့ကို ယုတ်ညံ့သော ဘဝမှ ကယ်တင်၍ ဖြူစင်မြင့်မြတ်သောဘဝသို့ရောက်အောင် ပို့ဆောင်ခဲ့လေပြီ။ ဂေါတမ ဗုဒ္ဓ၏ သာသနာ့ဝန်ထမ်း ရဟန်းမိန်းမတို့၏ စာရင်းတွင်ပင် ပြည့်တန်ဆာမ လေးဦးတို့ကို တွေ့မြင်ရချေသည်။

၎င်းတို့ကား—

(၁) ဝိမလာ၊
(၂) အမ္ဗပါလိကာ၊
(၃) အဍ္ဍကာသီ၊
(၄) သီရိမာ ဘိက္ခုနီ တို့ဖြစ်သည်။

# မာတင်္ဂါအမျိုးသ္မီးလေး မြင့်တက်ပုံ

တရံသော် ဗုဒ္ဓအရှင်သည် ရှင်အာနန္ဒာကို နောက်ပါ ပြု၍ ဒေသစာရီ ကြွချီလျက်ရှိသည်။ အလွန်ပူပြင်းလှသော မဇ္ဈိမ ဒေသခေါ် ဣန္ဒိယနိုင်ငံ၏ ရာသီဥတု ဒဏ်ကြောင့် အပြင်းအထန် ရေဆာမွတ်လျက် သွားနေကြကုန်သည်။

ထိုခဏ၌ အရှင်အာနန္ဒာသည် လမ်းဘေးရှိရေတွင်းမှာ ရေခတ်လျက်နေသော မာတင်္ဂအနွယ်ဝင် အမျိုးသ္မီးတဦးကို မြင်လေရာ အနီးသို့ ချဉ်းကပ်၍ သွားပြီးလျှင်—

ချစ်သ္မီး—

မြေ့သောရေကြည်ကို ငါတို့အား လှူဒါန်းပါလော့၊

ငါတို့သည် ကြည်လင် မြေသောရေစင်ကို သောက်သုံးရန် အလိုရှိကြပါကုန်၏ ဟု ဆိုလေပြီ။

တပည့်တော်မကား—အလွန်နိမ့်ကျတဲ့ မာဘင်္ဂဇာတ်ဖွါး အယုတ်တန်းစား အောက်တန်းစား ဖြစ်ပါသည် ဘုရား။

တပည့်တော်မသည် အရှင်မြတ်တို့ကဲ့သို့ မြင့်မြတ်သော သာကီယ ဇာတ်ဝင်များကို ရေကိုပင် ခတ်ယူ၍ မတိုက်နိုင် လောက်အောင် နိမ့်ကျလှပါသည်ဘုရား—

ဟူ၍ အားငယ်စွာ ပြန်လည်လျှောက်ထားလေပြီ။

ထိုအခါ အရှင်အနန္ဒာမထေရ်က—

ချစ်သ္မီး—

ငါတို့သည် ရေကိုသာ တောင်းဆိုနေကြကုန်၏။ သင် ချစ်သ္မီး၏ ဇာတ်အနွယ်ကို တောင်းဆိုနေသည် မဟုတ်ချေ။

ထို့ကြောင့် ငါ့ဟိုဘောင်းဆိုတဲ့ ရေကိုသာ ဆက်ကပ်ပါလော့—

ဟု ဆိုသေသော် သူငယ်မသည် သူရဲ့တသက်တာတွင် ပထမဆုံး အကြိမ်ဖြစ်သော ဝမ်းမြောက် ရွှင်လန်းခြင်းမျိုးဖြင့် ပီတိဘွဲ့ လွှမ်းပြီးလျှင် ရေကြည် ရေချမ်းကို ရှင်အာနန္ဒာအား ဆက်ကပ်လိုက်လေပြီ။

ဘုရားရှင်နှင့် အာနန္ဒာ မထေရ်တို့ ရွှင်ရွှင်လန်းလန်း သူဆက်ကပ်လိုက်တဲ့ ရေချမ်းဖြင့် အပန်းဖြေတော် မူကြသည်ကို တွေ့မြင်ရသော အမျိုးသမီးကလေးကား—

အတွေး၌သာ ပေါ်လွင် ထင်ရှားနိုင်သည့် ပီတိသုခကို ခံစားလျက် နေချေပြီ၊ ပြင်းထန်သော ပီတိ လှိုင်းဟုန်ကြောင့် သူ၏မျက်လုံး အစုံမှ မျက်ရေ အယဉ်များ တသွင်သွင်စီးကျလျက် နေချေပြီ၊ ရှင်အာနန္ဒာ၏ အပေါ်၌ ကြည်ညိုသော စိတ်ဓါတ်များ၏ အရှိန်ပြင်းထန်မှုကြောင့် သူမ၏ ကတည၊ သဘောကို နှုတ်ဖြင့် မပြောဘဲ မျက်ရည်ဖြင့်သာ သံချိုနှော လိုက်ရလေပြီ။

အော .... ဝမ်းမြောက်ခြင်း ပီတိ၏ အာနုဘော်ကား အလွန်ပင် ကြီးမားလေစွ့ တကား—

မာတင်္ဂဇာတ်ဝင် သူငယ်မ၏ လက်ဖြင့် ပေးဆက်အပ်သောရေကို ဗုဒ္ဓနှင့် ရှင်အာနန္ဒာတို့ ခံယူ သောက်သုံးခြင်းသည် ထိုသူငယ်မ၏ အဆင့်အတန်းကို မြှင့်တင်ရာ၌ ပဓါန ကုတ်မောင်းဖြစ်ခဲ့သည်။

ငါသည် လူဘဲဖြစ်သည်။ ဗြာဟ္မဏ၊ ခတ္တိယ၊ သုဒ္ဒ၊ ဝေဿ၊ စဏ္ဍာလ၊ ပုက္ကုသ၊ မာတင် စတဲ့ဇာတ် တွေဟာ စင်စစ်မတော့ ပညတ်တွေပါကလား။

ထိုထို နာမပညတ်တွေကို အစွဲပြု၍ ယုတ်တယ်၊ မြတ်တယ်၊ နိမ့်တယ်၊ မြင့်တယ်ဆိုတဲ့ အယူအဆတွေဟာ မှန်ကန်တဲ့သစ္စာတရားဖြစ်နိုင်ရန် ခိုင်လုံသော အခြေခံမဲ့တဲ့ အရာတွေသာ ဖြစ်ကြပါတကား—

ဟူသော အသိဉာဏ် လင်းရောင်ခြည်သည် ထိုသူငယ်မ၏ ဦးကျောက်အတွင်းသို့ ချင်းနင်းဝင်ရောက်၍ လာလေပြီ၊ ဇာတ်ဝါဒ၏ အရှိန်အဝါ အောက်တွင် အလျှားမှောက်ဝပ်စင်း၍ ညှိုးတွင်းမှာ နစ်မြုတ် နေခဲ့ရသော သူငယ်မ၏ အသိဉာဏ်ကား—

သူမ၏လက်ဖြင့် ပေးဆက်သည့်ရေကို မုဒ္ဒနှင့်ရှင်အာနန္ဒာ သောက်သုံးတော်မူသည်နှင့် တပြိုင်နက် ဇာတိဝါဒ နှောင်ကြိုးအားလုံး အတစ်အတစ် ပြတ်ကျ၍ သွားလေပြီ၊ လူနှင့်လူချင်း ပဋိသန္ဓေအားဖြင့် ကွဲပြားခြားနားခြင်း မရှိဟူသော အသိဉာဏ်လည်း အပြင်းအထန် ခေါင်းပြူ၍ ပေါ်ထွက်လာလေပြီ။

သို့ဖြစ်ရာ ရှင်အာနန္ဒာကို ကျေးဇူးတင်စိတ် ကြည်ညိုစိတ်တို့သည် ယိုဖိတ်လျှံတတ် ဖြစ်ပွားပေါ်ပေါက်၍ လာလေသောကြောင့်—

အရှင်မြတ်ဘုရား—
အရှင်မြတ်တို့ သိအပ်သော သစ္စာဉာဏ်ကို တပည့်တော်မတို့လို မိန်းမသားကလေးများ သိနိုင်ခွင့်မရှိပါသလော—
ဟူ၍ စောကြောလေပြီ၊

ထိုအခါ ရှင်အာနန္ဒာသည် ယိုသူငယ်မကို ဘိက္ခုနီမအဆင့်သို့ မြှင့်တင်ပေးခြင်းဖြင့် ကယ်တင်လိုက်လေပြီ။

ဤသို့အားဖြင့် ဗုဒ္ဓနှင့် ၎င်း၏တပည့်ကြီးတို့သည် ဖွား၊ မဲ၊ ကျား၊မ၊နိမ့်ကျ၊ မြင့်မြတ်စသော ဇာတ်တွေ အနွယ်တွေကိုဥပေက္ခာပြု လျစ်လျူရှု၍ နိမ့်ကျနေတဲ့ သတ္တဝါအစုရဲ့ မြင့်တက်မှုတနေကိုသာ အာရုံ ရှေးရှုပြီးလျှင် ကယ်တင်မှုကိုပြုတော် မူခဲ့ကြလေပြီ။

---

# အင်္ဂုလိမာလ၏ ပရဟိတ လုပ်ငန်း

အင်္ဂုလိမာလကား- လူ၏လက်ညှိုးတွေကို ဖြတ်ပြီး နွယ်ကြိုးနှင့်သီကာ လည်ပင်းမှာ ပန်းကုံးသဘွယ် ဆင်မြန်းထားသူ့ရောမလူကြမ်း လူသရမ်းကြီး ဖြစ်ခဲ့သည်။

အင်္ဂုလိမာလ ဆိုသည့်ကား- ကောသလတိုင်းကြီး တခုလုံးကို ကြားရုံနှင့် ချောက်ချားစေနိုင်သော(ဝါ)ကောသလတိုင်းသူ တိုင်းသား ယောကျ်ား မိန်းမ ကလေး လူကြီးခရီးသွား အိမ်နေအားလုံး ၎င်းကိုကြားရုံနှင့် နှလုံးတွေခုန်

ကြောက်ဒူးဘေ့တုန်ရတဲ့ တောပုန်းလူဆိုးကြီးရဲ့ နာမည် ဖြစ်သည်။

သူသည် ကောသလတိုင်း အတွင်းရှိ တောတောင်တခွင်၌ စည်းလွတ် ကမ်းလွတ် ရမ်း ချင် တိုင်း ရမ်း ကြမ်းချင်တိုင်း ကြမ်းနေသူ ဖြစ်ခဲ့ပြီ။

တနေ့သော် အာဠဝိ တောအတွင်း၌ ဗုဒ္ဓနှင့် တယောက် ချင်း တွေ့ရသော နေ့မှစ၍ မိမိတဦးတည်း ကောင်းစားရေး အတွက် သက်သက် ဖြစ်သော လက်ညှိုးပန်းကုံးနှင့်တကွ သူ၏လက်နက်များကို အကုန်ပစ်ချပြီးလျှင် သူ၏သက်တွင် ပေရေ စွန်းပြနေသော လူသား၏ သွေးများကို စင်ကြယ် အောင် ဆေးကြော သုတ်သင်ပစ်လိုက်လေပြီ။

ထိုနောက် သူသည် ဗုဒ္ဓ၏ နောက်တော်ပါးမှ မခွါဘဲ လိုက်လေတော့၏၊ ချက်ခြင်းပင် ဗုဒ္ဓ၏ ပရဟိတ လုပ်သား စာရင်းသို့ ဝင်လိုက်လေပြီ။

သူသည် လောကအတွင်း၌ ရှိသော ပရဟိတ(ဝါ)သူ ကျိုးဆောင် လုပ်ငန်း အမျိုးမျိုးတို့တွင် အခံရအခက်ဆုံး ဖြစ်သော ဒုက္ခကို သက်သာရာရအောင် ဆောင်ရွက်ရမည့် လုပ်ငန်းတခုကို ရွေးချယ်လိုက်လေပြီ။

လူ့လောကအတွင်းရှိ လူသားနှင့် လူသမီးတို့တွင် လူ့ သမီးတိုင်း ရှောင်လွှဲ၍ရ မှုချကေန် တွေ့ကြုံရမြဲ အမှန်ဖြစ် သော ဒုက္ခကို သက်သာရာ သက်သာကြောင်း နည်းကောင်း နည်းမွန်ဖြင့် ကူညီစောင့်ရှောက်ရန် ဖြစ်သည်။

လူ့သမီးများအတွက် သားသမီး ဖွါးမြင်ရတဲ့ ကိစ္စကား အလွန်ကြီးကျယ်တဲ့ အာဝေဏိက ဒုက္ခ(ဝါ) သီးသန့် ဆင်း ရဲဖြစ်သည် မဟုတ်တုံလော။

လူ့သဘာဝအတိုင်း လူ့လောက လူ့ဘောင်အတွင်း၌ မှီတင်းနေထိုင်ကြသူ လူ့သမီးတိုင်း ဤမီးဖွါးခြင်းဆိုတဲ့ အာဝေဏိက ဆင်းရဲကို တွေ့ကြုံရမြဲ မဟုတ်တုံလော။

လူ့သမီးတို့၏ ထိုသည့်အာဝေဏိက ဒုက္ခကို တနည်း နည်းနှင့် သက်သာရာ ရအောင်(ဝါ)ခံသာအောင် ဆောင် ရွက်ပေးမှုသည် အလွန်တရာ မွန်မြတ်လှစွာသော ပရဟိတ လုပ်ငန်းပင် မဟုတ်တုံလော။

ထိုသို့သော လုပ်ငန်းမျိုးကိုပင် ယခုခေတ်သစ်၌ မိခင်နှင့် ကလေးများ စောင့်ရှောက်ရေး လုပ်ငန်းဟု ကင်ပွန်းတပ်၍ ထားသည် မဟုတ်တုံလော။

သို့ဖြစ်ရာ ဗုဒ္ဓသည် အကြံမ်းနှင့် အရမ်းတွင် ဘက်မမြင် အောင် ကြမ်းခဲ့ ရမ်းခဲ့သော အင်္ဂုလိမာလ မထေရ်အား ထိုသည့် မိခင်နှင့် ကလေးများ စောင့်ရှောက်ရေး လုပ်ငန်း ကို စွမ်းစွမ်းတမန် ဆောင်ရွက်လုပ်ကိုင်ရန် ညွှန်ကြား အပ် နှင်း ခဲ့လေပြီ။

ထိုသို့သော လုပ်ငန်းကို အပ်နှင်းခြင်းခံရသော အင်္ဂုလိ မာလ မထေရ်သည်လည်း ဘုရားရှင်၏ အလိုတော်အတိုင်း မီး-မဖွါးနိုင်သော၊ ထိုမှတပါး မီး-ဖွါးဆဲဖြစ်သော အမျိုး သမီးများထံသို့ ချဉ်းကပ်ပြီးလျှင် တနည်း နည်း ဖြင့် ထိုထို

လူ့သမီးတို့၏ အာဝေဏိက ဆင်းရဲကို နည်းသည်ထက် နည်းအောင် (ဝါ)သက်သာသည်ထက် သက်သာ အောင် ဆောင်ရွက်ခဲ့လေပြီ။

ယင်းသို့ လူ့သမီးတို့၏ ဒုက္ခကို ကယ်တင်လေလေ အင်္ဂုလိမာလ၏ အမည်လည်း အမျိုးသမီး လောက၌ ပိုမို၍ ရေပန်း စားလာလေလေ ဖြစ်တော့သည်။

ထိုသို့ ရေပန်း စားလေလေ ကြမ်းသည် ရမ်းသည် ဟူသော သူ၏ သတင်းဆိုးများလဲ ဇ.ဖြည်းဖြည်း ငုတ်လျှိုးကွယ် ပျောက်၍ သွားလေလေ ဖြစ်လာသည်။

ထိုအခါက ကြောက်ဘွယ် လန့်ဘွယ် နှလုံးခုန် ရင်တုန် ဘွယ် ဖြစ်သော အင်္ဂုလိမာလဆိုတဲ့ နာမည်ပညတ်ကား- ယခု အခါ အာဝေဏိက ဒုက္ခကို ခံစားနေရရှာတဲ့ လူ့သမီးတို့ အတွက် အားဆေးကြီးတခု ဖြစ်လာချေပြီ။

အတိအကျ ဆိုရသော် ၎င်းသည် မီးနေရှင်မတို့ရဲ့ အားထားရာ မျှော်ကိုးရာ အစစ်ဖြစ်၍ နေလေပြီ။ မီး နေ ခန်း (သို့မဟုတ်) သားဖွါးရုံဟူသမျှတို့၏ တမ်းတခြင်းကို အမြဲ တစေခံ၍ နေရလေပြီ။

ထိုကြောင့် အင်္ဂုလိမာလ ကိုယ်တော်ကြွ လာပြီ ဆို တဲ့ အလုံးသည် မီးနေခန်းနှင့် သားဖွါးရုံများကို ပြုံးစေရုံ မျှ မကမူ၍ နှလုံးငြိမ် အားတိုးဆေးကြီးလဲ ဖြစ်ချေသည်။

ဗုဒ္ဓသည် ဤမွန်မြတ်သော ပရဟိတလုပ်ငန်းကို အင်္ဂုလိမာလ မထေရ်အား ညွှန်ပြလှုပ်ကိုင်စေခြင်းဖြင့် သူ၏ခက်

ထန် ကြမ်းကြုတ်သော မူလလုပ်ငန်းကြီးကို အစတုံးနှစ် မြုတ်စေ၍ မေတ္တာရော ကရုဏာပါ ယှဉ်ပေါင်းလျက် ပါဝင်သော လူ့သွေးများအတွက် ဝန်ဆောင် လုပ်ငန်းသစ်ကို ဖေါ်ထုတ်လိုက်လေပြီ။

ထို့ကြောင့် ထိတ်စရာ လန့်စရာ ကြောက်မက်ဘွယ်ရာ ဖြစ်ခဲ့သော အင်္ဂုလိမာလသည် တဘာဝချင်း၌ပင် အရည် အချင်း ပြောင်း၍ ချစ်ခင်စရာ အားကိုးစရာ အင်္ဂုလိမာလ ဖြစ်လာလေသည်။

ကောသလတိုင်း၏ မြို့တော်ဖြစ်သော သာဝတ္ထိ အမျိုးသမီး လောကတွင် ၎င်းသည် အပေါ်ထင်ဆုံး သူကျိုးဆောင် ပုဂ္ဂိုလ်တပါးဖြစ်၍ နေလေပြီ။

ယခုခေတ်ဖွါး ဗုဒ္ဓ၏သားတော်များသည် အရှင်အင်္ဂုလိ မာလ မထေရ်၏ ပရဟိတလုပ်ငန်းစဉ်ကို စိတ်ယှဉ် ကိုယ် ရောက် ပေါက်ပေါက် မြောက်မြောက် လုပ်ကိုင် ဆောင်ရွက် ရန် အချိန်အခါရောက်၍ လာပြီမဟုတ်တုံလော။

အရှင်အင်္ဂုလိမာလသည် ဒေါသ၏အစွမ်းကြောင့် ပန်း ထွက်လာတဲ့ အရမ်းအကြမ်းတွေကို ခလေးနှင့် မိခင်များ စောင့်ရှောက်ရေး လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် လက်စတုံး ချေမှုန်း၍ ဖျက်ဆီးလိုက်နိုင်သည် မဟုတ်တုံလော။

ရှေးက ကျူးလွန်ခဲ့သော အကုသိုလ် ဒုစရိုက်မှုတွေကို နောက်ထပ် အားသွန်ကြိုးကုတ်၍ တကယ်တန်း ပြုလုပ်တဲ့

ကုသိုလ်သုစရိုက်တို့၏ အာနုဘော်ဖြင့် ဖုံးအုပ်ပပျောက်၍ သွားစေနိုင်သည်။

ထို့ကြောင့် ပရဟိတဆိုတဲ့ သူကျိုးဆောင် လုပ်ငန်းကို လုပ်ရန် အချိန်နှောင်းပြီဟူ၍ မည်သည့်အခါမျှ မဆိုနိုင်ချေ။

သို့ဖြစ်လေရာ အင်္ဂုလိမာလ မထေရ်ရဲ့ထုံးကို နမူနာ ယူကြကုန်ပြီးလျှင် အပြစ်မဲ့သော ပရဟိတ လုပ်ငန်းများကို အားသွန် ခွန်စိုက် နိုက်နိုက်ချွတ်ချွတ် ဆောင်ရွက်ရန် အာရုံ ပြုသင့်ကြပေသတည်း။

ယော ပုဗ္ဗေ ပမဇ္ဇိတွာ၊
ပစ္ဆာ သော နပမဇ္ဇတိ။
သော မံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

အကြင်သူသည် ရှေ့ပိုင်း၌ မေ့လျော့ ပေါ့ဆမှုကြောင့် တစုံတခုသော မှန်ကန် မွန်မြတ်တဲ့ကိစ္စကို ကြိုးပမ်းအား ထုတ်၍ မပြုလုပ်ခဲ့စေကာ နောက်ပိုင်းသို့ ရောက်တဲ့အခါ သတိသံဝေဂရ၍ လာပြီးသော် တကယ်တမ်း ကြိုးကုတ်၍ အတိုးနှင့် ပြုလုပ်ခဲ့လေပြီ။

ထိုသူကား-တိမ်တိုက်အတွင်းမှ ထွက်၍လာသော စန္ဒာ လမင်းကဲ့သို့ လောကကြီးတခုလုံးကို အလင်းရောင်ပေးခြင်း ငှါ စွမ်းနိုင်လေသတည်း။

# အသောက မင်းကြီးနှင့် ပရဟိတ လုပ်ငန်း

ဗုဒ္ဓသည် ပရဟိတ (ဝါ) သူ ကျိုး ဆောင် လုပ် ငန်း ကို ဆောင်ရွက်မှုဆိုင်ရာ၌ မီးရှူးတိုင်ကြီးသဖွယ် ဖြစ်ခဲ့ပြီ။

ဗုဒ္ဓ၏ အလုပ်သက်(၄၅)နှစ်ကို စစ်စစ် ဖုဖု အပြန် အလှန် ကြည့်ရှုသုံးသပ်ခဲ့လျှင် ရသမျှအချိန်ကို ပရဟိတစစ်စစ် အတွက်သာ အသုံးပြုခဲ့ကြောင်း တွေ့ရှိရပေလိမ့်မည်။

ဗုဒ္ဓသည် မိမိအဖို့အရာ ဘာကလေးတခုကိုမျှ လိုလားမှု (ဝါ)ရည်မှန်းမှုမရှိပြီ ဖြစ်သောကြောင့် သဗ္ဗညုသိဒ္ဓိ ဖြစ်၍နေပြီ၊(ဝါ)ကိုယ်ကျိုးအတွက် ရှိမ်းပြီး၍ နေပြီ။ (ဝါ)ဤကမ္ဘာလောက၌ နေလျက်ပင် လိုလားနှစ်သက်ဘွယ် အာရုံတို့ကို လုံးဝ လိုလားမှု ကင်းမဲ့နေရကား အလိုဟူသမျှ ပြည့်ဝပြီး ဖြစ်၍ နေလေပြီ။

ယင်းသို့ ကိုယ်ကျိုးကိုယ်သာ ကိုယ့်အဘို့ အရာ အတွက် ရည်မှန်းလိုလားချက် တစက်ကလေးမှ မရှိသော်သာလျှင် ပရဟိတ သက်သက် (ဝါ) သူကျိုးစစ်စစ်ကို ဆောင်ရွက်သူ ဖြစ်နိုင်လေသည်။

ငါတို့နေထိုင်ရာ ဤကမ္ဘာလောကအတွင်း၌ ဗုဒ္ဓ၏ လိုလားမှုကို ခေါင်းထောင် လာအောင် ဆွဲဆောင် နိုင်သော အရာ ဘာတခုမျှ မရှိတော့ပြီ။

ထို့ကြောင့် ဗုဒ္ဓသည် အလိုမဲ့သက်သက် ဖြစ်ခဲ့ပြီ၊ ထိုသို့သော အကြောင်းကြောင့်ပင် ဗုဒ္ဓသည် ပရဟိတသမားစစ်စစ်ဖြစ်ခဲ့ပြီ။

ထို့ကြောင့် ဗုဒ္ဓ၏ ဦးဆောင်မှုကို အလေးပြု၍ ၎င်း၏လမ်းစဉ်ကို လိုက်နာကျင့်သုံးသူ ရှင်နှင့်လူတို့သည် ဗုဒ္ဓ၏ပရဟိတမီးရှူးတိုင်က ထိုးပြသောဘက်သို့ ဇောက်ချ၍ ဦးလည်မသုံဘဲ လိုက်နာမြဲ ဖြစ်ခဲ့ကြလေပြီ။

ဗုဒ္ဓ၏ဘပည့်တော်များသည် အိမ်ရာထောင်သူနှင့် အိမ်ရာရှောင်သူဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားလေရာ ထိုနှစ်မျိုးလုံးပင် ဗုဒ္ဓ၏ပရဟိတလမ်းစဉ်ကို မငြိုမငြင် လိုက်ခဲ့ကြလေပြီ။

ဤနေရာတွင် အိမ်ရာထောင်သူတို့အနက်မှ ဗုဒ္ဓ၏ပရဟိတလမ်းစဉ်ကို တွင်တွင်ကြီးလိုက်နာကျင့်သုံးခဲ့သော သိရိဓမ္မာသောကဘုရင် ဟူ၍၎င်း၊ အာသောက မင်းတရား ဟူ၍၎င်း ရာဇဝင်ပြောင်ခဲ့သော ဣန္ဒိယဧကရာဇ်တဦး၏ လုပ်ငန်းစဉ်ကို တင်ပြခဲ့သော် များစွာ ဆီလျော်ပေလိမ့်မည် ။

သူသည် ဗုဒ္ဓအရှင် ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ၂၁၈-နှစ်မြောက်မှာ ပါဋလိပုတ်မြို့တော်၌ နန်းတက်ခဲ့လေပြီ။ ဇာတိအားဖြင့် ဟိန္ဒူဘာသာကို သက်ဝင်ယုံကြည်သူဖြစ်ခဲ့သည်။

သို့ရာတွင် နိဂြောဓ သာမဏေနှင့် တွေ့ပြီးနောက်မှ ဗုဒ္ဓဘာသာဝင် အဖြစ်သို့ ကူးပြောင်းလာခဲ့လေသည်။

ယင်းသို့ ဖြစ်ပြီးနောက် သူသည် ဗုဒ္ဓ၏တရားတို့ကို ပညာရှိ ပုဂ္ဂိုလ်များထံမှလည်း နာယူမှတ်သားခဲ့သည်၊ မိမိကိုယ်တိုင်မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့်လည်း သုံးသပ်ဝေဘန်ခဲ့လေသည်။

ဤသို့ နာယူမှတ်သားမှု၊ သုံးသပ် ဝေဘန် မှုတို့ကြောင့် လောက လူသား၏ လိုလားချက်တို့ကို တိကျစွာ သိမြင်၍ လာလေတော့သည်။

ထိုအခါ သူသည် သူ၏ ကျယ်ပြန့်သော အင်ပိုင်ယာ နိုင်ငံတော်မှ ကောက်ခံရရှိသော အခွန်အကောက် များကို ပရဟိတဟူသော သူကျိုးပြုလုပ်ငန်းတွင် မြှုတ်နှံ ခဲ့လေပြီ၊

သူသည် နိုင်ငံတော်သူ နိုင်ငံတော်သားသား လူအများနှင့် ကျွဲနွား တိရစ္ဆာန်များ ချမ်းချမ်းသာသာ သက်သာသွယ်ကူ စွာသွားလာနိုင်ဘို့ အတွက် မင်းလမ်းမကြီးများကို စဘင် ဖေါက်လုပ်ခဲ့ လေသည်။

ထိုထိုလမ်းမကြီးများ၏ ဘေးတလျှောက်တွင် သင့်လျော် သော အကွာအဝေး၌ လူနှင့်တိရစ္ဆာန်များ အရိပ်ခိုလှုံနိုင် ရန် သစ်ပင်များကို စိုက်ပျိုး ပြုစုခဲ့သည်။

လူသားများ၏ သောက်ရေ- သုံးရေ အတွက် နက်ရှိုင်း သော ရေတွင်းပေါင်း မြောက်မြားစွာကို တူးဖေါ်ခဲ့သည်။

တိရစ္ဆာန်များအဘို့ ရည်မှန်လျက် ရေကန်ပေါင်း ထောင် သောင်းကို ဆယ်ခဲ့လေပြီ။

အရေးကြီးသော လမ်းဆုံဌာနများ၌ ဓမ္မသာလာခေါ် တည်းခိုရန် ဇရပ်များကို ဆောက်လုပ်ခဲ့သည်။

ထိုဇရပ်များ၌ လူမျိုး၊ ကျား၊ မ၊ဖြူ၊ မည်း၊နှာခေါင်းချွန်၊ နှာခေါင်းပြား မခွဲခြားဘဲ တသားတည်း အခွင့်အရေးတူ တည်းခို နားနေနိုင်သည်။

ဇရာနှင့် ဗျာဓိတို့၏ ဖိစီးနှိပ်စက်ဒဏ်ကို အပြင်းအထန် ခံနေကြရကုန်သော လူအိုနှင့်လူနာတို့အတွက် ဆေးပေးဌာန နှင့် ဆေးရုံများကို အနှံ့အပြား ဆောက်လုပ်၍ထားခဲ့သည်။

ထို့ပြင် မိမိတို့၏ နာကျင်မှုကို ကရုဏာ သက်လောက် အောင် ထုတ်ဖော်ပြောဆိုခြင်းငှါ မစွမ်းနိုင်ကြတဲ့ တိရစ္ဆာန် များအတွက်ပင် ဆေးကုဌာနများ ဖွင့်လှစ်ခဲ့ကြောင်းကို သူ၏ ကျောက်စာတော်အရ ကျွန်ုပ်တို့သိရှိရလေသည်။

ဤသို့လူသားကို လွန်မြောက်၍ တိရစ္ဆာန်အထိ ရောက် အောင် မေတ္တာဓါတ် ထိုးဖေါက်သော လုပ်ငန်းကား– ကမ္ဘာ့ဝင်၌ စာတင်ရသော ပထမလုပ်ငန်း ဖြစ်သည်ဟူ၍ ရာဇဝင် မှတ်တမ်းတို့၌ အဆိုရှိသည်။

ဤသို့သော နည်းအားဖြင့် ပရဟိတဆိုတဲ့ သူကျိုးပြု လုပ်ငန်းကို စွဲစွဲလန်းလန်း ဖောက်ချပြီး လုပ်ကိုင်၍ လာ လေလေ ကမ္ဘာနှင့် လူသားအတွက် လေးနက်သော ချမ်း သာရွှင်လန်း ပီတိပန်းပွင့်မှုကို ပိုမို၍ အမြင်မှန် လာလေလေ ဖြစ်သော အသောက မင်းတရားသည် ထိုခေတ် ထိုသမယ၌ ပဒေသရာဇ် ဧကရာဇ်တို့၏ အလယ်မှာ ထယ်ထယ် ဝါဝါ ထွန်းကားခဲ့သော တပြည်နှင့်တပြည် (ဝါ) လူတမျိုးနှင့် အခြားလူမျိုးတို့၏ အကြား၌ ထုံးစံအတိုင်း ဖြစ်လေ့ဖြစ်ထ ရှိခဲ့သော လူနှင့်လူချင်း သတ်ဖြတ်ညှဉ်းပန်းခြင်းဆိုတဲ့ စစ်ပွဲ ကိုပင် အဖျက်သဘောသက်သက် ဖြစ်သည်ဟု အမြင်မှန် ပေါက်လာမှုကြောင့် ထိုသို့သော စစ်ပွဲမျိုးကို မတိုက်ခိုက်၊

တော့ဟူ၍၊ ဆုံးဖြတ်လိုက်ကြောင်းကို သူ၏ကာလိဂ်ကျောက်စာအရ ကျွန်ုပ်တို့ သိခဲ့ရလေသည်။

ထိုကြောင့် အသောကသည် အဖျက်သဘော မကင်းသော အလုပ်ကိုစွန့်မှန်းသမျှကို လုံး၀ရှောင်ဖယ်ပြီးလျှင် အပြုသဘောပါတဲ့ ပရဟိတ လုပ်ငန်းတို့ဖြင့်သာ ဤကမ္ဘာကြီးကို လန်းလန်း စွင့်စွင့် အပွင့်ကြီးပွင့်၍ အတင့်ကြီး တင့်ခဲ့စေလေသတည်း။

---

# ပရဟိတ တေဒဂ်ိရ အရှင်ဒဗ္ဗ

ဒဗ္ဗကား- မလ္လာတိုင်း ကုသိနာရုံမြို့သား ဖြစ်ခဲ့၏၊ မြို့သားဟုဆိုရစေကာ ၎င်းမြို့တွင်း၌ မီးရှူးသန့်စင် ဖွားမြင်ခဲ့ရသည်ကား မဟုတ်ပါပေ။

နေ့စေ့၊ လစေ့ ကိုယ်ဝန်အပြေ့နှင့်ဖြစ်သော သူ၏အမေသည် ရုတ်တရက်ဖြစ်သော ရောဂါဖြင့် သေဆုံးခဲ့သည်။

သေလျှင်သေခြင်း ချက်ခြင်း လုပ်တိုင်းကုန်းသို့ ထမ်းထုတ်၍ မီးသဂြိုဟ်ရန် ထင်းပုံပေါ်သို့ အလောင်းကိုတင်ကြလေပြီ၊ ထင်းပုံပေါ်သို့ ရောက်မှ ကမ္ဘဇလေနှင့်၍ ဒဗ္ဗကို မွေးထုတ်ယူရသည်။

လူသေကို မီးရှို့သူများသည် အုပ်အုပ်နှင့် လူလောကထဲသို့ ဝင်ရောက်လာသူ တယောက်ကို အရေးပြု၍ ဂရုမစိုက်နိုင်ကြသေးသောကြောင့် ကလေးကို ဒဗ္ဗ (ဝါ) မြေဇာ

မြက်ဖုတ် ပေါ်မှာ ခဏ တင်ထားပြီးလျှင် သူ့အမေရဲ့ အသောင်းကိုသာ ဖုတ်ကြည်းသင်္ဂြိုဟ်ကြလေပြီ။

သို့ဖြစ်ရာ ဒဗ္ဗသည် မွေးကတဲက မိမဲ့၊ ဘမဲ့ကလေး တယောက်ဖြစ်ခဲ့သည်။ လူတို့သည် သချိုင်းကုန်း ထင်းပုံ ပေါ်မှ ရယူခဲ့သော ကလေးကို တယောက်တလက် အလု အယက် နို့ချိုတိုက်ကျွေး၍ မွေးခဲ့ကြလေပြီ။ အားလုံးတို့ ကပင် တတ်သမျှ၊ မှတ်သမျှ ဂုဏ်ကို သင်ကြားပြသ လမ်းညွှန် ခဲ့ကြလေပြီ။

ဒဗ္ဗမှာ ချစ်စရာ၊ ခင်စရာ၊ အမိအဘဟူ၍ သီခြားမရှိချေ၊ ပေါင်းစရာ၊ သင်းစရာ၊ အားကိုးစရာ၊ ဆွေးမျိုးပေါက်ဖော် ဟူ၍ သီးခြားမရှိ ဖြစ်ခဲ့ချေပြီ။

ကုသိနာခရုံမြို့ရှိ လူအားလုံးတို့သည် သူ၏ချစ်စရာ၊ခင်စရာ၊ အားကိုးစရာများဖြစ်၍လာကြကုန်၏၊သူ့အား နည်းကောင်း လမ်းမွန် ပြညွှန်မည့်သူများဖြစ်၍ လာကြကုန်၏၊ မြင်သူ တိုင်းက သူ့ကို ချစ်ခင်ကြကုန်၏။

သိသူတိုင်းက သူ့ကို ငဲ့ညှာသက်ကြကုန်၏၊သူ့မှာစား နေ၊ အိပ် အတွက် သီးခြားဂေဟာမရှိစေကာ ကုသိနာခရုံ တမြို့လုံး၌ရှိသော အိမ်ဂေဟာတို့သည် သူ့အလာကို အမြဲ တစေ စောင့်မျှော်၍နေကြကုန်၏။ အိမ်ဂေဟာတို့၏ တံခါး မှန်သမျှတို့သည် သူ့အတွက် အမြဲတမ်းပွင့်လျက် ရှိကြ ကုန်၏။

ကလေးသူငယ် ရွယ်တူချင်း လောက၌လည်း မျက်နှာ အပွင့်ဆုံးကား ဒဗ္ဗပင်။

ယင်းသို့ မြို့တော်သူ မြို့တော်သားများ တယောက်တလက် ပြောင်းပြီး ဖျောင်းဖျမှုကို ရခဲ့ခြင်းကြောင့် သူသည် ချမ်းချမ်းသာသာ ကြီးပြင်း၍ လာခဲ့ရ၏။

ချစ်ခင်ယုယမှုကို ပြုကြသူအပေါင်းတို့အား တုံ့ပြန်ချစ်ခင်ရခြင်း အကျိုးပြုရခြင်းတို့ကြောင့် ပရဟိတ စိတ်ဓါတ်လည်း ငယ်ရွယ်စဉ်ကပင် ခိုဝင်ကိန်းဝပ်ပြီး ဖြစ်ခဲ့ပြီ။

ကုသိနာရုံ တမြို့လုံးတွင်ရှိသော ယောကျ်ား၊မိန်းမကလေး သူငယ်အားလုံးကို ခင်မင်တွယ်တာရသော ဒမ္မ၏ အချစ်ဓါတ်သည် သဘာဝအားဖြင့် အမြစ်ပြတ်ပြီး ဖြစ်၍ နေချေပြီ။

မှန်လှ၏။ လူသားတဦး နှစ်ဦးကို ချစ်ခင်မှုကား- ဥပါဒါန်နှင့်ယှဉ်သော အချစ်ဖြစ်၏၊ လူဦးရေပေါင်း ထောင်နှင့်သောင်းကို ချစ်ခင်မှုကား ဥပါဒါန်အစေး ပြယ်သဖြင့် ငြိတွယ်ခြင်းကင်းတဲ့ အချစ်ဖြစ်ခြင်းကြောင့် အမြင့်ဆုံးဖြစ်သော ဥပေက္ခာမြဟ္မဝိဟာရ အဆင့်သို့ ရောက်၍ သွားမြဲဖြစ်ချေသည်။

ဥပါဒါန် အစွဲပြုတ်သည်နှင့် တပြိုင်နက် ကိလေသာစစ်တကျော့ချစ်ကား အမြစ်ကပြုတ်၍ ငုတ်တုတ်သေလေတော့သည်။

ဤသို့အားဖြင့် ဒမ္မသည် မည်ကဲ့သို့သော ဝိပဿနာတွေ ကမ္မဋ္ဌာန်းတွေကိုမျှ အထူးတလည် အားထုတ်၍ မနေရဘဲ သူ၏ ဘဝအခြေအနေအရ ဥပါဒါန်တွေကို ဖြုတ်၍ ချနိုင်ခဲ့လေပြီ။

ဉပါဒါန်တွေ တသုတ်ပြီးတသုတ် ပြုတ်၍ကျနေသော ဒဗ္ဗသည် နုနုနယ်နယ် (၇)နှစ်သားအရွယ်၌ ကံအားလျော်စွာ ဗုဒ္ဓနှင့် တွေ့ကြုံဆုံစီးမိလေပြီ။ တွေ့လျှင် တွေ့ချင်းပင် ဘုရားရှင်သည် မိမွဲ၊ ဖမွဲ နိုကိုးရာမဲ့ဖြစ်သော (၇) နှစ်သား အရွယ် ဒဗ္ဗကို ရှင်သာမဏေ ပြုလုပ်၍ ပေးလိုက်လေပြီ။

နဂိုရင်းကပင် ဉပါဒါန် အတော်အတန် ကင်းစင်ပြီးသော ဒဗ္ဗသည် မကြာမီ ရက်အတွင်းမှာပင် ကိလေသာ အာသဝေါ ကွာလျော့ကုန်စင်တဲ့ အရိယာဂိုဏ်းဝင်အဖြစ်သို့ ကူးပြောင်း ရောက်ရှိ၍ သွားခဲ့လေပြီ။

ထိုအခါ ဒဗ္ဗသည် ဘုရားရှင်အား ဤသို့လျှောက်ထား လေပြီ။

**အရှင်မြတ်ဘုရား—**

တပည့်တော်သည် (၇) နှစ်အရွယ် နုနုနယ်နယ်ကပင် ကိလေသာ အာသဝ အားလုံးကို ချေမှုန်း တိုက်ဖျက်၍ ပြီးခဲ့ပါပြီ။

ရဟန်းတို့ ရောက်အပ်၊ သိအပ်၊ မျက်မှောက် ပြုအပ်သော တရားမှန် သမျှကိုလဲဘဲ ရောက်ပြီးသိပြီး မျက်မှောက်ပြုပြီး ဖြစ်ခဲ့ပါပြီ။

တပည့်တော်၏ အလိုဆန္ဒ ခေါင်းထောင်၍ ထလာအောင် နှိုးဆွပြီး ပေးနိုင်တဲ့အရာ ဤကပ္ပါမှာ မရှိတော့ပြီး ဖြစ်သောကြောင့် တပည့်တော်ကိုယ်တိုင် အလိုဆန္ဒ ပြည့်ဝနေသူ(ဝါ)သတ္တသိဒ္ဓိ မှော်အောင်နေသူ ဖြစ်ခဲ့ပါပြီ၊ သာဝ

ကများ လုပ်ဆောင်ဘွယ်ရာ ကိစ္စမှန်သမျှကို လုပ် ကိုင်၍ ပြီးခဲ့ပါပြီ။

အကောင်း၊ အဆိုး ဤနှစ်မျိုးကို အတိုးနှင့်တကွ ပယ်ချိုး သုတ်သင်၍ ပြီးခဲ့ပါပြီ။

ထိုကြောင့် ယခုအခါ တပည့်တော်သည် မည်သည့်အရာ ကို ဆောင်ရွက်လုပ်ကိုင်ရပါမည်နည်း ?

လောကသား အများ၏ အကျိုး တရား များရာ များ ကြောင်း အလုပ်ကောင်း ကိစ္စမှန်တို့ကို အားသွန် ခွန်စိုက် ဆောင်ရွက် လုပ်ကိုင်၍ ပေးရလျှင် မသင့်လျော် ပေဘူး လား ဘုရား-

စသည်ဖြင့် လျှောက်ထားလေသော်-

အေး....သင့်မြတ်လှ ပေသည်။

ကိုယ်ကျိုး ပြီးမြောက်၍ ပြည့်စုံခဲ့သော် သူတပါး(ဝါ) လောကသားတို့ အားလုံးရဲ့ အကျိုးစီးပွား မြားမြောင်မှုကို သာ ရှေ့ရှုဆောင်ရွက်ရန် ကျန်ရှိလေတော့သည်။

ဟူ၍ ဗုဒ္ဓက မိန့်မြွက်ခဲ့လေပြီ။

ဤသို့သော ဗုဒ္ဓ၏ အမိန့်အားလျော်စွာ ရှင် ဒဗ္ဗသည် သေနာသနပညာပက ကျောင်းနှင့် အိပ်ရာနေရာ ညွှန်ကြား ရေးဟူသော ပရဟိတ လုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင် လေပြီ။

ဤလုပ်ငန်းကား-သေးငယ် လွယ်ကူသော ကိစ္စမဟုတ် ချေ။

မှန်လှ၏။ဗုဒ္ဓ၏လက်ထက်၌ ဗုဒ္ဓဝါဒကိုကျင့်ဝင် ဒါယကာ ဒါယိကာမအများတို့သည် သာဝတ္ထိ၊ ရာဇဂြိုဟ် စသောမြို့ကြီး ပြကြီးများနှင့်တကွ အခြားအခြားသော မြို့ပြကျေးရွာတို့၏ အနီးအနား တခိုတွင် ရဟန်းတော်များ သီတင်းသုံး နေထိုင်ရန် အတွက် လေးတိုင်စင်ကျောင်း ကလေး များစွာတို့ကို ဆောက်လုပ် လှူဒါန်း၍ ထားလေ့ရှိကြကုန်၏။

ဒဗ္ဗ၏ လုပ်ငန်းကား-ထိုသို့သော ကျောင်းငယ်များကို အမြဲမပြတ် တံမြက်စီး လှဲခပ်၍ သန့်သန့်ရှင်းရှင်းထားရန် ဖြစ်တဲ့အပြင် ၎င်းတို့တွင် သောက်ရေ၊ သုံးရေ အပြည့်အစုံ စီမံထားရန်လည်း ဖြစ်လေသည်။

ထိုမှတပါးလည်း အားလပ်နေသောကျောင်းနှင့် လူနေမပြတ်သော ကျောင်းတို့၏ စာရင်းကိုပါ အတိအကျ ကိုင်တွယ်၍ ထားရလေသည်။

ဘုရားရှင်ကို ဖူးမျှော်ကန်တော့ရန်၎င်း၊ (သို့မဟုတ်) တရားအားထုတ်ရန်၎င်း ကြွရောက်လာသမျှသော အာဂန္တု၊ ဧည့်သည်ရဟန်းတော်များကို နေရာချထားရန်(၀၁)အခြား လိုအပ်သော အကူအညီများကိုပေးရန် အလုပ်ကို ရှင်ဒဗ္ဗသည် ထမ်းရွက်ရလေသည်။

ဧည့်သည် ရဟန်းတော်များသည် အချိန်အခါမရွေး စာမပေး ကြေးနန်းမရိုက်ဘဲ ဆိုက်ရောက်၍ လာတတ်ကြကုန်ရာ ရှင်ဒဗ္ဗမှုကား အချိန်ကာလမရွေးဘဲ အမြဲတမ်း အသင့်ရှိနေမြဲ ဖြစ်သည်။

အဆင့်အတန်းအားဖြင့်၎င်း၊ သဘာဝအားဖြင့်၎င်း တူညီသော ရဟန်းတော်များကို နီးနီးစပ်စပ်ကပ်လျက် ထားလေ့ရှိသည်။

ဆိပ်ငြိမ်မှု (ဝါ)ဝိဝေကကို လိုလားနှစ်သက်သော ရဟန်းတော်ကို ၎င်းတို့ရဲ့ဆန္ဒပြည့်ဝစေရန် ဂိဇ္ဈကုဋ်တောင် ဝေဘာရတောင်စသည်တို့၌ တည်ရှိသော သခ်မ်းကျောင်းများသို့ ရောက်အောင် ပို့ဆောင်၍ ပေးရလေသည်။

ရောက်လာတိုင်းသော ရဟန်းတော်များနေရာ ထိုင်ခင်းအတွက် စိတ်အနှောင့်အယှက် ကင်းစင်၍ အာဂန္တုပုဂ္ဂိုလ်တိုင်း ကြည်ရွှင်မှု တခုကိုသာလျှင် အရှင်ဒဗ္ဗမထေရ် အာရုံပြုလေ့ရှိသည်၊ သူ၏စိတ်၌ မည်သည့်အခါ မည်သည့် အကြောင်းကြောင့်မျှ မည်သို့သောခိုးလိုးခုလုမျိုး စိုးစဉ်းပင် ပေါ်ပေါက်ရိုး မရှိခဲ့ချေ။

အချိန်မရွေး အခါမလပ် သူ၏စိတ်ဓါတ်ကို ပီတိစိုလွှမ်းပတ်လျက်ရှိသည်။ဝေးသည်နီးသည်ကို၎င်း၊ ပူသည့်အေးသည်ကို၎င်း၊ လင်းသည် မှောင်သည်ကို၎င်း၊ နောက်ကျသည် စောသည်ကို၎င်း ဥပေက္ခာပြုလျစ်လျူရှုပြီးလျှင် အာဂန္တုရဟန်းတော်များ၏ အလိုဆန္ဒကိုသာ ပြည့်ဝအောင် ဖြည့်တင်း၍ ပေးခြင်းကား ရှင်ဒဗ္ဗ၏ တခုတည်းသော လုပ်ငန်းဖြစ်ချေသည်။

၎င်သို့အားဖြင့် အရပ်ဒေသအမျိုးမျိုးမှ ကြွရောက်လာကြကုန်၍ အလိုဆန္ဒ မညီမျှကြကုန်သော အာဂန္တုသြော့သည်တို့ကို ၎င်းတို့ရဲ့စိတ်တိုင်းကျ(ဝါ)အလိုကျဖြစ်အောင် စီမံ

ခန့်ခွဲ၍ ပေးရမှုကား-သေးနုတ်သော လုပ်ငန်းမဟုတ်ပါပေ၊ သူမတူတန်သော လုံ့လဝီရိယ ဇွဲနှင့်၎င်း၊ မနည်းသော ခန္တီ ဆိုတဲ့ သည်းခံစိတ်နှင့်၎င်း၊ မိမိအလုပ်၏ တန်ဘိုးနှင့်အကျိုး သွားကို မမှိတ်မသုံသော ယုံကြည်ချက်နှင့်၎င်း ပြည့်ဝသော အာဇာနီတို့သာ ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်ချေသည်။

ထိုကြောင့်ပင် အာသဝတရားတွေကလဲကုန်၊ ကျင့်ကြံလုပ် ကိုင်စရာ ကိစ္စဟူသမျှတို့လဲ ပြည့်စုံ၍နေသော ရှင်ဒဗ္ဗမထေရ် သည် သံဃဝေယျာဝစ္စဟုဆိုအပ်တဲ့ ပရဟိတသူကျိုးပြု လုပ် ငန်းကိုသာ သက်တမ်းဆုံးအောင် ပန်းကုံးကဲ့သို့ အမြဲတစေ ရွှင်ရွှင်လန်းလန်း ဆင်မြန်း၍ သွားလေတော့သတည်း။

၎င်းသို့သော ကျင့်စခန်းနှင့် လုပ်ငန်းစဉ်ကို သိမြင်သော ဘုရားရှင်သည်-

> တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ
> သေနာသနပညာပကာနံ
> ယဒိဒံ ဒဗ္ဗော မလ္လပုတ္တော။

ဟူ၍ ပရိသတ်လေးပါး၏အလယ်၌ ပရဟိတ တေဒဂ် ဘွဲ့ထူး ဂုဏ်ထူးဖြင့် ရှင်ဒဗ္ဗအား ချီးကျူးသမျှ ထောပနာ ပြုခဲ့လေပြီ။

ရဟန်းတို့—

သံဃာအများ သက်သာ ချောင်ချိရေးကို ဦးစားပေး၍ ကျောင်းသခ်မ်း၊ အိပ်ရာ၊ နေရာ ပြင်ဆင် ညွှန်ကြားခြင်းဆိုတဲ့ သူကျိုးဆောင် လုပ်ငန်းကို ကြိုးပမ်း ဆောင်ရွက်သူ ငါ၏

တပည့် သာဝကတို့တွင် မလ္လာမင်း၏သားဖြစ်သော ဒဗ္ဗသည် အမြင့်မြတ်ဆုံး ပေတည်းဟူ၍ ပြန်တမ်းထုတ်ပြီးလျှင် အရှင်ဒဗ္ဗမထေရ်အား ပရဟိတ ဧတဒဂ်ဘွဲ့ကို ပေးခဲ့လေပြီ။

---

# ကိုယ်ဝန်ဆောင်မိန်းမကို ကယ်တင်ခြင်း

ရာဇဂြိုဟ် မြို့သူမ တယောက်သည် မိ, ဖ နှစ်ပါးတို့က လက်ထပ် ပေးစားလိုက်သော လင်ယောကျ်ားနှင့် ချစ်ခင်ကြင်နာစွာ ပေါင်းသင်းနေထိုင်စဉ်တွင် မမျှော်လင့်ဘဲ ကံဆိုးမိုးမှောင်ကျချင်တော့ သူငယ်မ၏ ချစ်ခင်လှစွာသော လင်ယောကျ်ား ဘဝတပါးသို့ ကူးပြောင်း၍ သွားရှာလေပြီ။

ထိုအခါ ကံဆိုးလှသော သူငယ်မသည် ခိုကိုးရာမဲ့ အားထားရာမဲ့အခြေသို့ ဆိုက်ရောက်သဖြင့် ရှင်ဒေဝဒတ်ဂိုဏ်းဝင် ဘိက္ခုနီမ ကျောင်းတိုက်သို့ ချဉ်းကပ်၍ လူဝန်ကို ပယ်ချရှောင်ပြီးလျှင် ရဟန်းဘောင်သို့ ဝင်လိုက်လေပြီ။

လူ့ဘောင်လောက လူ့ဘဝ၌ လူ့လမ်းစဉ်ဖြင့် ထိုဘိက္ခုနီမကလေးမှာ ကပ်ငြိရရှိလာခဲ့သော လူမျိုးစေ့ ကလေးသည် တနေ့ထက်တနေ့ တလထက်တလ တိုး၍တိုး၍ ရင့်ကျက်လာလေပြီ။

ဤသို့အားဖြင့် ဖုံးအုပ်၍ မလုံနိုင်လောက်အောင် သန္ဓေရင့်ကျက်၍ လာသောအခါ ထိုဂိုဏ်း၏ ခေါင်းဆောင် ရှင်ဒေဝဒတ်ဆရာက ၎င်းသူငယ်မကို ကရုဏာကင်းမဲ့စွာ သူ၏ ဘိက္ခုနီလောကမှ နှင်၍ထုတ်လိုက်လေပြီ။

ထိုအခါ မိ, ဖ, မောင်, ဘွား နှင့် လင်သား ဟူသော ခိုကိုး အားထားစရာ ဘာတခုမျှ မမြင်ရှာသော ကိုယ်ဝန်အရင့်အမာနှင့် ခေါင်းတုံးမကလေးသည် အားထား မှီခိုရာ တွေ့လိုတွေ့ငြား စိတ်သောက ဗျာများလျက် ဟိုထွက် ဒီဝင် အစီအစဉ်မရှိဘဲ ခြေဦးတည့်ရာသို့ လှည့်ကာပတ်ကာ သွားလာ၍ နေရှာလေပြီ။

တနေ့သော် ဗုဒ္ဓဂိုဏ်းဝင် သီလရှင်များ သီတင်းသုံး နေထိုင်ရာဖြစ်သော ဘိက္ခုနီအရာမ်သို့ ရောက်၍ သွားခဲ့လေပြီ၊ ထိုအခါ ဗုဒ္ဓဂိုဏ်းဝင် ဘိက္ခုနီတို့သည် ကိုယ်ဝန် အရင့်အမာနှင့် ဘိက္ခုနီမကို ဘုရားရှင်၏ ရှေ့မှောက်သို့အရောက် ပို့ဆောင်ကြလေပြီ။

ဗုဒ္ဓသည် အဖြစ်အပျက်နှင့် အခြေအနေအမှန်ကို ပိုင်းခြားဝေဘန်သိရှိရန် လွန်စွာအရေးကြီးရကား–ဤသို့သော ကိစ္စတို့၌ ကျွမ်းကျင်လိမ္မာကြကုန်သော ဝိသာခါစသော ဗုဒ္ဓ၏ ဥပါသိကာမကြီးများကို ခေါ်ယူ၍ ထိုဘိက္ခုနီမကလေး၏ အရေးကို စစ်ဆေးစေခဲ့လေပြီ။

ယင်းသို့ စုံစမ်းစစ်ဆေးခြင်းကြောင့် လူဝတ်ကြောင်နှင့် လူ့ဘောင်မှာ နေစဉ်က ရရှိခဲ့သော ပဋိသန္ဓေ(ဝါ)ကိုယ်ဝန် ဖြစ်ကြောင်း ပေါ်လွင်ထင်ရှား လာလေ၏၊ ထိုအခါ ဗုဒ္ဓ

သည် ဘိက္ခုနီမတို့၏ အရာမ်တွင်း၌ ထိုသူငယ်မ၏ မီးဖွား ခြင်းကိစ္စကို ခွင့်ပြုတော်မူခဲ့လေပြီ။

ထိုကလေးငယ်ကို ကောသလတိုင်းကြီးရဲ့အရှင် ဘုရင် ပသေနဒီကောသလက ကောက်ယူကျွေး၍ မွေးစား ခဲ့လေ သည်၊ ထိုသူငယ်သည် အရွယ်ရောက်သော အခါ ဗုဒ္ဓ၏ ပရဟိတ သာသနာ့ဝန်ထမ်း ရဟန်း အဖြစ်သို့ ရောက်၍ ရှင်ကုမာရကဿပ ဟူသောနာမဖြင့် သာသနာ့ဝင်၌ ထင် ရှားခဲ့လေပြီ။

ထိုမျှမက ဗုဒ္ဓ၏ ဟောထုံးဖြစ်သော ဓမ္မကထာ တို့ကို ဆန်းဆန်းကြယ်ကြယ် နာယူချင့်စဖွယ် ဖြစ်အောင် စိကာ ပတ်ကုံး သုံးနှုန်းဟောပြောရာ၌ တေဒဂ်ဘွဲ့ထူးကိုပင် ဆွတ် ခူး နိုင်ခဲ့ လေသတည်း။

---

# ဗုဒ္ဓကိုယ်တိုင် မိဖမဲ့ကလေးများကို ကယ်တင်ခြင်း

တရံသော် သာဝတ္ထိမြို့အတွင်းမှာ အမျိုးအမည် အရည် အချင်းအားဖြင့် မထင်ရှားသော အိမ်ထောင်ရှင် လင်နှင့် မယားတို့မှာ သားငယ်တယောက် ကျန်ရစ်ခဲ့သည်။

ထိုကလေး၏ အရွယ်ကား— ဥစ္စာနသေယျ၊ (၀ါ) ပက် လက်သာ နေတတ်တဲ့ အရွယ် (၀ါ) မထိုင်နိုင် သေးသော အရွယ်ဖြစ်သည်။

သို့စဉ်တမျှ နုနယ်သေးငယ်လှသော ကလေးကို မြေဘုတ် အီလူးစသည် ဖမ်းစားမှုကို စိုးရိမ်ကြသော(ဝါ)ထိတ်လန့်ကြသော ဆွေမျိုးညာတကာတို့သည် ဗုဒ္ဓ ခြေတော်ရင်းသို့ ယူဆောင်လာကြကုန်ပြီးလျှင်—

အို—အရှင်မြတ်ဘုရား....

ဤကလေးကို အရှင်မြတ်အား ပေးကြပါကုန်၏။

အို—လူသား၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား—

ဤသူငယ်၏ အားထား မှီခိုရာ ဖြစ်တော်မူပါလော့-ဟု လျှောက်ကာ ကလေးငယ်ကို လှူ၍ ထားခဲ့ကြကုန်၏။

ထိုအခါ ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်သူ သတ္တဝါတို့၏ အားထား မှီခိုရာ ဖြစ်သော ဘုရားရှင်သည် ပဒုမ္မာကြာချပ်ကဲ့သို့ နူးညံ့သိမ်မွေ့သော လက်တော်ဖြင့် ပွေ့ယူ အလှူခံ၍ ကြွသွားခဲ့လေပြီ။

ထိုနေ့ ထိုအချိန်မှစ၍ ဤကပ္ပါလောက အတွင်း၌ မည်သည့် သက်ရှိသတ္တဝါကိုမျှ ယုယုယယ မပြုမစုခဲ့ဘူးသော (ဝါ)ရင်သွေးတော်သားကလေး ရာဟုလာကိုသော်မှ မပွေ့မချီဘူးခဲ့သည့် လက်တော်ဖြင့် ပြုစုယုယခြင်းကို ခံရသော ထိုကလေးငယ်သည် ဘေးအမျိုးမျိုး ရန်ဆိုး အသွယ်သွယ် အန္တရာယ်အဝဝတို့မှ ကင်းလွတ်ပြီးလျှင် ချမ်းချမ်းသာသာ ဘုရားရှင်၏ လက်ထဲမှာပင် ကြီးထွားခြင်းသို့ ရောက်ခဲ့လေပြီ။

ထိုကလေးကား–ဘုရားရှင်နှင့် တခဏချင်းမျှ ကွေကွင်း ကင်းကွာ၍ မနေနိုင်ချေ။ ဘုရားရှင်ကို မမြင်ရလျှင် မရှင်ပြ ဘဲ တကျကျနှင့် ငိုပွဲဆင်လေ့ရှိသည်။

ထိုသူငယ်သည် ဘုရားရှင်၏ လက်တွင်း၌သာ ကြီးပြင်း၍ လာခဲ့ရသည် မဟုတ်ပါလော။

ဤကပ္ပိလောကအတွင်း၌ ဘုရားရှင်သာလျှင် ထိုသူငယ် ၏ အားထားမှီခိုရာ လည်းလျောင်း ပုန်းအောင်းရာ ဖြစ်ခဲ့ သည် မဟုတ်ပါလော။

သို့နှင့် တဖြည်းဖြည်းခြင်း ကြီးပြင်းလာခဲ့ရာ ၇–နှစ်သား အရွယ်တွင် ရှင်ရဟန်း အဖြစ်ကို ရရှိခဲ့လေသည်။

ထိုအခါ ဘုရားရှင်သည်–

ယော ဟိ ပဿတိ သဒ္ဓမ္မံ၊
သော မံ ပဿတိ ပဏ္ဍိတော။
အပဿမာနော သဒ္ဓမ္မံ၊
မံ ပဿံပိ န ပဿတိ။

**ငှင်းမြန်မာပြန်**

အမှန်တရား– ကျင့်သွားလူရှင်၊
ငါ့ကိုစေ့စေ့– မြင်တွေ့နေ့စဉ်။
တရားကိုမေ့– ကျင့်လေ့မယှဉ်၊
ငါနှင့်ဝေး– ရေးရေး သူမမြင်။

ဟူသော တဂါထာဖြင့် ထိုသူငယ်အား ဆုံးမသွန်သင်ခဲ့ လေပြီ။

ထိုနောက် ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ ဖြစ်ပျက် သဘောကို အမြဲဆာ၀စဉ် သွန်သင် ဟောပြတော်မူခြင်းကြောင့် ကိလေသာ အားသဝေါ ကွာလျော့ကုန်စင် မဂ်ဝင်ဖိုလ်ပေါက် အရဟတ္တဖိုလ်သို့ မကြာခင် ဆိုက်ရောက်ခဲ့လေပြီ၊

ဥင်းကား- ဘုရားကို ကြည်ညိုတဲ့ အရာတွင် အမြင့်ဆုံး အမြတ်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်း ခံရတဲ့ အရှင် ဝက္ကလိ မထေရ်ပင် ဖြစ်ခဲ့လေသတည်း။

---

# ဘုရင့်သမားတော်ကြီး ဇီဝက

ဇီဝကကား— မိဘမဲ့ ခိုကိုးရာမဲ့ လောက အတွင်းမှ ပေါ်ထွန်း ထွက်ပြူ၍လာသော မီးရှူးတိုင်ကြီး တခုဖြစ်ခဲ့ပြီ။

သူသည် မဂဓတိုင်း၏ မြို့တော်ဖြစ်သော ရာဇဂြိုဟ်၌ အလွန်ထင်ရှား ကျော်ကြား၍ နာမည် ကြီးထွားလှသော ပြည့်တန်ဆာမ သာလာဝတီ၏ သားဖြစ်သည်၊

အမေဖြစ်သူက ပြည့်တန်ဆာမဆိုတော့ အဖေဟာ မည်သူမည်ဝါ ဖြစ်သည်ဟူ၍ လက်ညှိုးထိုး၍ ပြစရာ မရှိဘူးပေါ့၊ ပြည့်တန်ဆာမတို့ရဲ့ ဓမ္မတာမှာ သွီးမိန်းမကလေးကိုသာ မြတ်နိုးလေ့ရှိသည်။

အချိန်တန်အရွယ်ရောက်၍ လူလားမြောက်လာတဲ့ အခါမှာ သမီးမိန်းမသာလျှင် အမိ၏ဟမ်းစဉ်တွင် အစဉ်သဖြင့် အသုံးကျသောကြောင့် ဖြစ်သည်။

ထိုမှတပါး သားငယ်ယောကျ်ားကလေးများ မွေးဖွား လာခဲ့လျှင် ချက်ခြင်းပင် ဖျောက်ဖျက်၍ ပစ်မြဲဓမ္မတာ ဖြစ်ခဲ့ သည်။

ထို့ကြောင့် သာလာဝတီသည် သားယောကျ်ားကလေး မွေးဖွားလျှင် မွေးဖွားခြင်း ၎င်းကို လမ်းဘေးရှိ အမှိုက်ပုံသို့ သွားရောက် ပစ်ထားစေခဲ့သေပြီ။

ကံအားလျော်စွာ ထိုနေ့နံနက်ခင်းမှာပင် အဘယ မင်း သားသည် နန်းတော်တွင်းသို့ အခစားဝင်ရန် ထိုလမ်းဖြင့် လာလေရာ ကျီးတသောသောနှင့် နေသော စွန့်ပစ်ထားတဲ့ ကလေးငယ်ကို တွေ့မြင်လေပြီ။

ချက်ခြင်းပင် မင်းစေတယောက်အား ၎င်းကလေးကို ကောက်ယူစေပြီးလျှင် မိမိ၏ နန်းတော်သို့ အပို့ခိုင်းလိုက် လေသည်။

ယင်းသို့ အဘယမင်းသား ကောက်ယူကျွေး၍ မွေးစား အပ်သော ဇီဝကသည် အချိန်သင့်၍ အခွင့်သာတဲ့အခါမှာ ထိုခေတ် ကာလ၌ ပညာမျိုးစုံ သင်ယူရာ ဌာန ဖြစ်သော တက္ကသီလ (ဝါ) တက္ကသိုလ် မြို့ဘော်သို့ သွားရောက်၍ ဒိသာ ပါမောက္ခဆရာကြီးထံတွင် (၇) နှစ်တိုင်တိုင် နည်း ခံ၍ ပညာရင်နို့ သောက်စို့ ခဲ့လေပြီ။

ပညာအစုံ တတ်မြောက်ပြီး၍ ရာဇဂြိုဟ်မြို့တော်သို့ပြန်လည် ဆိုက်ရောက် လာသောအခါ မဂဓတိုင်းကြီး၏ အရှင်ပိမ္ဗိသာ ရ၏ ဘုရင် သမားတော်ကြီး အဖြစ် ချီးမြှင့်ခြင်းကို ခံယူရ လေပြီ။

ထို့ပြင် နိုင်ငံတော် တဝှမ်းလုံး၌ရှိသော ဝေဒနာရှင် အမျိုး မျိုးတို့၏ ရောဂါဝေဒနာတို့ကိုလဲ ပျောက်ကင်းအောင် သက် သာအောင် ကုသ၍ ပေးလေသည်။

ဗိမ္ဗိသာရ ဘုရင်မင်းကြီး နတ်ရွာလားပြီး သည်၏ နောက်ပိုင်း၌လည်း ၎င်း၏ ထီးမွေနန်းမွေကို ဆက်ခံသော အဇာတသတ်ဘုရင်၏ အထံတွင် ဆက်လက်၍ အမှုတော်ကို ထမ်းရွက်ခဲ့လေပြီ။

အမှိုက်ပုံထဲမှ ကောက်ယူ၍ မွေးခဲ့တဲ့ ဇီဝကသည် ဘုရင့် သမားတော်ကြီး အဖြစ်သို့ တိုင်အောင် ပြောင်ပြောင် မြောက် မြောက်တိုးဘက်ရောက်ရှိခဲ့သည်။ ကမ္ဘာ့ဂါမိမွဲနှင့် ခိုကိုးရာမဲ့တို့၏ ကြက်သရေဆောင် တယောက် ဖြစ်ခဲ့သည်။

အမျိုးမျိုးသော ရောဂါဆိုး အနာဆိုး တို့၏ နှိပ်စက် ဒဏ်ကို အပြင်းအထန် ခံစားနေရတဲ့ ကမ္ဘာ့လူသားထု တရပ်လုံး၏ အားထား မှီခိုရာလည်း ဖြစ်ခဲ့သည်။

အဘယ မင်းသား၏ ပရဟိတ စိတ်ဓါတ်နှင့် ပရဟိတ လုပ်ငန်းကြောင့် အမှိုက်တောထဲမှ ဇီဝကလို ကျောက်မျက် ရွဲရတနာ ပေါ်ထွက်လာခဲ့လေသည်။ ထို့ကြောင့် အဘယ မင်းသား၏ ကယ်တင်ရေး နမူနာကို အတုယူ၍ လိုက်နာ ကျင့်သုံးရန် လိုအပ်လှ ပေသတည်း။

# အနာထပိဏ္ဍိက

# (၀၁) အနာထပိဏ်

**မှတ်ချက်။** အနာထ-မိ၊ ဖမဲ့ ခိုကိုးရာမဲ့သူ၊ (ဝါ) ဆင်းရဲသူ။ ပိဏ္ဍိက-အစားအစာ ကျွေးမွေး ထောက်ပံ့သူ။ နှစ်ပုဒ်ပေါင်းလိုက်လျှင် မိမဲ့ ဖမဲ့ ခိုကိုး ရာမဲ့တို့ကို ကယ်ဘင်သူဟူသော အနက်အဓိပ္ပါယ် ကို ရရှိသည်။

သုဒတ္တ-ကား- ကောသလတိုင်း၏ မြို့တော်ဖြစ်တဲ့ သာဝတ္ထိမြို့နေ ပစ္စည်းဥစ္စာ အဆမတန် ကြွယ်ဝသော သူဌေး တယောက် ဖြစ်ခဲ့ပြီ။

သို့ရာတွင် သူသည် မိ-ဖ-မဲ့နှင့် ခိုကိုးရာမဲ့တို့ကို အစာ နေရာ ကျွေးမွေးပေးကမ်းလေ့ရှိခြင်း၊ အငတ်နှင့် အမွဲတို့၏ မိတ်ဆွေအစစ် အမြဲတမ်း ဖြစ်ခြင်းဟူသော ပရဟိတ လုပ်ငန်းတို့ကြောင့် ဗုဒ္ဓသာသနာဝင်နှင့် ဣန္ဒိယ ရာဇဝင်တို့၌ အနာထပိဏ်ဟူသော နာမည်ဖြင့် ထင်ရှားခဲ့လေပြီ။

တရံသော် သူသည် တစုံတရာသော ပွဲလုပ်ဆောင်ရွက်ဖွယ် ကိစ္စကြောင့် မဂဓတိုင်း၏ မြို့တော် ရာဇဂြိုဟ်သို့ ရောက်ခဲ့လေပြီ။

သူ၏ မိတ်ဆွေဖြစ်သော ရာဇဂြိုဟ် သူဌေးတဦး၏ အကူအညီဖြင့် သူသည် ပွင့်သစ်စဖြစ်သော ဗုဒ္ဓကို တွေ့ကြုံ ရရှိခဲ့လေပြီ။

သူသည် ဗုဒ္ဓ ဟူသော အသံကို ကြားလျှင် ကြားခြင်း အောင့်အည်း စောင့်ဆိုင်း၍ မနေနိုင်တော့ဘဲ ညတွင်းချင်းပင် ဗုဒ္ဓ သီတင်းသုံးတော်မူရာ ရာဇဂြိုဟ် မြို့အနီးရှိ ဝေဠု ဝန် ကျောင်းတော်သာသို့ လျင်မြန်စွာ အရောက်သွားခဲ့လေပြီ။

ဘုရားရှင်သည်လည်း အနာထပိဏ်၏ နူးညံ့ပျော့ပျောင်း ၍ ကြည်လင်သန့်ရှင်းသော အတွင်းနိကပ် ဟဒယ စိတ်ဓါတ် ကို အကဲခတ်မိတော်မူသဖြင့် သိမ်မွေ့နူးညံ့ သင်းပျံ့ချိုမြိန် သော တရားစကားတို့ကို ဟောကြားတော်မူလေပြီ။

အို-သုဒတ္တ-

ဤကပ္ပါလောကကြီး အတွင်း၌ တည်ငြိမ်ခြင်း ကင်းသော အမြဲတစေ လှုပ်ရှား၍ အလုပ်များ နေသော သဘော တရားရှိ၏။

၎င်းသည် ဆင်းရဲဒုက္ခ၏ အခြေခံအကြောင်းရင်း ဖြစ် သည်ဟူ၍ ငါဘုရား ဟောတော်မူသည်၊ စိတ်၏ တည်ငြိမ်မှု ရရှိအောင် ကြိုးပမ်းလော့။

ထိုတည်ငြိမ်မှုသည် အမြုတေဓါတ် လွှမ်းပတ်တည်ရှိ သော သန္တိ-ဓမ္မ၌ အမြဲတစေ တည်ရှိ၍ နေသည်။

အတ္တ ကား- အနှစ်သာရ ကင်းသော ဂုဏ်တို့၏ အစုံ အပုံမျှသာ ဖြစ်သည်။ ထို အတ္တ၏ နယ်ပယ်ကား- ရေမြှုတ် ရေပွက်ပမာ အနှစ်ဗလာ ဘာမျှမရှိသော အရာဖြစ်သည်။

ဤသို့ စသည်အားဖြင့် ဗုဒ္ဓ၏ ပရဟိတ တရားဘော်ကို နားနှင့်တဝ နာယူလိုက်ရသည်နှင့်တပြိုင်နက် အနာထပိဏ်

သည် အတ္တ—နယ်ကို လွန်မြောက်ပြီးလျှင် အနတ္တနယ်တွင်းသို့ ချင်းနင်းဝင်ရောက်၍ သွားလေပြီ။

ဆိုလိုရင်းကား—သူသည် ကိုယ်ကျိုး ကိုယ်စီးပွားနှင့် ကိုယ့်သား မယား ကိုယ့်အိမ်ကိုယ့်ယာ ကြီးပွားချမ်းသာမှုကိုသာ ရှေးရှုတဲ့အဖြစ်မျိုးကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ခုန်လွှား ကျော်နင်းပြီးလျှင် ပရဟိတ ဆိုတဲ့ သူကျိုးသက်သက်ကိုသာ အားတက်သရော စိတ်ဇောခိုင်ခိုင် မယိမ်းမယိုင်ဘဲ လုပ်ကိုင်ဆောင်ရွက်လေ့ရှိတဲ့ ပရဟိတ ပုဂ္ဂိုလ် အစစ်ဟူသော အဖြစ်မျိုးသို့ ဆိုက်ရောက်၍ သွားလေပြီဟု ဆိုလို၏။

ထိုအခါ သူသည် ဘုရားရှင်အား ဤသို့ လျှောက်သားလေပြီ။

အရှင်မြတ်ဘုရား—

အရှင်သည် ဗုဒ္ဓအစစ် ဧကန်ဖြစ်ကြောင်းကို တပည့်တော် ရိပ်စားမိပါပြီ။ တပည့်တော်၏ အတွင်းစိတ်နှလုံးကို အကုန်လုံး ဖွင့်၍ပြပါတော့မည်။ မည်သို့ ပြုလုပ်ရမည်ဟူ၍ တပည့်တော်အား သတိပေး ဆုံးမတော်မူပါလော့။

တပည့်တော်ဘဝကား—အလုပ်နှင့်လက် အဆက်မပြတ်အောင် ရှုပ်ထွေးလှပါ၏၊ စည်း စိမ် ဥစ္စာ ရ တ နာ တွေ ကို စုဆောင်း ရှာဖွေ ခြင်းဖြင့် အများကြီး တပုံတခေါင်ကြီး ရရှိလာပြီးနောက် အမြဲတစေ ကြောင့်ကြမှုများ၏ ဝိုင်းရံခြင်းကို ခံနေရပါသည်။

ဒါပေမယ်လို့ တပည့်တော်ရဲ့အလုပ်ကို တပည့်တော် ကျေနပ်နှစ်သိမ့်၍နေပါသည်။ မလျော့သော စိတ်ဓါတ်ဖြင့် ထို အလုပ်ကို သဲသဲမဲမဲ ဆောင်ရွက်၍ နေပါသည်၊ တပည့် တော်၏ လုပ်ငန်းတွင် လုပ်သူလုပ်သား အမြောက်အမြား လုပ်ကိုင်လျက် ပါဝင်ကြကုန်၍ သူတို့သည် တပည့်တော်၏ လုပ်ငန်းအောင်မြင်မှုကို အမှီပြု၍ နေကြပါကုန်၏။

ပြီးတော့လဲ–အရှင်မြတ်ဘုရား–

လောက လူ့ဘောင်ကို ခွါရှောင်လာကြသော ရသေ့ ရဟန်းတို့၏ ချမ်းသာသုခကို အရှင်မြတ်၏ တပည့်တော်ကြီး များက ချီးကျူးကြသည်ကိုလဲ တပည့်တော် ကြားရပါသည်။

ထို့ပြင်လဲ–အရှင်မြတ်ကိုယ်တိုင်ပင် တိုင်းကားပြည်ရွာ နှင့် ကြီးမားလှစွာသော မင်း၏စည်းစိမ်များကို စွန့်ပစ် ပြီးနောက် သစ္စာဥာဏ်ပေါက်၍ နိဗ္ဗာန်ရောက် စံနမူနာကို ပြခဲ့သည်ဟူ၍လဲ ပြောဆိုနေကြပါကုန်သည်။

တပည့်တော်သည် မှန်ကန်၍ အများလူထု အကျိုးပြုလုပ် ငန်းကို ကြိုးပမ်းဆောင်ရွက်ရန် ရည်သန်ပါသည်။

ယင်းသို့ဖြစ်ရာ တပည့်တော်သည် အရှင်မြတ်၏လမ်းစဉ် အတိုင်းပင် လုပ်ငန်းရော စည်းစိမ်ပါ အိုးအိမ်ရော သား မယားပါ စွန့်ပစ်၍ တောထွက်ရမည်လော။

ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း အဖြေပေးလိုက် လေ၏။

ဘာသာရေး ဆိုင်ရာ လုပ်ငန်း၏ အဆွင့်အထိပ်ဖြစ်သော သုခချမ်းသာကို အရိယမဂ် သစ်စဉ်အတိုင်း သွားသူမှ နှံသမျှ အလွယ်တကူ ရယူနိုင်သည်။

စည်းစိမ်းဥစ္စာ ရတနာတို့၌ ကပ်ငြိစွဲလန်းသူသည် ထိုသို့ ကပ်ငြိစွဲလမ်းမှုကြောင့် ဥပဒ်မဖြစ်စေရန် စွန့်လွှတ်၍ ပစ်လိုက်ခြင်းက သာလွန်ကောင်းမြတ် ပေလိမ့်မည်။

သို့ရာတွင် စီးပွားဥစ္စာ ရတနာတို့ကို စွဲသန်း ကပ်ငြိခြင်း၊ ကင်းကင်းရှင်းရှင်းနှင့် ပိုင်ဆိုင်၍ တော်တည့်မှန်ကန်စွာ အသုံးချနိုင်သူကား- အခြားလူထုအတွက် အနုဂ္ဂဟဖြစ် ပေလိမ့်မည်။

လူသားကို နစ်မွန်းစေသော အရာကား- ၎င်း၏ဘဝ သော်၎င်း၊ စီးပွါးရေးဥစ္စာသော်၎င်း၊ ဂုဏ်ပါဝါသော်၎င်း မဟုတ်ပါချေ။

အမှန်မှာ ထိုသည့်ဘဝ၌၎င်း၊ စီးပွားရေး ဥစ္စာ၌၎င်း၊ ဂုဏ်ပါဝါ၌၎င်း ကပ်ငြိတွယ်တာ၍ နေသော အစွဲသာလျှင် ဖြစ်ချေသည်။

ထိုသည့်အစွဲဖြင့် ရေသာခိုရန်အလို့ငှါ ဘဝလှေ့ဘောင်ကို ခွါရှောင်၍ တောထွက်လာသော ရသေ့ရဟန်းအတွက် ဘာမျှ အမြတ်ထွက်လိမ့်မည် မဟုတ်ချေ။

အကြောင်းမူကား-အလုပ်လက်မဲ့အဖြစ်ဖြင့် ကုန်ဆုံးရသောဘဝသည် အချည်းအနှီးဖြစ်သည့်အပြင် လုံ့လဝီရိယ ဆိုတဲ့ အားထုတ်မှု ခေါင်းပါးခြင်းသည်လည်း စက်ဆုတ်ရွံ့ မုံး နှလုံးအေးဘွယ်ရာ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အို-သုဒတ္တ-

ငါဘုရား၏ တရားတော်အရဆိုလျှင် လူသားတယောက်သည် အလိုအလျောက်သဘောပေါက်၍ အတွင်းစိတ်ဓါတ်၏ အထန်အပြင်း မခံမငြင်းနိုင်အောင် အတင်းလှုံ့ဆော်ခြင်း မရှိခဲ့လျှင် အိမ်ယာတည်ထောင်တဲ့ လူဘောင်ကို စွန့်ခွါရန် မလိုချေ။

စင်စစ်မှာ-ငါဘုရား၏ တရားတော်အရ မုချလိုအပ်သော အချက်ကား- အတ္တ၏ မာယာကျော့ကွင်းမှ မိမိကိုယ်ကို မိမိ ရှင်းရှင်း လွတ်မြောက်အောင် ကြိုးပမ်းရန်၊ မိမိ၏ ဟဒယစိတ်ဓါတ်ကို အရောင်တလျှပ်လျှပ် ချေးမတက်အောင် ပွတ်တိုက်ရန်၊ အာရုံငါးပါး ကပ်ငြိတွယ်တာမှုကို ဖြတ်တောက်ရန်၊ တိကျမှန်ကန်စွာ နေထိုင် ကျင့်သုံး ရန် တို့ ဖြစ်သတည်း။

လူသားသည် ဤကမ္ဘာ လောကအတွင်း၌ တောင်သူ ယာလုပ်ဓါးမခုတ် အဖြစ်ဖြင့် သော်၎င်း၊ ကုန်သည်ပွဲစား အဖြစ်ဖြင့်သော်၎င်း မင်းခယောကျ်ား အမှုထမ်းသား အဖြစ်ဖြင့်သော်၎င်း နေနိုင်ပါ၏။

(သို့မဟုတ်) လောက လူ့ဘောင်ကို ခွါရှောင်၍ လည်း သွားနိုင်ပါ၏။၎င်းတို့သည် မိမိတို့၏ လက်ရှိ အလုပ်ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်ရန် လိုလေသည်။ ရေတွင် ပေါက်ပွား၍လာသော ကြာရွက်ကလေးကို ရေမစွတ်သကဲ့သို့ နေထိုင် ကျင့်သုံးနိုင်လျှင် လူသားသည် ချမ်းသာမှန် သုခစစ်ကို တထစ်ချ ရရှိနိုင်လေသည်။

# ဗုဒ္ဓ၏ ပရဟိတ တရား

ဘုရားရှင်၏ အမြိုက်တရားကို ကြားနာရသော အနာထပိဏ်သည် လွန်စွာ ရွှင်လန်းဝမ်းမြောက် ပီတိမွှေ့ပေါက်သဖြင့် အောက်ပါအတိုင်း လျှောက်ထားလေပြီ။

အရှင်မြတ်ဘုရား—

တပည့်တော်သည် ကောသလတိုင်း၏ မြို့တော်သာဝတ္ထိမှာ နေထိုင်ပါသည်။ ဆန်ရေစပါး ပေါများ လုံလောက်၍ ငြိမ်းသာယာသော ဒေသဖြစ်ပါသည်။ ထိုပြည်နယ်ကို အုပ်ချုပ်၍ မင်းလုပ်သူကား–ပသေနဒီ အမည်ရှိ၍ အလွန်ထင်ရှား ကျော်ကြားသူ ဖြစ်ပါသည်။

တပည့်တော်သည် ထိုသာဝတ္ထိမြို့တော်၏ အနီး၌ အရှင်မြတ်နှင့်တကွ တပည့်တော်ကြီးများ အတွက် ဝိဟာရခေါ် ကျောင်းများကို ဆောက်လုပ်လှူဒါန်းလိုပါသည်၊ တပည့်တော်အား ငဲ့ညာ ထောက်ထား သနားသောအားဖြင့် ထိုကျောင်းကို ဆောက်လုပ်လှူဒါန်းရန် အခွင့်ပြုတော် မူပါဘုရား။

ဗုဒ္ဓသည် အနာထပိဏ်၏ နှလုံးအိမ်မှာ အညှောင့်တွယ်၍ ပေါ်ထွက်လာသော စကားကို ကြားရသောအခါ သူ၏ဒါနအတွက် ပေါ်နေသော့ချက်ဖြစ်သော အားပေးတန်ကား ပရဟိတ ဒါနဖြစ်ကြောင်းကို သိမြင်တော်မူသဖြင့် သူ၏လျှောက်ထား ခွင့်ပန်ချက်ကို လက်ခံတော်မူပြီးလျှင် အောက်ပါအတိုင်း ဆက်လက်၍ မိန့်မြွက်ပြန်လေပြီ။

ဒါနသည် ပရဟိတ လုပ်ငန်းဖြစ်သည်။ လောကသား အားလုံးတို့သည် ပရဟိတသမားကို ချစ်ခင်ကြကုန်၏၊ မြတ်နိုး ကြကုန်၏၊ ချီးကျူးကြကုန်၏၊ ပရဟိတသမားနှင့် အကျွမ်း တဝင် ခင်မင်ရင်းနှီးရခြင်းကို မင်္ဂလာတရပ်ဟူ၍ မှတ်ယူကြ ကုန်၏။

သူသည် သေဘေးနှင့် ရင်ဆိုင်ရာမှာပင် ငြိမ်းတည်ငြိမ် သောစိတ်ဖြင့် ရှင်လန်းဝမ်းမြောက်နိုင်၏။

အကြောင်းမူကား—သူ့မှာ နောင်တ တဖန် ပူပန်ကြောင့် ကြဖွယ်ရာ တစုံတခုမျှ မရှိသောကြောင့်တည်း။

ထို့ပြင် သူသည် ပရဟိတ ဆိုတဲ့ သူကျိုးပြု လုပ်ငန်းမှ အသီးအပွင့် ကြီးရင့်ထွားကျိုင်းလာမည့် အရေးကို တွေး လျက် မြေသော ပီတိရွှန်ကို အစဉ်မပြတ် ခံယူရရှိ နေပေ လိမ့်မည်။

ဒါနသည် ပရဟိတ သဘော ဖြစ်သည်ကိုရင်း၊ ထိုကြောင့် အစာအာဟာရ ကျွေးမွေး ပေးကမ်းခြင်းဖြင့် ခံယူ စားသုံး သော ပရပုဂ္ဂိုလ်၌—

အာယု (ဝါ) အသက်ရှည်ခြင်း၊
ဝဏ္ဏ (ဝါ) အဆင်းလှခြင်း၊
သုခ (ဝါ) ချမ်းမြေကြည်လင်ခြင်း၊
ဗလ (ဝါ) အင်အားဘုံးခြင်း၊

ဟူသော အကျိုးတရားများ လက်ငင်း ဒိဋ္ဌ ဖြစ်ပွားလာသော အချက်ကိုရင်း နားလည်ရန်ခက်ခဲလှချေ၏။အဝတ်တန်ဆာနှင့် ကျောင်းဝိဟာတို့ကို ပေးလှူရာ၌သည်း ပရသဘော ပေါက်ရန် ခဲခက်လှချေ၏။

ချစ်ခင် ကြင်နာစိတ်နှင့်ယှဉ်၍ ရှိသေစွာ ပြုအပ် သော ပရဟိတ ဒါနသည် လောဘ ဒေါသနှင့် မာန်မာနတရားတို့ကို အရင်းအမြစ်ပါ ပြုတ်အောင် ပြုပစ်နိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံလေသည်။

ပရဟိတ ဒါနရှင်သည် သံသရာဘဝဝဋ်မှ ကျွတ်လွတ်ထွက် မြောက်ရာ လမ်းကို ဖြောင့်ဖြောင့်တန်းတန်း တွေ့ရှိလေပြီ။

သူသည် သစ်ပင်ငယ်ကို စိုက် သူနှင့် တူ၏။ ထိုသစ်ပင်ကြီးပြင်းလာသော အနာဂတ်ကာလ၌ အပွင့်၊ အရွက်၊ အငုံ၊ အကင်း၊ အသီးများကို ရရှိရန်ကား ဆုမတောင်းဘဲ သေချာသော အချက် ဖြစ်ချေသည်။

ပရဟိတ၏ အကျိုးလည်း ထို့အတူပင်၊ အားထားရာမဲ့ပုဂ္ဂိုလ်တို့အား ကူညီအားပေးမှု ကယ်တင်မှုပြုသူ ပရဟိတသမား၏ ဗိတ် ခိုင်ပန်းလည်း လန်းလန်းစွင့်စွင့် ထိုအတူပင် ပွင့်လေတော့ ... တည်း။

# ဇေတဝန် ကျောင်းဆောက်ခြင်း

ဤသို့ ဗုဒ္ဓတရားတော်ကို နာယူပြီးလျှင် သူသည် ရှင်သာရိ ပုတ္တရာကို ပင့်၍ သာဝတ္ထိပြည်သို့ ပြန်သွားလေပြီ။ ရောက်လျှင် ဇေတမင်းသား၏ ဥယျာဉ်ကို အဘိုး များ စွာ ပေး၍ ဝယ်ယူပြီးလျှင် အရှင်သာရိပုတ္တရာ၏ အကြံပေး ညွှန်ပြချက် အားလျော်စွာ ဗုဒ္ဓရဟန်းတော်များ အတွက် ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ဗုဒ္ဓဘုရားရှင် သီတင်းသုံးရန်အတွက် ဂန္ဓကုဋီကို ဆောက်လုပ်လေပြီ။

ထို့အပြင် သာဝတ္ထိမြို့အတွင်း၌လည်း (အနာထာလယ) ခေါ် ခိုကိုးရာမဲ့ဂေဟာများကို ဆောက်လုပ်ပြီးလျှင် အားကိုးမဲ့သူ ဟူသမျှကို စောင့်ရှောက် ကျွေး မွေး ပေးကမ်း၍ ကယ်တင်မှုကို အမြဲတမ်း ပြုလုပ်လေပြီး။

သို့ဖြစ်သောကြောင့် သူ၏ငယ်နာမည် ကွယ်ပျောက်၍ အနာထပိဏ် တို့တဲ့ကြီး နာမည်ဖြင့် ထင်ရှားခဲ့ လေသည်၊

ထိုနာမကား တောင်ပိုင်း၊မြောက်ပိုင်း၊ (ဝါ) ဟိနယာန၊ မဟာယာန ဂိုဏ်းမရွေးဘဲ အားလုံး သော ဗုဒ္ဓဘာသာ ဂိုဏ်း ဂဏဆိုင်ရာ စာပေတို့၌ အမြဲတမ်း မွေးကြိုင်၍ လာခဲ့လေသည်။

သူ၏ ပရဟိတ စေတနာထွားကြိုင်း ခိုင်ခံ့ခြင်း၊ ထူးကဲ မွန်မြတ်ခြင်းတို့ကို အကြောင်းပြု၍ ဗုဒ္ဓကိုယ်တိုင် သူဆောက်လုပ်သော ဇေတဝန်ကျောင်း၌ (၂၄) ဝါတိုင်တိုင် သီတင်းသုံးခဲ့လေပြီ။

**အနာထပိဏ်သည်** ဗုဒ္ဓနှင့် ၎င်း၏ တပည့်တော် ဘိက္ခု ဘိက္ခုနီသံဃာအများတို့အား အမြဲနိစ္စဗဒ် **ထားဝစဉ် ဆည်း** ကပ်၍ လိုအပ်သော ပစ္စည်းလေးပါးတို့ဖြင့် ပေးလှူကူညီ ထောက်ပံ့ရုံမျှမကမူ၍ မိမဲ့၊ ဖမဲ့နှင့် ခိုကိုးရာမဲ့ သူဟူဟူသမျှ တို့ကိုလည်း ကျား၊ မ၊ ဖြူ၊ မည်းမရွေးဘဲ တပြေးတည်း ကူညီ စောင့်ရှောက်ခဲ့လေပြီ။

အနာထပိဏ်ဟူသော နာမပညတ်သည် အမတ (၀၁) အမြုတေဓါတ် ကိမ်းဝပ်ခြင်းကို ခံရလေရာ ဤကပ္ပါလော ကအတွင်း၌ သန်းပေါင်း (၅၀၀) ငါးရာ ကျော်မျှသော ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်းတို့၏ နှုတ်ဖျား၌ အမြဲတစေ ရေပန်းစားလျက် နေခဲ့သပြီ။

ထိုမှတပါးလည်း ဗုဒ္ဓ၏ ခေတ်ဆိုင်ရာ ဇာမ္ဗူဒီပနိုင်ငံ၏ ရှေးရာဇဝင်နှင့် သမိုင်းတို့ကို ပြုစုကြသော ပုဂ္ဂိုလ်တို့သည် လည်း ယင်းအနာထပိဏ်ကို အသိအမှတ်မပြုဘဲ လျစ်လျူ ရှု၍ မထားနိုင်ခဲ့ကြချေ။

အကြောင်းမူကား— သူသည် မိမိ၏အကြံဥာဏ် လုံ့လ ဝီရိယ တို့ဖြင့် ကြိုးပမ်းအားထုတ်၍ ရှာဖွေစုဆောင်းမှုတို့ ကြောင့် ရရှိလာသော စီးပွါးဥစ္စာ ရတနာတို့ကို မိမိတဦး တည်း အတွက်သော်၎င်း၊ သို့မဟုတ် မိမိနှင့်ဆက်စပ်ရာ ကျဉ်းမြောင်း လှစွာသော ညာတကာ- လူသားကလေး အတွက်သော်၎င်း အသုံးပြုခဲ့သည် မဟုတ်ဘဲ မိမဲ့, ဖမဲ့, အိုးမဲ့, အိမ်မဲ့, ဒါးရာမဲ့, ဝတ်ရာမဲ့ သူတို့ကို (၀၁)အတို ရုံးရှုသော် ခိုကိုး အားထားရာမဲ့သူ လူသားအများကို

ကယ်တင်ရေးအတွက် ရက်ရက်စက်စက် အသုံးချခဲ့သူ ဖြစ်သော ကြောင့်တည်း။

သူ၏အိမ်တွင် ဆန်၊ ပြောင်း၊ ပဲ၊ ထောပတ် စသော ချက်ပြုတ်စားသောက်ရန် အာဟာရ အစိမ်းများသာ မကဘဲ ချက်ပြီး၊ ပြုတ်ပြီး၊ ကြော်လှော်ပြီး အစား အာဟာရ များလဲ အခါမလင့် အမြဲမသွေ အဆင်သင့်ရှိလျက် နေချေသည်။

ထိုကြောင့် တစုံတခုသော အလိုဆန္ဒဖြင့် သူ၏အိမ်သို့ ချဉ်းကပ်ဝင်ရောက်လာသူတိုင်းမှာ လက်ချည့်သက်သက် ပြန်လည်၍ သူ့အိမ်မှ ထွက်ခွါသွားရသောအစဉ်အလာ မရှိခဲ့ခြင်းဖြစ်သည်။

သူ၏အိမ်သည် သာယာ၏၊ အိမ်သာသဖြင့်ညှော်လာမစဲ တသသဲ့ဝင်၊ ပရဟိတ စေတနာသည် ညှော်လာ ဂမုံးထက် သတ္တိရှိပါပေသည်။

လူမျိုးမရွေး၊ ကျား-မ မရွေး၊ ကလေးလူကြီးနှင့် အထီးကျန်သူ ဖုန်းတောင်းယာစကာတို့သည် အချိန်အခါမဖင့်ရဘဲ လွယ်လင့်တကူ သူ၏အိမ်ကို ဝင်ထွက် သွားလာ နိုင်ကြလေသည်။

အမှန်ဆိုရလျှင် အနာထပိဏ်၏အိမ်သည် လမ်းဆုံ လမ်းခွ လမ်းလေးမဲ့၌ ဆောက်လုပ်၍ ထားအပ်သော စတုဒိသာ အလှူမဏ္ဍပ်ကြီးနှင့် တူလေသည်။

သူ၏လက်နှစ်ဘက်တို့သည် တောင်းခံခြင်းသဘော ပါဝင်တဲ့ ပက်လက်အမူအရာကို နားမလည်ကြကုန်ဘဲ ပေးကမ်းမှု၊ လှူဒါန်းမှုဟူသော အနက်ကို ဆောင်တဲ့ မှောက်ခုံ

အမှုအရာကိုသာ အလေ့အလာများသဖြင့် ကျွမ်းကျင် နားလည်ဟန် ရှိကြကုန်၏။

ထိုကြောင့် အလှူရေစက် လက်နှင့်မကွာဟူသော အစဉ်အလာစကားသည်လည်း အနာထပိဏ်၏ လုပ်ငန်းကို အမှီအစွဲ သဟဲပြု၍ တာစားလာသော ဝေါဟာရ ဖြစ်ခဲ့ဟန်ရှိလေသည်။

အနာထပိဏ်သည် သူ၏ နာမပညတ်က ညွှန်ပြထားသည့်အားလျော်စွာ အိုးခြေမဲ့ အိမ်ခြေမဲ့နှင့် မှီကိုးရာမဲ့သူ လူ အပေါင်း တို့၏ အားထားရာ၊ မှီခိုပုန်းအောင်း လည်းလျောင်းရာ ဖြစ်ခဲ့လေပြီ။

အဝတ်နှင့် အမွဲကို ကပ္ပါမှ ရိုက်ပုတ်၍ ဆွဲထုတ်သော တိုက်ပွဲ၌ တပ်ဦးစီး ဗိုလ်မှူးကြီး ဖြစ်ခဲ့လေပြီ။ တတ်နိုင်ပါလျှင် ထိုအဝတ်နှင့်အမွဲဟူသော ဘီလူး သဘက်ကြီး နှစ်ကောင် တို့၏ ဘေးမှ ဤကပ္ပါကြီး အမြဲတစေ ကင်းဝေး၍နေအောင် ဖန်တီး၍ ထားခဲ့လိုသည်။

သို့ရာတွင် သူ၏တသက်(ဝါ)သူ၏တဆက်ဖြင့် ဤကိစ္စကို ပြောင်ပြောင် မြောက်မြောက် အဆုံး ရောက် အောင်ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်ခဲ့ရာ သူ့လိုပရဟိတစိတ်ဓါတ်ဖြင့် ထိုတိုက်ပွဲကို ဆက်လက်ဆင်နွှဲမည့် သူလို ပုဂ္ဂိုလ်မျိုးပေါ်ပေါက်ရန် အမြဲတမ်းလိုချေသည်။

ထိုကြောင့် အနာထပိဏ်လို ပရဟိတ သမား အဆက်ပြတ်၍မသွားရအောင် ကြိုးဆောင်ကြိုးကုတ်၍ အားထုတ်ကြကုန်ရာသည်။

# ပရဟိတဘုရင်မကြီး ဝိသာခါ

ဝိသာခါကား— သာဝတ္ထိမြို့နေ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ ချမ်းသာသော ဗုဒ္ဓဘာသာဝင် အမျိုးသမီး တယောက်ဖြစ်သည်။

မြောက်မြား လှစွာသော သားသမီးမြေး မြစ်တို့ဖြင့် ခြံရံလျက် မအိုသေးတဲ့သူပမာ မြားမြောက် လှစွာသော ပရဟိတလုပ်ငန်းတို့ကို လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓခေတ် ဇမ္ဗူဒီပ အမျိုးသမီးအစဉ်၌ အပေါ်လွင် အထင်အရှားဆုံး အမျိုးသမီး တယောက် ဖြစ်ခဲ့သည်။

ပရဟိတ လုပ်ငန်းဆိုင်ရာ၌ သိဒ္ဓိပေါက်၍ အထွင့်အထိပ် ရောက်အောင် ဆောင်ရွက်ခဲ့သူ ဖြစ်ခဲ့ခြင်းကြောင့် သူသည် ပရဟိတ သရဖူကို ဆောင်နိုင်တဲ့ ပရဟိတ ဘုရင်မကြီး တဦး ဖြစ်ခဲ့လေပြီ။

သူသည် ဗုဒ္ဓနှင့်တပည့်တော်ကြီးများ နေထိုင်ရန်အတွက် သာဝတ္ထိမြို့၏ အရှေ့ဘက်၌ ရှိသော ဥယျာဉ်တခုကို ဝယ်ယူ၍ ပုဗ္ဗါရုံကျောင်းကြီးကို ဆောက်လုပ် ခဲ့လေသည်၊ ထိုကြောင့် ကျောင်းအမကြီး ဟူသော ပရဟိတ ဘွဲ့ထူး ဂုဏ်ထူးကို ဆွတ်ခူးခဲ့ပြန်လေသည်။

သို့ဖြစ်ရာ ဗုဒ္ဓ၏တပည့်တို့တွင် ပရဟိတ လုပ်ငန်းဆိုင်ရာ၌ သူတဦးသာလျှင် နံပါတ်အမြင့်ဆုံး ချိတ်နိုင်ခဲ့လေပြီ။ ပရဟိတ သမိုင်းစဉ်၌ ဤမျှထင်ရှား၍ လူသိများသော အမျိုးသမီးကြီးတယောက် အတ္ထုပ္ပတ္တိကို အကျယ်ထပ်ဆင့် ဖွင့်နေရန် လိုတော့မည် မဟုတ်ချေ။

သို့ရာတွင် ပရဟိတ လုပ်ငန်းတို့ကို စွဲလန်းနှစ်သက်လွန်းသဖြင့် ဗုဒ္ဓဘုရားရှင်၏ အထံမှ ဆုရှစ်မျိုး တောင်းယူပုံကို ခေတ်သစ်ပေါက်ဖွား ပရဟိတ အမျိုးသမီးများ အတုယူနိုင်ကြစေရန် အကျဉ်းသရုပ်မျှ ကောက်နုတ် ဖော်ပြခဲ့ရပေမည်။

---

# ဝိသာခါ၏ ပရဟိတ ဆုရှစ်ပါး

တရံသော် ဝိသာခါသည် ဗုဒ္ဓဘုရားရှင်၏ ထံပါးတွင် ရှိသေစွာ ခစားလျက် ဤသို့ လျှောက်ထားပေပြီ။

အရှင်မြတ်ဘုရား—

ရှစ်ခုသော ဆုများကို အရှင်မြတ်၏ထံမှ တောင်းယူလိုပါသည်၊ ကရုဏာ ရှေ့ထား၍ ထိုသည့်ဆု ရှစ်ပါးကို ပေးသနားတော်မူပါ။

ထိုအခါ ဗုဒ္ဓဘုရားရှင်က ဤသို့စကား ပြန်လည်မြွက်ကြားလိုက်လေပြီ။

အို—ဝိသာခါ—

ငါတို့သည် ဆု၏ သဘောသွားကို ထင်ရှားစွာ မသိရဘဲနှင့်ဆုကို ပေးလေ့ပေးထ မရှိကြချေ။

အရှင်မြတ်ဘုရား-

တပည့်တော် တောင်းဆိုသည့် ဆုတို့ကား—သင့်လျော် လျောက်ပတ် ကောင်းမြတ်၍ ကန့်ကွက်ဘွယ် ကင်းသော ဆုများ ဖြစ်ကြပါကုန်၏။

ဒါဖြင့်ရင် သင်တောင်းလိုသော ဆုများကို ထင်ထင် ရှားရှား ထုတ်ဖေါ် လျှောက်ထား ပါဦးလော့။

ဤသို့ ဖွင့်ဆိုလျှောက်ထားရန် အခွင့်ရလေသော် ဝိသာ ခါသည် သူလိုလားသော ဆုရှစ်ပါးကို အောက်ပါအတိုင်း ထုတ်ဖေါ် လျှောက်ထားလေပြီ။

၁။ ။အရှင်မြတ်ဘုရား—

တပည့်တော် အသက်ရှင်နေသမျှ ကာလပတ်လုံး ဘုရား ရှင်၏ တပည့်သံဃာတော် အရှင်မြတ်တို့အား မိုးကာလ အတွက် မိုးရေခံသင်္ကန်းတို့ကို ထာဝစဉ် လှူဒါန်း လိုပါ သည်။

၂။ ။အရှင်မြတ်ဘုရား—

သာဝတ္ထိပြည်သို့ ရောက်လာကြတဲ့ အာဂန္တု (ဧည့်) အဝင်ရဟန်းတော်တို့အား အမြဲနိစ္စဗဒ် ဆွမ်းကပ် လှူဒါန်း လိုပါသည်။

၃။ ။အရှင်မြတ် ဘုရား—

ဤ သာဝတ္ထိမြို့မှတပါး အခြားသော ရပ်ရွာဒေသများသို့ လှည့်လည် ကြွသွားကြမည့်အတွက် ရဟန်း တော် တို့ကို အမြဲနိစ္စဗဒ် ဆွမ်းကပ်လှူဒါန်း လိုပါသည်။

၄။ ။အရှင်မြတ် ဘုရား—

ရောဂါ အနာအမျိုးမျိုး ကပ်ရောက်၍ နေသော ဂိလာန လူမမာ ရဟန်းတော်များကို အာဟာရမပျက် အမြဲတမ်း ဆက်ကပ်ရန် အလိုရှိပါသည်။

၅။ ။အရှင်မြတ် ဘုရား—

မမာမကျန်း ရောဂါ ဝေဒနာ ဖမ်းစားခြင်းကို ခံနေသော ဂိလာနရဟန်းတော်အား စောင့်ရှောက် ပြုစုသော ဂိလာနုပဋ္ဌာက သူနာပြုရဟန်းကို အမြဲနိစ္စဗဒ် ဆွမ်းကပ် လှူဒါန်း လိုပါသည်။

၆။ ။အရှင်မြတ် ဘုရား—

မကျန်းမမာ ရောဂါအနာ ဖိစီးနှိပ်စက်ခြင်းကို ခံနေရသော ဂိလာန (ဝါ) မကျန်းမာသော ရဟန်း များ အား လိုအပ်သော ဆေးဝါးဓါတ်စာကို အမြဲတမ်း လှူဒါန်း လိုပါသည်။

၇။ ။အရှင်မြတ် ဘုရား—

ရဟန်း သံဃာတော်များအား ဂဏာနို့ဆွမ်းကို အမြဲ တမ်း ကပ်လှူခွင့် ရလို့ပါသည်။

၈။ ။အရှင်မြတ် ဘုရား—

ဘိက္ခုနီ သံဃာအဖွဲ့ဝင် ရဟန်း မိန်းမတို့အား ရေသနုပ် သင်္ကန်းကို အမြဲတမ်း လှူဒါန်းလိုပါသည်။ (ဤတွင် ဆုရှစ် ပါးလုံး ကိုယ်ကျိုးမပါ သူတပါးအကျိုး သက်သက်အတွက် မျှသာ တောင်းသည်ကို သတိပြုရာသည်)

သို့ရာတွင် အို—ဝိသာခါ—

မည်သို့သော အကြောင်းကို အခြေခံ၍ ဤရှစ်မျိုးသော ဆုများကို ငါဘုရား၏အထံ သင်ခွင့်ပန် တောင်းဆိုခြင်း ပြုခဲ့လေသနည်း။

ဟူ၍ ဘုရားရှင်က မေးမြန်းလေရာ ဝိသာခါသည် ဤသို့ ပြန်ကြား လျှောက်ထားလေပြီ။

ပဌမ။ ။အရှင်မြတ် ဘုရား—

တနေ့သောအခါ တပည့်တော်၏အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် အချိန်တန်ကြောင်းကို ရဟန်းတော်များအား လျှောက်ထား အကြောင်းကြားရန် အလို့ငှါ အစေခံ သူငယ်မတယောက်ကို ကျောင်းတော်သို့ လွှတ်လိုက်ပါသည်။

သူငယ်မသည် ကျောင်းသို့ ရောက်တဲ့အခါ အဝတ်မပါ ဗလာကိုယ်ထည်း ရေချိုးနေကြသော ရဟန်းတော်များကို တွေ့ရတဲ့အခါ အစေဥ္စက တက္ကတွန်းတွေ ဟု ထင်သဖြင့် မပင့်မခေါ်ခဲ့ဘဲ ပြန်လာ၍ အကြောင်းမျိုးစုံ ပြောကြားပါသည်။

တပည့်တော်သည် ဒုတိယအကြိမ် ထပ်မံ၍ သူငယ်မကို လွှတ်ရပါသည်။

အရှင်မြတ် ဘုရား—

အဝတ်မဆီးကိုယ်ချည်း နေထိုင်မှုသည် မဖွယ် မရာ အမင်္ဂလာဖြစ်တဲ့အပြင် စက်ဆုတ်ဘွယ်လည်း ကောင်းလှပါသည်။

ဤသို့သော အကြောင်းကြောင့် နံပါတ်(၁)ဆုကို တပည့်တော် တောင်းဆိုရခြင်း ဖြစ်ပါသည်။

ဒုတိယ။ ။အရှင်မြတ် ဘုရား—

အဝေးမှ ကြွလာသော အာဂန္တု ရဟန်းတော်များသည် ဆွမ်းခံလမ်းကို ဖြောင့်တန်းစွာ မသိခြင်း၊ ဆွမ်းလောင်းရာ ဌာနများကို မသိခြင်းကြောင့် ခရီးပန်းလာရတဲ့အထဲ ပိုမို၍ပင် ဆင်းရဲကြရပါသည်။

ထိုသည့် အကြောင်းကြောင့် တပည့်တော်၏ ဒုတိယဆုကို တောင်းဆိုရခြင်းဖြစ်ပါသည်။

တတိယ။ ။အရှင်မြတ်ဘုရား—

တတိယဆုကို တောင်းဆိုရခြင်းကတော့ ခရီးဝေးထွက်ခွါသွားရမည့် ရဟန်းတော်မှာ ဆွမ်းခံလှည့်လည် နေရဒါနဲ့ အဖေါ်ရဟန်းများကို မမှီလိုက်ဘဲလဲ ရှိနိုင်ပါသည်။

(သို့မဟုတ်)အချိန်မှန် အခါသင့် ရောက်ရှိရမည့်နေရာ ဌာနများသို့ မရောက်ဘဲလဲ ရှိနိုင်ပါသည်။

ယင်းသို့ ကသီလင်တ ဖြစ်ဘွယ်ရာ အကြောင်းများပင် ဖြစ်ပါကြောင်း။

စတုတ္ထ။ ။အရှင်မြတ်ဘုရား—

စတုတ္ထ-လေးခုမြောက်ဆုကို တောင်းရခြင်းကတော့ ဂိလာန ရဟန်းသည် သင့်လျော်သော အာဟာရကို မမှီဝဲရလျှင် ၎င်း၏ရောဂါဝေဒနာ တိုးပွားလာသဖြင့် သေဘွယ်ရာရှိသောကြောင့် ဖြစ်ပါသည်။

ပဥ္စမ။ ။အရှင်မြတ်ဘုရား—

မမာမကျန်း ဖြစ်နေသော ရဟန်းကို မျက်ခြေ မပြတ် အမြဲတစေ စောင့်ရှောက် ပြုစုနေရသော ဂိလာနုပဋ္ဌာက သူနာပြု ရဟန်းမှာ ဆွမ်းခံကြွသွားရန် အချိန်မရှိသော အကြောင်းကြောင့် ပဥ္စမ-ငါးခု မြောက်ဆုကို တပည့်တော် တောင်းရခြင်း ဖြစ်ပါသည်။

ဆဋ္ဌမ။ ။အရှင်မြတ်ဘုရား—

မကျန်းမာသော ဂိလာန ရဟန်းတော်သည် သင့်လျော်သော ဆေးဝါးဓါတ်စာကို ရရှိနိုင်ပါလျှင် ၎င်း၏ရောဂါဝေဒနာ တိုးပွားလာတတ်သည့်အပြင် သေမင်းနှင့်လဲ ရင်ဆိုင်ရတတ် ပါသောကြောင့် ခြောက်ခုမြောက် ဖြစ်သောဆုကို တပည့်တော် တောင်းဆိုရခြင်း ဖြစ်ပါသည်။

သတ္တမ။ ။အရှင်မြတ်ဘုရား-

ဂဏာ နို့ဆွမ်းသည် စိတ်၏ ကြည်လင် ရွှင်လန်းခြင်းကို ဖြစ်စေတတ်သောကြောင့်၎င်း။

ဆာလောင် မွတ်သိပ်မှုကို လွယ်ကူစွာ ပယ်ဖျောက်တတ်သောကြောင့်၎င်း။

ကျန်းမာသော ပုဂ္ဂိုလ်များအတွက် အားဓါတ် (ဝါ) ဩဇာမင် များသောကြောင့်၎င်း။

ဂိလာနများအတွက် ဆေးဖြစ်သောကြောင့်၎င်း၊

အရှင်မြတ်ကိုယ်တိုင်ကပင် ဤအာဟာရမျိုးကို ချီးကျူးခြင်းကြောင့်၎င်း။

တပည့်တော် အသက်ရှည်သမျှ ကာလပတ်လုံး သံဃာတော် အရှင်မြတ်တို့အား အမြဲတမ်း နို့ဆွမ်း ကပ်လှူခွင့်ကို တောင်းဆိုခြင်း ဖြစ်ပါသည်၊

အဋ္ဌမ။ ။အရှင်မြတ်ဘုရား–

ဘိက္ခုနီ–ရဟန်းမများသည် မြို့တွင်းနေသူ အပျိုဖြူ ပြည့်တန်ဆာမများနှင့်အတူ အစိရဝတီ မြစ်တွင်းမှာ ဗလာကျင်း၍ ရေချိုးလေ့ရှိကြပါသည်။

ထိုအခါ ပြည့်တန်ဆာမ အချို့က–

ကြည့်စမ်း မမတို့–

ဟို–ဘိက္ခုနီမကလေးဟာ ဖြူဖြူဖွေးဖွေး ရေဆေးငါးလို ချောလိုက် လှလိုက်တာ၊ မျက်လုံး မျက်ခုံးကလဲ အချိုးကျပါဘိသနဲ့၊အခုတွေမျိုးစုံတဲ့ လူသားရဲ့ ကာမဂုဏ်တွေကို အာရုံပြေအောင် အရွယ်ကောင်းတုန်းမှာ ခံစားသင့်တဲ့ ကိစ္စပါ၊ လမ်းမလွဲကြပါနှင့် အေတို့–

မြို့ထဲပြန်လိုက်ခဲ့ကြပါ ကာမဂုဏ်ကို ခံစားပြီး နောက် အိုကြီးအိုမှ တောထွက်ရမှာပါ စသည်ဖြင့် ပြောင်လှောင်သရော်ခံကြရသည်ဟု ကြားသိရပါသည်။

ဒို့တော့လဲ အရှင်မြတ်ဘုရား–

မိန်းမသားများအတွက် အဝတ်တန်ဆာကို ချွတ်ခွါထားခြင်းသည် စက်ဆုတ်ဖွယ် ဖြစ်ပါသည်။

ဒါကြောင့် တပည့်တော် အသက်ရှည်သမျှ ကာလပတ်လုံး ဘိက္ခုနီ–ရဟန်းမတို့အား ရေသနုပ်သင်္ကန်း လှူဒါန်းနိုင်ရန် ဆုကို တောင်းဆိုခြင်း ဖြစ်ပါသည်။

ဟုတ်လှပြီ ဝိသာခါ -

ဤရှစ်ပါးသော ဆုများကို ငါဘုရားထံမှ တောင်းဆိုရာတွင် သင်၏အတွက် မည်ကဲ့သို့သော အကျိုးများကို မျှော်ကိုးရည်ရွယ် ခဲ့လေသနည်း။

ထိုအခါ ကျောင်းအမ ဝိသာခါက ဤသို့သော စကားကို ပြန်လည် လျှောက်ကြားလေပြီ။

အရှင်မြတ်ဘုရား—

အရပ်ဒေသ အသီးသီး၌ ဝါကပ်ကြကုန်သော ရဟန်းတော်များတို့သည် သီတင်းကျွတ်သော အခါ ဘုရားရှင်ကို ဖူးမျှော်ရန် သာဝတ္ထိပြည်သို့ ကြွလာကြလိမ့်မည်၊ ဘုရားရှင်၏ထံမှောက်သို့ ရောက်ကြတဲ့အခါ ဤမည် ဤမည်သော ရဟန်းကား ပြန်လွန်တော် မူခဲ့ပါပြီ။

သူ၏လားရာ ဂတိကား—အဘယ်သို့ ပါနည်း။

ဟူ၍ အရှင်မြတ်အား လျှောက်ထား ကြပါလိမ့်မည်။

ထိုအခါ ထိုရဟန်ကား-သောတာပန် ဖြစ်သွားပြီ၊

သကဒါဂါမ် အနာဂါမ် ရဟန္တာစသည် ဖြစ်သွားပြီ။

ဟူ၍ အရှင်မြတ်၏ ဟောပြောသံကို ကြားရပါလိမ့်မည်။

ထိုရဟန်းတော်သည် သာဝတ္ထိသို့ ကြွရောက် ဘူးပါသလော-

ဟူ၍ အာဂန္တုရဟန်းများအား မေးမြန်းလျှောက်ထားတဲ့အခါ ကြွရောက်ဘူးသည်ဆိုလျှင် ဧကန်အားဖြင့် ထိုအရှင်သည်-

တပည့်တော်၏ မိုးရေခံ သင်္ကန်းကိုရင်း၊
အဝင်ရဟန်းနှင့် အထွက်ရဟန်းတို့အတွက် ဆွမ်းကိုရင်း၊
ဂိလာန(သို့မဟုတ်)ဂိလာနုပဋ္ဌာကအတွက် ဆွမ်းကိုရင်း၊
ဆေးဝါးဝါတ်စာနှင့်တကွ ဂဏာနို့ဆွမ်းကိုရင်း
အလှူခံဘူးတဲ့ ပုဂ္ဂိုလ်တပါး ဖြစ်ပေမှာဘဲ။

ဟူ၍ တွေးတောပြီးလျှင် တပည့်တော်၏စိတ်တွင် သဒ္ဓါလှိုင်း ဂရက်တွေထ၍ လာပါလိမ့်မည်။

ထိုအခါ ပီတိရေပန်းတွေ တဖြန်းဖြန်း ရိုက်ပန်း၍ ထွက်ပါလိမ့်မည်။

ယင်းသို့ ပီတိရေပန်း လွှမ်းမိတဲ့ တပည့်တော်၏ စိတ်သည် ငြိမ်း၍ သွားပါလိမ့်မည်။ ယင်းသို့ ငြိမ်းလျှင် ရောင့်ရဲတင်းတိမ်ခြင်းဆိုတဲ့ သုခအစဉ်၌ တပည့်တော်၏ စိတ်ဓါတ် အမြဲတမ်း ကိန်းဝပ်၍ နေပါလိမ့်မည်။

၎င်းသည် တပည့်တော်အတွက် ကုသိုလ် လေ့ကျင့်ခန်းဖြစ်၍ ဗောဇ္ဈင်တရား(၇) ပါးကို လက်တွေ့ ကျင့်သုံးခြင်းလည်း ဖြစ်ပါလိမ့်မည်။

အို–အရှင်မြတ်ဘုရား....

ဤသို့ လျှောက်ထားသော အကျိုးကိုသာလျှင် ရည်သန်မျှော်ကိုး၍ အရှင်မြတ်၏ထံမှ ဤရှစ်ပါးသောဆုတို့ကို တပည့်တော် တောင်းဆိုခဲ့ခြင်း ဖြစ်ပါသည်။ (အလှူခံယူသူများ

ထံက ဘာတခုမှ အတုံ့အပြန် မျှော်လင့်ချက်မထားသည်ကို သတိချပ်ရာသည်။)

သာဓု-သာဓု-ဝိသာခါ

ဟူ၍ ဗုဒ္ဓဘုရားက မိန့်ကြားလိုက်လေသတည်း။

---

# ပရဟိတ ပုဂ္ဂိုလ်များအတွက် သစ္စာလေးချက်

**ပထမ။** ။ ကောင်းကျိုး ဆိုးပြစ်စသော ဒွန်သဘော တရားတို့နှင့် ရင်ဆိုင်ရသောအခါ မြေကြီး၏ ခံနိုင်ရည်မျိုးနှင့် ပြည့်စုံရန် ဆောက်တည်ပါ၏။

**ဒုတိယ။** ။ သူ့ကျိုးပြု လုပ်ငန်းကို ဆောင်ရွက်ရာ၌ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်သော လုံ့လ ဝိရိယနှင့် ပြည့်စုံရန် ဆောက်တည်ပါ၏။

**တတိယ။** ။ သူ့ကျိုးပြု လုပ်ငန်းကို ဆောင်ရွက်ရာ၌ အငွဲ့ အထောက် အကြောက်အချစ် ကင်းရန် ဆောက်တည်ပါ၏။

**စတုတ္ထ။** ။ ခုကျိုး၊ နောင် ကျိုး မမျှော်ကိုးတဲ့ နှောင်ကြိုးမဲ့ သူ့ကျိုးဆောင် ဖြစ်ရန် ဆောက်တည်ပါ၏။

# နိဂုံး

အငတ် အမွဲ၊ တိုက်ပွဲ ဝင်တွေ၊
ပ-ရ-ဟ-တ၊ ဓမ-အပ်ပလေ။
လိုသလို မှုံး၊ သုံးနိုင် ကြစေ၊
လောကလုံး—ရှင်ပြုံး လွှမ်းတော့ မလေ။

---

သခင်မြတ်ဆိုင်

ရေး

# သျှင်ဥက္ကဋ္ဌနှင့်

## ကျောက်ကွင်း-အရေးတော်ပုံ

ပြည်ခရိုင်၊ ဝက်ထီးကန်အနီး၊ ကျောက်ကွင်းရွာသူကြီး ဦးလှောင်

(လင်ဗုဒ္ဓဘာသာ) နှင့် သူကြီးကတော် (မယားခရစ်ယံ)

လွတ်လပ်စွာ ကိုးကွယ်ကြရာက

လင်ဘာသာဘက်သို့ဒါန-မယားဘက်သို့ အလှူ-

ကောင်းကင်ဘုံနှင့်-နိဗ္ဗာန်-

စီးပွါးရေး မဟန်တော့သည့်အဆုံး-

ချစ်သူဇနီးမောင်နှံ-ဘာသာရေး အယူခံဘက် ရန်-

နှစ်ဘက်သော ဘာသာရေး ခေါင်းဆောင် ထိပ်သီးကြီးများ-

ယှဉ်ပြိုင်....သိမ့်သိမ့်တုန်အောင် နာမည်ကြီးခဲ့သည့်-

ဘာသာရေးတိုက်ပွဲအကြောင်း

## သခင်မြတ်ဆိုင်က

## ပြန်လည်ဖေါ်ထုတ်ထားပါသည်။

တအုပ် ၂—ကျပ်၊

ရွှေပြည်တန်စာပုံနှိပ်တိုက်

၁၂-နှင်းပန်းလမ်း၊ ရေကျော်ဈေး ရန်ကုန်မြို့။

တောင်တွင်းကြီး၊ အကျော်

# ဆရာတော်-သျှင်ဥတ္တမ္မ

ရေးသားပြုစုသောစာပေကျမ်းဂန်များစာရင်း၊

၁။ ကပ္ပပြဿနာ။
၂။ ဗိုဓ္ဓ လမ်းစဉ်။
၃။ ဗုဒ္ဓ စာချွန်တော်။
၄။ ဗုဒ္ဓ အဘိဓမ္မာ။
၅။ ကန်ထော့ပန်း။
၆။ ရွှေချိန်ခွင် အမေး-အဖြေ။
၇။ အိုယောဂီ-သင်ဘယ်ကိုသွားမလဲ။
၈။ သမာသမဂ္ဂ။
၉။ မဟာသမဂ္ဂ။
၁၀။ ကမ္ဘာ့အဘိဓမ္မာသမိုင်း။
၁၁။ နတ်မှီရေစမ်းမှ—ရေပန်းကလေးများ။
၁၂။ လူသေလူဖြစ်။
၁၃။ လူသားနှင့်-မြေလွှာ။
၁၄။ ဘဝရေစီး။
၁၅။ နိဗ္ဗာန်ဆိုတာ။
၁၆။ ကြိုက်ရာရွေးလမ်းနှစ်သွယ်။
၁၇။ စိန်တင့်ကြီးဝတ္ထု(ကိုရင်ဘဝက ရေးသောဝတ္ထု)။
၁၈။ ယုဒ္ဓ,အဘိဓမ္မာ တစ်မတော်-မော်ကွန်းတိုက်စာမူ
၁၉။ ဗုဒ္ဓဝိနည်း။
၂၀။ စင်ကြိုင်သာသနာ(မဟာယနနှင့်ဟိနာယန)
(ကျွန်ုပ်တို့ပုံနှိပ်သော-စာအုပ်များသာ ရောင်းရန်ရှိသည်)

မြန်မာ့ဗျူဟာစာပုံနှိပ်တိုက်၊ အမှတ် ၁၂-(စ)နှင်းပန်းလမ်း၊ရန်ကုန်